# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၅)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလကွယ်နေ့ | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၃၇)


# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ




**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပစဉ်။** သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC - II) ၌ ကျင်းပသည်။

အခမ်းအနားသို့ မော်လမြိုင်မြို့ အောက်ပဲခူး ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ ဘဒ္ဒန္တ သီလာစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# ဖက်ဒရယ်အုတ်မြစ်ကို ခိုင်ခိုင်မာမာစိုက်ထူနိုင်အောင် ကြိုးပမ်းသွားမှာ ဖြစ်တဲ့အတွက် ယုံယုံကြည်ကြည်နဲ့ လက်တွဲ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဒီကနေ့ အခမ်းအနားကတော့ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement- NCA) လက်မှတ်ရေးထိုးကြတဲ့ အခမ်းအနားဖြစ်ပါတယ်။

လက်မှတ်ရေးထိုးတဲ့ အဖွဲ့အရေအတွက် မများလှဘူးဆိုပေမယ့် ဒီကနေ့ လက်မှတ်ရေးထိုးပွဲ အခမ်းအနားထမြောက် အောင်မြင်အောင် လျှောက်လှမ်းလာခဲ့တဲ့ ခရီးက မလွယ်ကူလှပါဘူး။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးအတွက် အနာဂတ်မှာ ပေါ်ထွန်းလာမယ့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးရဲ့အုတ်မြစ်ကို

*စာမျက်နှာ ၆ ကော်လံ ၁* ✻


KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017

မြန်မာ့အလင်း

# သဘာဝသယံဇာတ ထိန်းသိမ်းရေးနှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု

အတိတ်ကာလမြို့ကြီးများ တိမ်ကောပျက်စီးခြင်းကို လေ့လာပါက ရေအရင်းအမြစ်များ ပျောက်ကွယ်ဆုံးရှုံးသွားခြင်းသည် အကြောင်းရင်းတစ်ရပ်အနေဖြင့် ပါဝင်သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြို့ပြများ ရပ်တည်ရှင်သန်နိုင်ရေးအတွက် ရေအရင်းအမြစ်ရရှိရေးသည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ထို့အပြင် မြို့ကို ဖြတ်သန်းစီးဆင်းနေသော မြစ်ချောင်း၊ မြို့တွင်း၌ရှိသော ကန်ရေပြင်တို့သည် မြို့၏ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေ၍ မြို့သူ မြို့သားတို့၏ စိတ်ကို သာယာချမ်းမြေ့စေပါသည်။

သို့သော် ဖြတ်သန်းစီးဆင်းသော မြစ်ချောင်းတို့ကို မြို့တိုင်း၌ တွေ့ရမည် မဟုတ်ပါ။ ဖြတ်သန်းစီးဆင်းသော မြစ်ချောင်းတို့ကို ပိုင်ဆိုင်ထားသောမြို့တို့သည် သဘာဝ၏ လက်ဆောင်မွန်တစ်ရပ်ကို ပိုင်ဆိုင်ရရှိထားသော မြို့များဖြစ်ပါသည်။ ပဲခူးမြို့သည် ထိုကဲ့သို့သော မြို့များအနက် မြို့တစ်မြို့ဖြစ်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ သဘာဝ၏ လက်ဆောင်မွန်ဖြစ်သော ပဲခူးမြစ်ကို စနစ်တကျ မထိန်းသိမ်းနိုင်ခြင်းဖြစ်ပါသည်။ ပဲခူးဈေးသည် ပဲခူးမြစ်ကမ်းနဖူးကို မေးတင်ထားသည်ဖြစ်၍ စနစ်တကျ မကိုင်တွယ်နိုင်သော ဈေးအမှိုက်တို့သည် ပဲခူးမြစ်၏ သဘာဝအလှအပနှင့် သဘာဝသယံဇာတတို့ကို ယိုယွင်းပျက်စီးစေပါသည်။ စွန့်ပစ်ပစ္စည်း အမှိုက်တို့သည် ပဲခူးမြစ်ကို ပျက်စီးစေသော အကြောင်းရင်းတစ်ရပ်သာ ဖြစ်ပါသည်။ ပဲခူးမြစ်အထက်ပိုင်း ကန်တော်ကြီး ရေဝေရေလဲဧရိယာအတွင်း ပိုးသတ်ဆေးနှင့် ဓာတုဗေဒဓာတ်မြေဩဇာအလွန်အကျွံ သုံးစွဲမှုနှင့် မြစ်အတွင်း သဲစုပ်ထုတ်ယူမှုတို့ကို မထိန်းချုပ်နိုင်ခြင်းများသည်လည်း ပဲခူးမြစ်ကို ပျက်စီးစေသော အကြောင်းတရားများ ဖြစ်ပါသည်။

ဤအခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် **Norwegian Institute for Water Research (NIVA)** က ပဲခူးမြစ်ကြောင်းတစ်လျှောက် အပိုင်း (၃၅) ပိုင်း ပိုင်း၍ တစ်ပိုင်းချင်းစီ၌ရှိသော ရေနမူနာတို့ကို တစ်လလျှင်သုံးကြိမ် စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း သိရှိရပါသည်။ နော်ဝေရေသုတေသနဌာန **(NIVA)** သည် နော်ဝေအခြေစိုက်ရေသုတေသနဌာနတစ်ခုဖြစ်ပြီး မြစ်ချောင်းအင်းအိုင်နှင့် ပင်လယ်ကမ်းခြေတို့၏ သဘာဝသယံဇာတရင်းမြစ်တို့ကို စောင့်ကြည့်လေ့လာသုတေသနပြုလုပ်လျက်ရှိသော အဖွဲ့အစည်း ဖြစ်ပါသည်။ နော်ဝေရေသုတေသနဌာန **(NIVA)** ကို ၁၉၅၈ ခုနှစ်၌ စတင်ထူထောင်ခဲ့ပြီး အကျိုးအမြတ်ရယူနိုင်ရေးအတွက် ဖွဲ့စည်းထူထောင်ထားသော အဖွဲ့အစည်းမျိုး မဟုတ်ပါ။ **NIVA** ကဲ့သို့သော အဖွဲ့အစည်းမျိုးက ပဲခူးမြစ်၏ သဘာဝသယံဇာတနှင့် အလှအပတို့ ထိန်းသိမ်းနိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်နေခြင်းသည် အားတက်စရာ ဖြစ်ထွန်းမှုတစ်ရပ် ဖြစ်ပါသည်။

သို့သော် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရာ၌ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုရှိသော အဖွဲ့အစည်းတို့၏ အင်အားသက်သက်ဖြင့် ဆောင်ရွက်၍မရနိုင်ပါ။ ပြည်သူလူထု၏ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုကို ရရှိမှသာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပဲခူးမြစ်၏ သဘာဝသယံဇာတနှင့် အလှအပကို ဖျက်ဆီးနေသည့် စွန့်ပစ်အမှိုက်တို့၏ ပြဿနာကို သုံးသပ်ပါက သက်ဆိုင်ရာ အာဏာပိုင်တို့၏ စနစ်တကျ ဆောင်ရွက်မှုနှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိမှသာ အပြည့်အဝ ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ တင်ပြလိုသည်မှာ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိနိုင်ရေးအတွက် လူထုပညာပေးလုပ်ငန်းစဉ်တို့ကို အလေးအနက်ထားဆောင်ရွက်ရန် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ပဲခူးမြစ်၏ သဘာဝသယံဇာတနှင့် အလှအပတို့ ထိန်းသိမ်းနိုင်ရေးအတွက် **NIVA** ကဲ့သို့သော အဖွဲ့အစည်း၏ ပညာရပ်ဆိုင်ရာ ထောက်ပံ့မှုကို ရယူရမည်သာမက သက်ဆိုင်ရာ အာဏာပိုင်တို့၏ စနစ်တကျဆောင်ရွက်မှုနှင့် လူထု၏ ပူးပေါင်းဆောင်ရွက်မှုတို့ကို ဖြည့်ဆည်းပေါင်းစပ်ပေးရမည် ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

လွတ်လပ်ရေးဗိသုကာကြီး တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏(၁၀၃) နှစ်မြောက် မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။



အခမ်းအနားတွင် လွတ်လပ်ရေးဗိသုကာကြီး တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က အခမ်းအနားသို့ တက်ရောက်လာကြသည့် ကလေးငယ်များအား ဗိုလ်ချုပ်အောင်ဆန်း နှင့် ပတ်သက်သည့် သမိုင်းကြောင်းများနှင့် အမှတ်တရ အကြောင်းအရာများကို သိရှိစေရန် အပြန်အလှန် မေးမြန်းဖြေဆိုခြင်းတို့ကို ပြုလုပ်ကြသည်။

ဆက်လက်၍ မူကြိုအရွယ် ကလေးငယ်များက “အောင်ဆန်းဇာနည်” ကဗျာအပါအဝင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကို အမှတ်တရ ဂုဏ်ပြုရွတ်ဆိုကြပြီး တာဝန်ရှိသူတို့က ကလေးငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

အဆိုပါအခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးကော်မတီက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၃) နှစ်မြောက် မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အဖြစ် တက်ရောက်လာကြသူများအား စတုဒိသာဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၃) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်များတွင်လည်း ကလေးငယ်များအား ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဉာဏ်စမ်းမေးမြန်းခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပကြသည့်အပြင် ပဲပြုတ်နှင့် နံပြား အပါအဝင် စတုဒိသာ အလှူများကိုလည်းပြုလုပ်ကြကြောင်း သိရသည်။

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၃) နှစ်မြောက်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ရှေ့တွင်လည်း ပဲပြုတ်နှင့် နံပြား စတုဒိသာ ကျွေးမွေးခြင်းများအပြင် အငှားယဉ်မောင်းများအနေဖြင့်လည်း ဗိုလ်ချုပ်အောင်ဆန်းပြတိုက်မှ မဟာဗန္ဓုလပန်းခြံရှေ့ အထိ အခမဲ့ပြေးဆွဲပေးကြကြောင်း သိရသည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် ဘေလီတံတားအဆင်းလမ်းဆုံအနီး ပင်လုံရင်ပြင်၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို ဖွင့်လှစ်ခဲ့သည့်အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြတ်သန်းမှု တစ်ခုဖြစ်သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ဆန်း၏ ပုံတူကြေးရုပ်တုကို လည်း သာကေတမြို့နယ်၊ မြကန်သာပန်းခြံ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ဇော်ကြီး (ပဏ္ဍိတ)**

## ဗန်းမောက်၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်

**ဗန်းမောက် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုစိုက်ထူဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးရုံးလွတ်လပ်ရေး ကျောက်တိုင်ရှေ့တွင်ကျင်းပရာ မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုး၊ ကသာခရိုင် အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံ၊ မြို့နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်နှင့် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ဗိုလ်ချုပ်ကြေးရုပ်တုကို ငွေကျပ် သိန်း ၂၀၀ ခန့်ကုန်ကျခံဆောင်ရွက်ခဲ့ပြီး ရင်ပြင်အကျယ် ၃၂ ပေ၊ အနံ ၂၃ ပေရှိ အောက်ခံကျောက်ခုံအဝိုင်းအမြင့် ခြောက်ပေ၊ လေးထောင့်ခုံအမြင့် လေးပေ၊ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု အမြင့်ကိုးပေရှိကြောင်း သိရသည်။ **ကျော်စွာ(ဗန်းမောက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၃-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အရပ်သားကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် တပ်မတော်အရာရှိကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPD-JC)၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးပူးတွဲစောင့်ကြည့်ရေး (JMC – U) ကော်မတီဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန်နှင့် အဖွဲ့ဝင်များ၊ လာဟူဒီမိုကရက်တစ် အစည်းအရုံး ဥက္ကဋ္ဌ ကြာခွန်ဆာနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတကာ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးမည့်သူများ၊ ပြည်တွင်းအသိသက်သေအဖြစ် လက်မှတ်ရေးထိုးမည့်သူများ၊ နိုင်ငံခြားသံတမန်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**မိန့်ခွန်းပြောကြား**

အခမ်းအနားတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က မိန့်ခွန်း ပြောကြားသည်။

**( နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းကို စာမျက်နှာ ရှေ့ဖုံးနှင့် စာမျက်နှာ ၆ တွင် ဖော်ပြထားပါသည်)**

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က မိန့်ခွန်းပြောကြားသည်။

**(တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းကို စာမျက်နှာ ၈ တွင် ဖော်ပြထားပါသည်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လာဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

သတင်းစဉ်





ဆက်လက်၍ မွန်ပြည်သစ်ပါတီ (NMSP) နှင့် လာဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) ကိုယ်စား မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်က မိန့်ခွန်း ပြောကြားသည်။

**(မွန်ပြည်သစ် ပါတီဥက္ကဋ္ဌ၏ မိန့်ခွန်းကို စာမျက်နှာ ၉ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မှတ်တမ်းရုပ်ရှင်ကို ပြသသည်။

**အနှစ်ချုပ်ဖတ်ကြား**

ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အနှစ်ချုပ်ကို ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းနှင့် မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်းတို့က ဖတ်ကြားကြသည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ လက်မှတ်ရေးထိုးပွဲ အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန် လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



လားဟူ ဒီမိုကရက်တစ်အစည်းအရုံးဥက္ကဋ္ဌ ကြာခွန်ဆာ လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန်၊ အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်း၊ စစ်ဦးစီးချုပ် နိုင်လယီကောင်း၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး ဥက္ကဋ္ဌ ကြာခွန်ဆာ၊ ဒုတိယဥက္ကဋ္ဌ ကြာဆော်လမွန်၊ ဗဟိုကော်မတီဝင် နာဗစ်ဘွန်တို့က လက်မှတ်ရေးထိုးကြသည်။

**ပြည်တွင်းအသိသက်သေများ လက်မှတ်ရေးထိုး**

ယင်းနောက် ပြည်တွင်းအသိသက်သေများအဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဦးခင်ဇော်ဦး၊ ဦးခွန်မောင်သောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးသုဝေ၊ ဒေါက်တာ တူးဂျာ၊ ဦးသိန်းထွန်း၊ ငြိမ်းချမ်းရေးကော်မရှင်မှ ဦးသိန်းဇော်၊ ဦးအောင်စိုး၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဦးပြည့်စုံ၊ ဦးမောင်မောင်ငြိမ်း၊ သူရဦးဘိုနီ၊ Rev. စောမက်သယူးအေး၊ စိုင်းမျိုးသန့်၊ ဦးကိုကိုကြီး၊ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မင်းစိုးလင်း၊ မွန်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးမင်းတင်ဝင်း၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်မွှေးမွှေးခင်တို့က လက်မှတ်ရေးထိုးကြသည်။

**ပြည်ပအသိသက်သေများ လက်မှတ်ရေးထိုး**

ထို့နောက် ပြည်ပသက်သေများအဖြစ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Dr. Shamshad Akhtar၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း၊ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ် H.E. Mr. Yohei SASAKAWA၊ အိန္ဒိယသမ္မတနိုင်ငံမှ ဒုတိယအမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် H.E, Mr. Rajinder Khanna၊ ထိုင်းနိုင်ငံမှ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Virasakdi Futrakul၊ ဥရောပသမဂ္ဂမှ သံအမတ်ကြီး H.E. Mr. Kristian Schmidt တို့က လက်မှတ်ရေးထိုးကြသည်။

**စာချုပ်အပြန်အလှန်လဲလှယ်**

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းနှင့် မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်းတို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို အပြန်အလှန်လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပြည်တွင်းပြည်ပ အသိသက်သေများနှင့် လည်းကောင်း၊ သံတမန်များနှင့် လည်းကောင်း၊ အစိုးရကိုယ်စားလှယ်များနှင့် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ တပ်မတော်ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ မွန်ပြည်သစ်ပါတီ၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့မှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အရပ်သားကိုယ်စားလှယ်များနှင့် လည်းကောင်း၊ ငြိမ်းချမ်းရေးကော်မရှင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းကော်မတီ၊ MPC မှ တာဝန်ရှိသူများနှင့် လည်းကောင်း စုပေါင်း၍ သီးခြားစီ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခြင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုညစာစားပွဲတွင် အနုပညာရှင်များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခြင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC- II)တွင် ကျင်းပသည်။

ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ JMC-U အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကိုယ်စားလှယ်များနှင့် ရပ်မိရပ်ဖများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။



ညစာ သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပင်လုံသစ္စာအက၊ မွန်တိုင်းရင်းသားရိုးရာ နတ်ကနားအက၊ လားဟူတိုင်းရင်းသားရိုးရာ ဘူးပလွေမြေဝိုင်းအက၊ လားဟူလူမျိုး လူတိုင်းသိပါစေအက၊မွန်တိုင်းရင်းသားရိုးရာ ဟင်္သာအကနှင့် သာစွမြန်မာပြည် (တိုင်းရင်းသားစုပေါင်းအက) တို့ဖြင့် ကပြဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများနှင့်အတူ ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တပ်မတော်ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်း-ရှေ့ဖုံး) သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ အသိသက်သေများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်း-ရှေ့ဖုံး) သတင်းစဉ်

✱ *ရှေ့ဖုံးမှ*

အတူတကွ လက်တွဲပြီး စိုက်ထူကြဖို့ စိတ်ပိုင်းဖြတ်လိုက်တဲ့ ခြေလှမ်းတစ်လှမ်း ဖြစ်ပါတယ်။ ဒီလိုခြေတစ်လှမ်းကို ရဲရဲကြီး တက်လှမ်းလိုက်တဲ့ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုဂုဏ်ပြုပါကြောင်း ကျွန်မအနေနဲ့ အလေးအနက်ထားပြီး ပြောကြားလိုပါတယ်။

**NCA သည် ငြိမ်းချမ်းရေးဖြစ်စဉ်၏အစ**

NCA ဟာ ကျွန်မတို့ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့လမ်းဆုံးမဟုတ်ပါဘူး။ NCA ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့အစ၊ နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ အစ၊ လက်နက်ကိုင် ပဋိပက္ခ လျှော့ချခြင်းတွေရဲ့အစ၊ တွေ့ဆုံဆွေးနွေးမှုတွေကတစ်ဆင့် နိုင်ငံရေးပြဿနာတွေကို ညှိနှိုင်းတိုင်ပင်အဖြေရှာမယ့် နိုင်ငံရေးဖြစ်စဉ်ရဲ့အစပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခဟာ လွတ်လပ်ရေးနဲ့ ဖွားဖက်တော်ဖြစ်ခဲ့တာပါ။ ဒီကနေ့ဆိုရင် နှစ်ပေါင်း ခုနစ်ဆယ်ကျော် ကြာမြင့်ခဲ့ပါပြီ။ ကျွန်မတို့နဲ့ မရှေးမနှောင်း လွတ်လပ်ရေးရရှိခဲ့တဲ့ နိုင်ငံတွေ၊ ကျွန်မတို့နိုင်ငံရဲ့နောက်မှ လွတ်လပ်တဲ့ နိုင်ငံထူထောင်နိုင်ခဲ့တဲ့ နိုင်ငံတွေဟာ ဒီကနေ့ဒီအချိန်မှာ ရှေ့ကို အများကြီး ဆက်လျှောက်နေကြပါပြီ။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ တိုင်းရင်းသားတွေ၊ ကျွန်မတို့ရဲ့ ပြည်သူတွေကတော့ မငြိမ်းနိုင်သေးတဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေအကြားမှာ မတည်မငြိမ် စိုးစိုးရွံ့ရွံ့ရှိနေကြတုန်းပါပဲ။ တိုက်ပွဲတွေကြောင့် ကြောက်လန့်တကြား အိုးပစ်အိမ်ပစ် ထွက်ပြေးကြရတယ်။ စာသင်ကျောင်းတွေမှာ စာအံသံတွေ တိတ်ဆိတ်နေပြီး လယ်ယာစိုက်ခင်းတွေမှာ ပေါင်းပင်မြက်ပင်တွေ ဖုံးလွှမ်းနေကြရတယ်။ အဓိကအကျဆုံးကတော့ ကျွန်မတို့ရဲ့ တိုင်းရင်းသား ကလေးသူငယ်လေးတွေ အသက်အန္တရာယ် လွတ်ကင်းအောင် တိမ်းရှောင်နေကြရခြင်းပဲ ဖြစ်ပါတယ်။

သံသယတွေ၊ မုန်းတီးမှုတွေ၊ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ဆိုးကျိုးအနေနဲ့ ဒီဒေသတွေဟာ မဖွံ့ဖြိုးနိုင်၊ မတိုးတက်နိုင်၊ ယနေ့ထက်တိုင် နောက်ကျကျန်ရစ်နေရတုန်းပါပဲ။ ပြည်သူတွေဟာလည်း အကြောက်တရားနဲ့ နေ့စဉ်ရှင်သန်နေထိုင်ကြရပါတယ်။ ဒီကနေ့အထိ (၂၁)ရာစုခေတ်သစ်အထိ ကျွန်မတို့ တိုင်းရင်းသားကလေးသူငယ်တွေရဲ့ အနာဂတ်တွေ အမှောင်ဖုံးနေတုန်းပါပဲ။ ဒီအခြေအနေက နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ငြိမ်းချမ်းအောင် ကျွန်မတို့ မလုပ်နိုင်ကြသေးပါဘူး။ ဝမ်းနည်းစရာကောင်းသလို ကြေကွဲစရာလည်း ကောင်းပါတယ်။ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်၊ ကျွန်မတို့မျိုးဆက်သစ်ကလေးသူငယ်တွေရဲ့အနာဂတ်တွေဟာ ဒီကနေ့အထိ စိတ်ချရတဲ့ အလင်းရောင်မသန်းသေးနိုင်ကြသေးပါဘူး။ နိုင်ငံတကာမှာ ပြောကြတယ်၊ စစ်ဒဏ်ကြုံပြီး အလွန်ကို တိုးတက်သွားကြတဲ့ နိုင်ငံတွေက ပြောတာပါ၊ စစ်ဘေး၊ စစ်ဒဏ်သင့်ခဲ့ဖူးရင် ညီညီညွတ်ညွတ် ကြိုးကြိုးစားစား ရုန်းကန်ချင်တဲ့ စိတ်ဓာတ်မြင့်မားတယ်၊ ဒါကြောင့် တိုးတက်လာကြတာလို့ ဆိုကြပါတယ်။ ကျွန်မတို့ နိုင်ငံအတွက်တော့ ဒီလိုမျိုး မဖြစ်နိုင်ခဲ့ပါဘူး။ ဒီကနေ့အထိလည်း မဖြစ်နိုင်သေးပါဘူး။

ဒီကနေ့ လက်မှတ်ထိုးမယ့် သတင်းတွေ ထွက်ပေါ်လာချိန်မှာ အဲဒီဒေသက ပြည်သူတွေ ဝမ်းသာကြ၊ ပျော်ရွှင်ကြနဲ့ ကြည်နူးစရာသတင်းတွေ ကြားသိရပါတယ်။ ပြည်သူတွေရဲ့ ပထမဆုံး သိသာထင်ရှားတဲ့ပြောင်းလဲမှုက လက်နက်ကိုင် ပဋိပက္ခကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ အကြောက်တရားတွေ ပျောက်ကွယ်သွားခြင်းပဲ ဖြစ်ပါတယ်။ မတရားအသင်း မဟုတ်တော့ဘူး။ အကြမ်းဖက်အဖွဲ့အစည်းမဟုတ်တော့ဘူးဆိုတဲ့ အသိကြောင့် ဆက်သွယ်ပြောဆိုဆက်ဆံရာမှာ အကြောက်တရားတွေ လျော့သွားတယ်။ ပဋိပက္ခတွေ ချုပ်ငြိမ်းတော့မယ်ဆိုတဲ့အသိနဲ့ အနာဂတ်အတွက် မြင်ယောင်ဝမ်းသာကြတယ်။ ဒီကနေ့ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးနေပြီဖြစ်တဲ့ အခြားပြည်နယ်ကို လှမ်းမျှော်ကြည့်ပြီး လူမှု-စီးပွား အစစအရာရာ တိုးတက်ပြောင်းလဲလာတော့မယ်ဆိုတဲ့ မျှော်လင့်ချက်တွေလည်း ဖြစ်ပေါ်လာကြတယ်။ ကြောက်ရွံ့ခြင်းကနေ ကင်းဝေးတဲ့ဒေသတွေ ဖြစ်ပေါ်လာတယ်ဆိုတာ သိရပါတယ်။

နှစ်ဖက်အဖွဲ့အစည်းတွေအကြား အပြန်အလှန် သဘောတူညီချက် (Bilateral Agreement) တွေ ရှိခဲ့တာမှန်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ ပြည်သူတွေ သိစေချင်တာက အဲဒီသဘောတူညီချက်တွေနဲ့ ပတ်သက်လို့ တစ်ဖက်နဲ့တစ်ဖက် အငြင်းပွားဖွယ်ရာတွေဖြစ်လာရင် ဘယ်လိုညှိနှိုင်းဖြေရှင်းမလဲဆိုတာတွေ၊ ညှိနှိုင်းဖြေရှင်းရေး ယန္တရားတွေ မပါပါဘူး၊ NCA ဆိုတာက လက်နက်ကိုင်ပဋိပက္ခတွေ လျော့နည်းသွားအောင်၊ အငြင်းပွားမှုတွေ ပေါ်ပေါက်လာခဲ့ရင် တစ်ဖက်နဲ့တစ်ဖက် လက်နက်ကိုင်ပြီး ဖြေရှင်းခဲ့တဲ့ အခြေအနေကနေ စားပွဲဝိုင်းမှာ ညှိနှိုင်းဆွေးနွေးဖြေရှင်းနိုင်အောင် စတင်လိုက်တဲ့ စတင်ခြင်းအသစ်လို့ ပြောချင်ပါတယ်။

တစ်ချိန်တည်းမှာပဲ NCA ဟာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ကြမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်ဖြစ်ပေါ်လာမယ့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်ရေးဆွဲဖို့နဲ့ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို စတင်ဖို့ သဘောတူညီချက်တွေ ပါရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ခေတ်အဆက်ဆက် နိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းတွေ ဖြစ်ပေါ်လာအောင် နည်းလမ်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးနဲ့ ကြိုးပမ်းခဲ့ကြပေမယ့်လည်း ပေါ်ပေါက်လာခဲ့ခြင်း မရှိခဲ့ပါဘူး။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေရဲ့ရေသောက်မြစ်ဟာ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ခဲ့ကြလို့သာ အားလုံးက လက်ခံထားကြပါတယ်။ ပြီးခဲ့တဲ့ သမ္မတကြီး ဦးသိန်းစိန် လက်ထက်မှာ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ဖြစ်ထွန်းပေါ်ပေါက်လာအောင် အားကြိုးမာန်တက် လုပ်ဆောင်ခဲ့ပြီးတော့ NCA ဆိုတာ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီလို ကြိုးပမ်းခဲ့တဲ့အတွက်လည်း နိုင်ငံနဲ့ ပြည်သူတွေ ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ဒီနေရာကနေ ကျွန်မအနေနဲ့ ထပ်လောင်းပြောကြားလိုပါတယ်။ ဒီကနေ့ ကျွန်မတို့ အစိုးရလက်ထက်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ခဲ့ရုံသာမက ပြည်ထောင်စုသဘောတူညီချက်ရဲ့ အစိတ်အပိုင်းအဖြစ် နိုင်ငံရေးသဘောတူညီချက် (၃၇)ချက်ကို ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ ဒုတိယအစည်းအဝေးမှာ သဘောတူလက်မှတ် ရေးထိုးနိုင်ခဲ့ပါတယ်။

သမိုင်းတစ်လျှောက် ပြန်ကြည့်ရင် ဒါဟာ ပထမဦးဆုံး စတင်နိုင်ခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲဖြစ်သလို ဘယ်လိုဆွေးနွေးကြမယ်ဆိုတဲ့ မူဘောင်တွေ စနစ်တကျရေးဆွဲပြီးမှ နိုင်ငံရေး သဘောတူညီချက်တွေ ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တဲ့ နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ်လည်း ဖြစ်ပါတယ်။ ပထမဆုံး အတွေ့အကြုံဖြစ်ပေမယ့်လည်း ကျွန်မတို့ရဲ့အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့နဲ့၊ ပါဝင်သင့် ပါဝင်ထိုက်သူများ အစုအဖွဲ့တွေအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီမှာပဲဖြစ်ဖြစ်၊ ကဏ္ဍအလိုက် ဆွေးနွေးပွဲတွေ၊ လုပ်ငန်းကော်မတီဆွေးနွေးပွဲတွေနဲ့ ညီလာခံဆွေးနွေးပွဲတွေမှာ တကယ့်ကို စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး ပါဝင်ဆောင်ရွက်ခဲ့ကြတာဟာ အားရစရာ အထူးပဲကောင်းလှပါတယ်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်နိုင်မယ့် အခြေခံမူတွေကို စိတ်အားထက်သန်စွာ စဉ်းစားသုံးသပ်ဆွေးနွေးညှိနှိုင်းခဲ့ကြတာဟာ သမိုင်းတစ်လျှောက် ပထမဆုံးမှတ်တိုင်တွေ ဖြစ်လာခဲ့ပါပြီ။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။

**✱ ညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့ အတွက် နားလည်မှုနဲ့ ယုံကြည်မှုတွေကို ဦးစွာတည်ဆောက်ကြရမှာဖြစ်**

**✱ အမျိုးသားညီညွတ်ရေးကို ဦးတည် လျှောက်လှမ်းကြရာမှာ ကျွန်မတို့ အချင်းချင်းအကြား သွေးကွဲ၊ သဘောထား ကွဲလွဲစေမယ့် ကိစ္စရပ်တွေကို လျော့ကျသွားစေဖို့ ကျွန်မတို့အားလုံးကို ပိုမိုစုစည်း၊ ပိုမိုညီညွတ်စေမယ့် ဘုံတူညီချက်တွေကို ဖော်ထုတ်ကြရမှာဖြစ်**

ဒါပေမယ့်လည်း ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ မပါဝင်သေးတဲ့ အဖွဲ့အစည်းတွေ၊ စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းရာမှာ ပါဝင်ခဲ့ပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် မပါဝင်နိုင်ခဲ့တဲ့ အဖွဲ့အစည်းတွေ ကျန်ရှိနေတုန်းပါပဲ။ မြန်မာနိုင်ငံရဲ့မြောက်ပိုင်းဒေသမှာ လက်နက်ကိုင်ပဋိပက္ခတွေ ကြိုးကြားကြိုးကြား ဖြစ်နေတုန်းပါပဲ။ မြန်မာနိုင်ငံအောက်ပိုင်းမှာ ငြိမ်းချမ်းရေးအလင်းရောင်တွေ ထွန်းလင်းတောက်ပနေပေမယ့်လည်း တစ်နိုင်ငံလုံး ခြုံလွှမ်းနိုင်အောင် မပေးနိုင်သေးပါဘူး။ ကျွန်မတို့အားလုံး ကိုယ်စီကိုယ်စီ ဆက်လက်ပြီးတော့ ကြိုးပမ်းသွားကြရဦးမှာ ဖြစ်ပါတယ်။

**ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသန္နိဋ္ဌာန်**

လွတ်လပ်ရေး ရရှိပြီးကတည်းက ကျွန်မတို့နိုင်ငံမှာ လက်နက်ကိုင် ပဋိပက္ခကြောင့် အင်အားပေါင်းများစွာ ဆုံးရှုံးခဲ့ရပါတယ်။ တိုင်းပြည်မငြိမ်းချမ်းတဲ့အတွက် တည်ငြိမ်မှုကင်းမဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုတွေ အဘက်ဘက်က နောက်ကျလို့ အဆင်းရဲဆုံးနိုင်ငံစာရင်းထဲကိုတောင် သက်ဆင်းကျရောက်ခဲ့ရပါတယ်။ နိုင်ငံလည်း နစ်နာ၊ လူထုလည်း နစ်နာ၊ ပြည်ထောင်စုရဲ့အနာဂတ်လည်း နစ်နာခဲ့ရပါတယ်။ ဒီကနေ့ ဒီအချိန် ကျွန်မတို့နိုင်ငံမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ အများကြီး ရင်ဆိုင်နေရပါတယ်။ အားလုံးသိကြတဲ့အတိုင်း နိုင်ငံတကာအလယ်မှာ ကျွန်မတို့နိုင်ငံဟာ ဖိအားပေါင်းများစွာ၊ ဝေဖန်မှုပေါင်းများစွာနဲ့ ရင်ဆိုင်နေရသလို ပြည်တွင်းမှာလည်း သဘောထားကွဲလွဲမှုတွေနဲ့ အငြင်းပွားမှုတွေ ဖြစ်ပေါ်နေတုန်းပါပဲ။ မတူကွဲပြားမှုတွေကို ပေါင်းစည်းပြီး အင်အားအဖြစ် မပြောင်းလဲနိုင်ခဲ့ခြင်းရဲ့ဆိုးကျိုးတွေပါပဲ။ စက္ကန့်နဲ့အမျှ ပြောင်းလဲနေတဲ့ လောကကြီးနဲ့ ယနေ့ကမ္ဘာကြီးက ကျွန်မတို့နိုင်ငံကို စောင့်ဆိုင်းနေမှာ မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့မျိုးဆက်သစ်တွေ ကြီးပြင်းလာတဲ့အချိန်မှာ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ထူးမခြားနားနိုင်ငံတော်မျိုးကို ကျွန်မတို့ ထားရစ်ခဲ့မှာလား၊ စည်းလုံးညီညွတ် ခိုင်မာတောင့်တင်းပြီး အများသူငါက လေးစားရတဲ့ နိုင်ငံတော်ကို ကျွန်မတို့ထားရစ်ခဲ့မှာလား၊ အလေးအနက်ထား စဉ်းစားကြဖို့ ကျွန်မအနေနဲ့ ဒီကနေ့ ဒီနေရာကနေ တိုက်တွန်းပြောကြားလိုပါတယ်။

နောက်ထပ် ဘယ်အချိန်အထိ ကျွန်မတို့ ပြည်သူတွေ စောင့်ဆိုင်းနေကြရဦးမှာလဲ။ ဘယ်အချိန်အထိ ကျွန်မတို့နိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ကြီးစိုးနေဦးမှာလဲ၊ နောက်ထပ် ဘယ်အချိန်အထိ မညီညွတ်တဲ့ နိုင်ငံဘဝနဲ့ နေနေကြရဦးမှာလဲ။ အဲဒီလက်နက်ကိုင်ပဋိပက္ခတွေကို စတင်ခဲ့ကြတဲ့ သူတွေကတော့ ဒီကနေ့ ဒီအချိန်မှာ ဒီလောကကြီးထဲမှာ မရှိကြတော့ပါဘူး။ အမွေဆိုးအဖြစ် ထားရစ်ခဲ့တဲ့ ဒီပဋိပက္ခတွေကို ဆက်လက်သယ်ဆောင်ပြီး ကျွန်မတို့လက်ထက်မှာလည်း စစ်မီးမငြိမ်း၊ မြက်ခင်းမစိမ်းနိုင်သေးဘဲ ယမ်းငွေ့တွေ ဝေနေဦးမှာလား၊ ဆက်ပြီးတော့လည်း ယမ်းငွေ့တွေဝေနေစေချင်သေးတာလားဆိုတာကို ကိုယ့်ကိုယ်ကိုယ် မေးကြရမှာပါ။

ကျွန်မတို့ရဲ့နိုင်ငံ ထူထောင်ခဲ့တဲ့ လွတ်လပ်ရေးဖခင်ကြီးတွေ မျှော်မှန်းခဲ့ကြတဲ့ တရားမျှတခြင်း၊ လွတ်လပ်ခြင်းတွေနဲ့ အခွင့်အရေးသာတူညီမျှရှိတဲ့ ဝါဒရေးရာဖြူစင်တဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ အားလုံးသဘောတူ လက်ခံနိုင်တဲ့ ဖက်ဒရယ်စနစ်ကို ကျွန်မတို့အားလုံး လက်တွဲပူးပေါင်းကြိုးပမ်းကြဖို့ အချိန်တန်နေပါပြီ။ တိုင်းပြည်နာလှပြီဖြစ်သလို ကျွန်မတို့ပြည်သူတွေလည်း မျှော်လင့်ချက်တွေ မေးမှိန်နေခဲ့တာ နှစ်ပေါင်း(၇၀)ကျော်လွန်လာခဲ့ပါပြီ။ ဒါ့ကြောင့် အမျိုးသားညီညွတ်ရေးရဲ့အစ နိဒါန်းဖြစ်တဲ့ NCA ကို မျက်မှောက်ပြုကြဖို့ ကျွန်မအနေနဲ့ လေးလေးနက်နက် တိုက်တွန်းပြောကြားလိုပါတယ်။

အတိတ်က သံသယတွေ၊ အာဃာတတွေ ပစ္စုပ္ပန်အပေါ် အရိပ်ထိုးတတ်ကြပါတယ်။ ဒါဟာ လူ့သဘာဝအရ ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့အားလုံး ပြီးခဲ့တဲ့ အတိတ်ကို သင်ခန်းစာယူပြီး တိုင်းပြည်ရဲ့အနာဂတ်အတွက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ အနာဂတ်အတွက် ရှေ့ကို ခြေလှမ်းတစ်လှမ်း ရဲရဲကြီးလှမ်းလိုက်ဖို့ ပြောချင်ပါတယ်။ လက်နက်တွေ ခဏဘေးဖယ်ထားပြီး တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းတွေမှာ မိသားစုအချင်းချင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြည့်ကြဖို့၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် စတင်မှုအသစ်တစ်ခုကို အစပြုပေးကြဖို့ ပြောကြားလိုပါတယ်။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အားလုံးသဘောတူ လက်ခံနိုင်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် ဦးတည်ကြိုးပမ်းနေတဲ့ (၂၁)ရာစုပင်လုံညီလာခံ လမ်းကြောင်းကို မမိုတ်မသုန် ဆက်လက်လျှောက်လှမ်းသွားဖို့ သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ပါတယ်။ ဘယ်လိုအခက်အခဲမျိုး၊ ဘယ်လိုစိန်ခေါ်မှုမျိုး ကြုံတွေ့ရသည်ဖြစ်စေ ဖက်ဒရယ်ပန်းတိုင် အပျောက်မခံဘဲ ခြေလှမ်းမှန်မှန်နဲ့ ရှေ့ကို ဆက်ပြီး လျှောက်လှမ်းသွားမှာဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

**အမျိုးသားပြန်လည်သင့်မြတ်ရေး ရှေ့လုပ်ငန်းစဉ်**

NCA လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အခမ်းအနားမှာ ကျွန်မပြောခဲ့ပါတယ်။ နောက်ထပ် လာမယ့် ညီလာခံအစည်းအဝေး(၃)ကြိမ်မှာ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေ ချမှတ်နိုင်အောင်၊ ဖက်ဒရယ်အုတ်မြစ်ကို ခိုင်ခိုင်မာမာ စိုက်ထူနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ကျွန်မတို့ကို ယုံယုံကြည်ကြည်နဲ့ လက်တွဲပူးပေါင်းပေးကြဖို့ ထပ်လောင်းပြောကြားလိုပါတယ်။

ဒါပေမယ့် ကျွန်မတို့ရဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးပန်းတိုင် ဖက်ဒရယ်ခရီးကတော့ ချောချောမွေ့မွေ့ သာသာယာယာနဲ့ ဖြတ်သန်းရမှာတော့ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးခရီးဟာ တာဝေးခရီးဖြစ်တဲ့အတွက် စိတ်ဓာတ်နဲ့ ယုံကြည်မှုက အရင်းခံဖြစ်ပါတယ်။ အခုထိလည်း နိမ့်လိုက်မြင့်လိုက်၊ လျှောက်လိုက်ရပ်လိုက်နဲ့ အကွေ့အကောက်တွေကလည်း များလှပါတယ်။ ဒါပေမယ့် ကျွန်မတို့ စိတ်မပျက်ပါဘူး။ ကျွန်မတို့ လက်လျှော့မှာ မဟုတ်ပါဘူး။ ဆက်ပြီးလျှောက်မယ်။ ဆက်လက်ပြီး ကြိုးပမ်းသွားမယ်။ ကျွန်မတို့ရဲ့မျိုးဆက်သစ်တွေအတွက်၊ ကျွန်မတို့ရဲ့တိုင်းရင်းသားပြည်သူတွေအတွက်၊ အောက်ကျနောက်ကျဖြစ်နေရတဲ့ကျွန်မတို့ရဲ့ နိုင်ငံတော်အတွက် ပြန်လည်သင့်မြတ်ရေးလမ်းကို မမိုတ်မသုန် ဆက်လျှောက်သွားမှာပါပဲ။

မလွယ်ကူဘူး၊ ခက်ခဲမယ်၊ စိန်ခေါ်မှုတွေများမယ်ဆိုတာ ကျွန်မတို့အစကတည်းက သိခဲ့ပါတယ်။ လွယ်ကူတယ်ဆိုရင် ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းရေးရနေတာ ကြာလှပြီပေါ့။ ကျွန်မတို့ရဲ့ သမိုင်းကြောင်းက ပြောပြတယ်၊ တိုင်းရင်းသားတွေက ပြောကြတယ်။ လူတိုင်းကပြောကြတယ်၊ လေ့လာသုံးသပ်သူ ပညာရှင်တွေက ပြောကြတယ်။ ကျွန်မတို့နိုင်ငံ ကျွန်မတို့ပြည်သူတွေအားလုံး သဘောတူလက်ခံကြတဲ့ ဖက်ဒရယ်စနစ်ကို ထူထောင်တည်ဆောက်နိုင်မှ ငြိမ်းချမ်းနိုင်မယ်ဆိုတာကို အားလုံးသိကြတဲ့အတိုင်း ဒီကနေ့ ဒီအချိန်မှာ ဖက်ဒရယ်ဆိုတာ သမိုင်းရဲ့လိုအပ်ချက်တစ်ရပ်၊ ပြည်ထောင်စုရဲ့ ထွက်ရပ်လမ်းတစ်လမ်းအဖြစ်ကို ရောက်ရှိနေခဲ့ပါပြီ။

ဒါဆို ဘယ်လိုဖက်ဒရယ်မျိုးလဲ မေးကြပါလိမ့်မယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ ပြည်သူတွေအတွက် ရေရှည်တည်တံ့ခိုင်မြဲမယ့် ညီညွတ်တဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်ထိန်းသိမ်းပေးနိုင်မယ့် ဖက်ဒရယ်မျိုးပဲဖြစ်ပါတယ်။ ယနေ့ ကမ္ဘာမှာနိုင်ငံအားလုံးအတွက် အံဝင်ခွင်ကျဖြစ်စေမယ့် တစ်ခုတည်းသော ဖက်ဒရယ်စနစ်ဆိုတာ မရှိပါဘူး။ သူ့နိုင်ငံ၊ သူ့သမိုင်း၊ သူ့လူ့အဖွဲ့အစည်းအပေါ် မူတည်ပြီး လိုက်လျောညီထွေ ပြုပြင်တည်ဆောက်ကြရတာပါပဲ။ ကျွန်မတို့အားလုံး ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းပြီး အနာဂတ်ပြည်ထောင်စုရဲ့ဖက်ဒရယ်ဒီဇိုင်းကို ရေးဆွဲကြမှာပါ။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ နိုင်ငံသားတွေ ညီညွတ်ဖို့လိုတယ်။ ညီညွတ်တဲ့ ပြည်ထောင်စုတွေကသာ ဖက်ဒရယ်ကို ခိုင်ခိုင်မာမာ ရေရှည်ကျင့်သုံးထိန်းသိမ်းနိုင်တာ ဖြစ်ပါတယ်။ ညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့အတွက် နားလည်မှုနဲ့ ယုံကြည်မှုတွေကို ဦးစွာတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ကျန်ရှိနေသေးတဲ့ အဖွဲ့အစည်းတွေကို ကျွန်မတို့ရဲ့နိုင်ငံရေးဆွေးနွေးပွဲ စားပွဲဝိုင်းတွေကို လာရောက်ကြဖို့ ညှိနှိုင်းနေ၊ ဖိတ်ခေါ်နေတာ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးတဲ့ အဖွဲ့သစ်တွေ တိုးလာပြီးတဲ့နောက်မှာလည်း ကျွန်မတို့ရဲ့ ရှေ့လုပ်ငန်းစဉ်က ရှင်းပါတယ်။ NCA လက်မှတ်ရေးထိုးပြီးသား အဖွဲ့တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်တွေ ခိုင်မာအောင် ဆက်ကြိုးပမ်းမယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လုပ်မယ်။ ကျွန်မတို့အချင်းချင်းအကြား သဘောထား

*စာမျက်နှာ ၇ သို့*

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်၊ အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားအကြံပေးပုဂ္ဂိုလ်နှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်တို့အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီးခြားစီ လက်ခံတွေ့ဆုံ

**မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆက်လက်အကူအညီပေးသွားမည့် ကိစ္စရပ်များ ဆွေးနွေး**

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း၊ အိန္ဒိယနိုင်ငံ ဒုတိယ အမျိုးသားအကြံပေးပုဂ္ဂိုလ် H.E.Mr. Rajinder Khanna၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (United Nations Economic and Social Commission for Asia and the Pacific-UNESCAP) အမှုဆောင် အတွင်းရေးမှူးနှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Dr.Shamshad Akhtar တို့အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တရုတ်နိုင်ငံ အာရှရေးရာ အထူးကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆက်လက်အကူအညီပေးသွားမည့် ကိစ္စရပ်များနှင့်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ဆွေးနွေး**

အိန္ဒိယနိုင်ငံ ဒုတိယ အမျိုးသား အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံစဉ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူးနှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Dr.Shamshad Akhtar တို့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

*စာမျက်နှာ ၆ မှ*

ကွဲလွဲတာတွေ ဖြစ်ပေါ်လာရင် ပင်လုံစိတ်ဓာတ်နဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာမယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေနဲ့လည်း လက်နက်ကိုင်ပဋိပက္ခတွေ လျော့နည်းသွားအောင် တွေ့ဆုံဆွေးနွေးမှုတွေနဲ့ အဖြေရှာပါမယ်။ ဒီအဖွဲ့တွေ NCA ထိုးရိပ်အောက်ရောက်ရှိလာပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်လာအောင် ကြိုးစားပါမယ်။ ဒီလုပ်ငန်းစဉ်တွေကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆက်လက်လုပ်ဆောင်သွားမှာပဲ ဖြစ်ပါတယ်။

**နိဂုံး**

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့နိုင်ငံမှာ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေတဲ့ အမျိုးသားညီညွတ်ရေးကို ဆောင်ကြဉ်းနိုင်ဖို့ အလေးအနက်ထားပြီး ပြောကြားလိုပါတယ်။ကျွန်မတို့အားလုံး အမျိုးသားညီညွတ်ရေးကိုတည်ဆောက်နိုင်မယ်ဆိုရင် ကျွန်မတို့အားလုံး အတူလက်တွဲပြီး ဘာမဆိုအောင်မြင်အောင် ကြိုးပမ်းနိုင်မှာပါ။ အလားတူပါပဲ အမျိုးသားညီညွတ်ရေးကို တည်ဆောက်နိုင်စွမ်းမရှိဘူးဆိုရင် ကြီးမားတဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားရာမှာ အခက်အခဲတွေကြုံတွေ့ရဦးမှာပဲဖြစ်ပါတယ်။ပျော့ပျောင်းခြင်းဟာ ပျော့ညံ့ခြင်းမဟုတ်ပါဘူး။ ညှိနှိုင်းတာဟာ အရှုံးပေးတာမဟုတ်ပါဘူး။တွေ့ဆုံဆွေးနွေးညှိနှိုင်းရမှာကို စိုးရွံ့မနေကြဖို့ အရေးကြီးပါတယ်။အမျိုးသားညီညွတ်ရေးကို ဦးတည်လျှောက်လှမ်းကြရာမှာ ကျွန်မတို့အချင်းချင်းအကြား သွေးကွဲ၊ သဘောထားကွဲလွဲစေမယ့် ကိစ္စရပ်တွေကို လျော့ကျသွားစေဖို့ ကျွန်မတို့အားလုံးကို ပိုမိုစုစည်း၊ ပိုမိုညီညွတ်စေမယ့် ဘုံတူညီချက်တွေကို ဖော်ထုတ်ကြရမှာ ဖြစ်ပါတယ်။

ဒီကနေ့ကျွန်မတို့ပြည်သူတွေအတွက် ကျွန်မတို့နိုင်ငံအတွက်လုပ်ရမယ့် ကိစ္စရပ်တွေ ဖြည့်ဆည်းပေးရမယ့် လုပ်ငန်းစဉ်တွေ အများကြီးရှိနေပါတယ်။ ပြည်သူတွေ ရင်ဆိုင်နေရတဲ့ မပြေလည်မှုတွေကို ပြေလည်စေဖို့ မငြိမ်းချမ်းမှုတွေကနေ ဖြစ်ပေါ်လာတဲ့ စိုးရိမ်ကြောင့်ကြမှုတွေ၊ မတည်မငြိမ်ဖြစ်မှုတွေကို ဖယ်ရှားပေးနိုင်ဖို့ သူတို့အတွက် သေချာရေရာတဲ့အနာဂတ်တွေကို ဆောင်ကြဉ်းပေးဖို့၊ ကျွန်မတို့ ညီညွတ်ကြဖို့ အချိန်တန်နေပါပြီ။ ကျွန်မတို့အချင်းချင်း လက်တွဲလုပ်ကိုင်ခြင်းကပဲ အတိတ်က စတင်ခဲ့တဲ့ သံသယနဲ့မုန်းတီးမှုတွေကို ပြေပျောက်စေနိုင်ပါလိမ့်မယ်။

အခုဆိုရင် ကျွန်မတို့ပြည်သူတွေက (၂၁)ရာစု ပင်လုံညီလာခံကို မျှော်လင့်ချက်ကြီးကြီးနဲ့ စောင့်ကြည့်နေကြပါတယ်။ ကျွန်မတို့ရဲ့ တုဖက်ပြိုင်ဆိုင်မှုတွေ၊ မာန်မာနနဲ့ အာဃာတတိုးတိုက်မှုတွေကို ကျွန်မတို့ပြည်သူတွေက အကဲဖြတ်ကြမှာပါ။ အတိတ်မှာ သာခဲ့တာတွေ၊ နာခဲ့တာတွေကို ပြန်လည်သယ်ဆောင်နေဦးမယ်ဆိုရင် ကျွန်မတို့ရဲ့ ညီညွတ်ရေးကိုပိုပြီး ကွဲဟစေမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရရှိခဲ့လို့ ညီညွတ်ရေးပြိုကွဲခဲ့တဲ့ နှစ်ပေါင်းများစွာ အမှောင်ထုကြီးကို ဖြိုခွင်းနိုင်မယ့်အခွင့်အရေးဟာ ဒီကနေ့ ကျွန်မတို့အားလုံးရှေ့ကို ရောက်ရှိနေပါပြီ။ သမိုင်းကပေးတဲ့အခွင့်အရေး၊ ပြည်သူကပေးတဲ့ အခွင့်အရေးပါပဲ။

ဒီအခွင့်အရေးကို အလဟဿ မဖြစ်စေဖို့ ကျွန်မတို့အားလုံး သတိပြုကြစေချင်ပါတယ်။ ရှေ့ကို ခြေတစ်လှမ်းတက်ဖို့ စိုးရွံ့မနေကြပါနဲ့။ ကျွန်မတို့ ကြောက်ရွံ့ရမှာက ကျွန်မတို့စိတ်ထဲမှာရှိနေတဲ့ ကြောက်ရွံ့စိတ်တွေပဲ ဖြစ်ပါတယ်။ ဘယ်သူမှ အနာဂတ်မှာ ဘာဖြစ်မလဲဆိုတာ သေသေချာချာ သိနိုင်ကြတာမဟုတ်ပါဘူး။ ဘာဖြစ်လာမယ်ဆိုတာ သေချာမသိနိုင်တဲ့ အခြေအနေနဲ့ ကျွန်မတို့ နေ့စဉ်နေ့တိုင်း အိပ်ရာကနိုးထလာခဲ့ကြတာပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းမှာ ဘာတွေကြုံလာရဦးမယ်ဆိုတာ ကျွန်မတို့အားလုံး မသိနိုင်ပါဘူး။ ဒါပေမယ့် ကျွန်မတို့နောက်မှာ ငြိမ်းချမ်းရေးကို နှစ်ပေါင်းများစွာ လိုလားတောင့်တနေတဲ့ ပြည်သူတွေရှိနေပါတယ်။ သူတို့ရဲ့ငြိမ်းချမ်းရေးအိပ်မက်တွေ မှေးမှိန်နေခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပေမယ့် သူတို့ဆန္ဒ၊ သူတို့မျှော်လင့်ချက်တွေကတော့ အရောင်တလက်လက် တောက်ပနေကြတုန်းပါပဲ။ သူတို့နဲ့အတူ၊ ကျွန်မတို့ရဲ့ပြည်သူတွေနဲ့အတူ ကျွန်မတို့အားလုံး ရဲရဲတင်းတင်းနဲ့ ရှေ့ကိုတက်လှမ်းလိုက်ကြတာပေါ့။ ဖြစ်လာသမျှ ရင်ဆိုင်ရမယ်၊ ကြုံလာသမျှ ဖြေရှင်းကြမယ်။

ကမ္ဘာ့အလယ် တင့်တယ်၊ အားကောင်းတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက်၊ နောင်လာမယ့် မျိုးဆက်တွေ တောက်ပရေးအတွက်၊ ကျွန်မတို့ ပြည်သူတွေနဲ့အတူ ကြိုးပမ်းတဲ့နေရာမှာ စေတနာ၊ ပညာ၊ သတ္တိလိုအပ်ပါတယ်။ နိုင်ငံ့အပေါ်ထားအပ်တဲ့ စေတနာ၊ စေတနာရဲ့ အသီးအပွင့်တွေ ဝေဆာစေနိုင်မယ့် ပညာ၊ ပညာရဲ့လမ်းညွှန်မှုအရ လုပ်ရဲတဲ့သတ္တိတွေနဲ့ ရှေ့ငြိမ်းချမ်းရေး၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေကို တာဝန်ကျေစွာ ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းမေတ္တာရပ်ခံချင်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်**

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာနေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးကို ဆန္ဒအမှန်နဲ့ အမြန်ဆုံး အောင်မြင်အောင် ကြိုးစားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ဒီကနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ဧည့်သည်တော်များ၊ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနဲ့ပြည့်စုံပြီး ငြိမ်းချမ်းသာယာရှိကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့အခမ်းအနားဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မှာ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲအခမ်းအနားဖြစ်တဲ့အတွက် ကျွန်တော်တို့အားလုံးရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေး အလင်းရောင်ခြည်များ ပိုမိုအားကောင်းလာပြီး နိုင်ငံတော်အတွင်း တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်နေကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို ပြည်သူအပေါင်း နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရတဲ့ နေ့တစ်နေ့ဖြစ်သလို ၂၀၁၈ ခုနှစ်ရဲ့ နှစ်သစ်အစ မင်္ဂလာဦး ထူးမြတ်တဲ့ နေ့တစ်နေ့ပဲ ဖြစ်ပါတယ်။

### ထာဝရငြိမ်းချမ်းရေးအတွက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ဟာ အားလုံးသိကြတဲ့အတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သက်သက်မဟုတ်ဘဲ ဒီထက်ပိုမိုကျယ်ပြန့်မြင့်မားတဲ့ ရည်ရွယ်ချက်တွေ၊ တိုင်းရင်းသားပြည်သူလူထုအားလုံးရဲ့ လိုလားချက်တွေကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်မယ့် စစ်မှန်ခိုင်မာတဲ့ ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းဖြစ်လို့ ဒီလမ်းကြောင်းအတိုင်း ယုံကြည်မှုရှိရှိ၊ အမြော်အမြင်ရှိရှိနဲ့ မြန်မာနိုင်ငံတော်အတွင်း ဘိုး၊ ဘွား၊ ဘီ၊ ဘင်ကအစ ယခုထက်တိုင် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသားပြည်သူအားလုံးတို့အတွက် မှန်ကန်ရဲရင့်တဲ့ ဆုံးဖြတ်ချက်နဲ့ ဆက်လက်လျှောက်လှမ်းကြမယ့် မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ကို ဝမ်းမြောက်ဝမ်းသာ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။ ယခုလို ထာဝရငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်လာမှုအတွက် ဒီသဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပြီးတဲ့ ညီနောင်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအတွက် ယုံမှားသံသယစိတ်များနဲ့ စိုးရိမ်ပူပန်မှုများကိုလည်း အတော်အတန်လျော့ပါးစေမှာဖြစ်သလို ပါဝင်လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အတွက်လည်း ဆုံးဖြတ်ချက်မမှားဘဲ ယုံယုံကြည်ကြည်၊ သံသယကင်းစွာနဲ့ ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေကိုလည်း ဖြစ်ပေါ်စေပါတယ်။

NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်ကနေ စတင်ရေတွက်ရင် စာချုပ်သက်တမ်းဟာ ဒီနေ့မှာ နှစ်နှစ်နဲ့ လေးလရှိခဲ့ပါပြီ။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်မှု စတင်ခဲ့တာဖြစ်လို့ ငြိမ်းချမ်းရေးကြိုးပမ်းမှုကာလဟာ ခြောက်နှစ်နဲ့ခြောက်လ ရှိပြီဖြစ်ပါတယ်။ NCA ချုပ်ဆိုခြင်း နှစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားမှာ ကျွန်တော်ပြောခဲ့သလို ပါဝင်လက်မှတ်ရေးထိုးထားကြတဲ့ အဖွဲ့များအနေနဲ့ စာချုပ်ပါ လုပ်သင့်လုပ်ထိုက်တဲ့၊ လုပ်နိုင်တာတွေကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် လုပ်ဆောင်ခြင်းအားဖြင့် ငြိမ်းချမ်းမှုရဲ့ ရလဒ်များ၊ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်များကို ရယူခံစားနိုင်ကြဖို့ ထပ်မံဆော်ဩလိုပြီး ပါဝင်လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးတို့ကလည်း ဆက်လက်ပူးပေါင်းပါဝင်လာကြဖို့ကို လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်းနဲ့ ဒီနေ့အခမ်းအနားလို မြင်ကွင်းမျိုးကို အစိုးရ၊ ပြည်သူ၊ တပ်မတော်အားလုံးတို့က မဝေးတဲ့အနာဂတ်မှာလည်း ဆက်လက်ပြီးမြင်တွေ့ဖို့ မျှော်လင့်နေကြကြောင်း ပြောကြားလိုပါတယ်။

### ဒို့တာဝန်အရေးသုံးပါးကို ရှေးရှု

NCA ဖြစ်ပေါ်လာဖို့အတွက် ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုစိတ်နဲ့ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ အဖွဲ့အစည်းအသီးသီးအကြားမှာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ သဘောတူညီမှုတွေရရှိအောင် စိတ်ရှည်သည်းခံမှုတွေနဲ့ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးညှိနှိုင်း လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ NCA စာချုပ်ပါ သဘောတူညီချက်တွေဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲထားတာမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကနဦး အဆိုပြုချက်တွေအပေါ်မှာအခြေခံပြီး အခန်းတစ်ခန်းချင်း၊ ပုဒ်မတစ်ခုချင်း၊ စာပိုဒ်တစ်ပိုဒ်ချင်း၊ စာလုံးအသုံးအနှုန်းတစ်ခုချင်းကို အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အသေးစိတ် အကျေအလည် ဆွေးနွေးညှိနှိုင်း သဘောတူရေးဆွဲထားတဲ့ စာချုပ်ဖြစ်ပါတယ်။ NCA အတွက် စတင်ဆောင်ရွက်ခဲ့ရာမှာ ကြိုတင်သဘောတူညီချက်ဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ရှေးရှုပြီး ပြည်သူများရဲ့ ဆန္ဒဖြစ်တဲ့ ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြမယ်ဆိုတဲ့ အချက်တွေကို ကြိုတင်သဘောတူခဲ့ပြီးမှ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

### အချိန်သတ်မှတ်ချက်

NCAရဲ့ အခြေခံမူများ ဒုတိယအချက်မှာ “ မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေး

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ အခန်းမှာ ပါရှိတဲ့ သဘောတူညီချက်များအတိုင်း တိတိကျကျ လိုက်နာမယ်ဆိုရင် NCA လက်မှတ်ရေးထိုးပြီး နောက်ပိုင်းကာလတွေမှာလည်း လက်နက်ကိုင်ပဋိပက္ခဆိုတာ ထပ်မံဖြစ်ပွားစရာအကြောင်းမရှိ**

နည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရန်” ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ဆိုရင် နိုင်ငံတကာမှာ ပြုလုပ်နေကျ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ အညီ အဆင့်ဆင့်မပျက်မကွက် ပြုလုပ်ရမယ်ဆိုတာ ငြိမ်းချမ်းရေးဆိုင်ရာ ပြည်ပနိုင်ငံများ လေ့လာရေးအစီအစဉ်တွေ၊ အခါအားလျော်စွာ သွားရောက်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများလည်း လက်တွေ့အပြန်အလှန် ဆွေးနွေးမှုများမှတစ်ဆင့် သိမြင်ခဲ့ကြပြီးလည်းဖြစ်လို့ အထူးပင် ထပ်မံပြောကြားဖို့ လိုမယ်မထင်မိပါ။ ဒီနေရာမှာ အချို့အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာ ခံစားချက်အချို့မှာ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း ကိစ္စရပ်များဟာ လက်နက်ချခိုင်းတယ်ဆိုတဲ့ မှားယွင်းစွာ မှတ်ယူကြမှုတွေ၊ သံသယစိတ်တွေ၊ မယုံကြည်စိတ်တွေ ဖြစ်ပေါ်နေကြတာကို ကျွန်တော်တို့ တွေ့မြင်နေကြရပါတယ်။ ဒါ့အပြင် NCA ကို လက်မှတ်ရေးထိုးခြင်းဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ အစိုးရနဲ့တပ်မတော်အပေါ် အလျှော့ပေးခြင်း မဟုတ်ဆိုတဲ့ အယူအဆရှိသူတွေ၊ ပုဂ္ဂိုလ်ရေးခံစားချက်ရှိသူအချို့လည်း တွေ့ရှိရပါတယ်။ ဒီသံသယစိတ်တွေ၊ မယုံကြည်စိတ်တွေ၊ စိုးရိမ်စိတ်တွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးရဲ့ အဖွဲ့ဝင်များအနေဖြင့် မရှိကြဖို့၊ မထားကြဖို့လည်း ပြောလိုပါတယ်။ ဒါ့အပြင် အမှန်တကယ်တော့ NCA မှာ လက်မှတ်ရေးထိုးခြင်းဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးစားပွဲဝိုင်းပေါ်မှာ ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာတဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်သာဖြစ်လို့ နှစ်ပေါင်း ၆၀ ကျော် ၇၀ နီးပါး အဖြေရှာမရသေးတဲ့ နိုင်ငံရေးပြဿနာများကို တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ စုပေါင်းတွေ့ဆုံ ဆွေးနွေးအဖြေရှာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

ညှိနှိုင်းခြင်းပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လက်နက်စွဲကိုင်ပြီး မိမိတို့ရဲ့လိုအင်ဆန္ဒများကို တောင်းဆို၍မရကြောင်း နားလည်သဘောပေါက်ပြီး နှစ်ပေါင်း ၆၀ ကျော် ၇၀ နီးပါး လက်နက်ကိုင်လမ်းစဉ်အပေါ် သံယောဇဉ်အစွဲအလမ်းကို ဖြတ်တောက်ပစ်နိုင်ဖို့ အကောင်းဆုံးအာမခံချက်ပေးနိုင်တဲ့ တစ်ခုတည်းသောအရာကလည်း NCA စာချုပ်ပဲဖြစ်တယ်ဆိုတာ ပြောကြားလိုပါတယ်။ ဒီစာချုပ်ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အစထားပြီး ရှေ့ဆက်လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေကိုပါ တိတိကျကျ ဖော်ပြထားတာဖြစ်ပါတယ်။ အဆင့်ဆင့်သော လုပ်ငန်းစဉ်တွေကို ကျော်လွန်ခြင်းမရှိဘဲ တစ်ဆင့်ပြီးတစ်ဆင့် ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်၊ တိတိကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုရင် အခက်အခဲမရှိနိုင်ပါကြောင်း ပြောကြားလိုပါတယ်။ အကောင်အထည်ဖော်ရာမှာလည်း သတိပြုကြရမယ့် အဓိကအချက်ကတော့ နိုင်ငံတကာရဲ့ ငြိမ်းချမ်းရေး ဆွေးနွေးဆောင်ရွက်ချက်ဖြစ်စဉ်အတိုင်း “လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်” တွေမှာလည်း ကြိုတင်ပြင်ဆင်စရာ ကိစ္စရပ်များကို ပြင်ဆင်ထားဖို့ လိုပါတယ်။ ဒါ့အပြင် NCA မှတစ်ဆင့် ထာဝရငြိမ်းရေးဆီသို့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကောင်အထည်ဖော်ရာတွင်လည်း အချိန်သတ်မှတ်ချက် (Time Frame) တစ်ခု တိတိကျကျ ညှိနှိုင်းထားရှိပြီး လိုအပ်သလို ဆွေးနွေးညှိနှိုင်းအဖြေရှာရင်း အောင်မြင်စွာ ဖြတ်ကျော်ကြရမှာ ဖြစ်ပါတယ်။

### ငြိမ်းချမ်းစွာ ညှိနှိုင်းဆွေးနွေးအဖြေရှာ

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များ အခန်းမှာပါရှိတဲ့ သဘောတူညီချက်များအတိုင်း တိတိကျကျ လိုက်နာမယ်ဆိုရင် NCA လက်မှတ်ရေးထိုးပြီး နောက်ပိုင်းကာလတွေမှာလည်း လက်နက်ကိုင်ပဋိပက္ခဆိုတာ ထပ်မံဖြစ်ပွားစရာအကြောင်းမရှိပါဘူး။ အကယ်၍ မတော်တဆ နားလည်မှုလွဲမှားပြီး ပဋိပက္ခအငယ်များဖြစ်လာရင်လည်း ဖြေရှင်းရမယ့်အချက်တွေ၊ နည်းလမ်းတွေကိုလည်း NCA မှာပဲ အတိအကျ ပြဋ္ဌာန်းထားခြင်းဖြစ်တဲ့အတွက် လိုက်နာဆောင်ရွက်သွားလျှင် မည်သည့်ပြဿနာမျှ ဖြစ်လာစရာမရှိတာ တွေ့ရမှာပါ။ တပ်မတော်ဟာ နိုင်ငံတော်မှ ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေတွေ၊ တပ်မတော်အက်ဥပဒေတွေ၊ နည်းဥပဒေတွေကို လေးစားလိုက်နာစောင့်ထိန်းရတာဖြစ်လို့ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး လုပ်ဆောင်၍မရတဲ့အတွက် NCA စာချုပ်ပါအချက်များအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စတင်စဉ်ကပင် ချမှတ်ခဲ့တဲ့ မူဝါဒ(၆)ရပ်အတိုင်း သွေဖည်ခြင်းမရှိဘဲ တိတိကျကျဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တည်ဆဲဥပဒေတွေ၊ ချမှတ်ထားသည့် မူဝါဒတွေ၊ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်တွေကို မလိုက်နာသူများကိုလည်း တိတိကျကျ၊ မှန်မှန်ကန်ကန် ဖော်ထုတ်အရေးယူနေတာလည်း ဖြစ်ပါတယ်။ NCA စာချုပ်နဲ့ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဟာ လက်နက်ကိုင်လမ်းစဉ်မှသည် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးမှသည် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုဖြစ်စေဖို့ မည်သည့်အင်အားစုကိုမှ အကျပ်အတည်း၊ အခက်အခဲမတွေ့ရအောင် ပြည်သူလူထုရဲ့အကျိုးစီးပွား ပြည်ထောင်စုရဲ့အကျိုးစီးပွားကို ဖော်ဆောင်နိုင်အောင် လမ်းခင်းပေးထားခြင်းသာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း နိုင်ငံတော်အတွင်း နှစ်ပေါင်း ၆၀ ကျော် ၇၀ နီးပါး ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးပြဿနာကို လက်နက်စွဲကိုင် အကြမ်းဖက်ပဋိပက္ခဖြေရှင်းမှုမှ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးစားပွဲဝိုင်းပေါ်မှာ ငြိမ်းချမ်းစွာ ညှိနှိုင်းဆွေးနွေးအဖြေရှာရင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်လည်းကောင်း၊ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ စိတ်ရှည်သည်းခံပြီး မဆုတ်မနစ် အကောင်အထည်ဖော် ဆောင်ရွက်နေတာဟာလည်း ယနေ့ကျင်းပပြုလုပ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို တက်ရောက်လာကြတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးအပြင် နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး လိုလားတောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့နဲ့ အများပြည်သူဆန္ဒနှင့်အညီ ဖြစ်ထွန်းပေါ်ပေါက်ပြီးဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာစေရေးအတွက် တပ်မတော်က ရိုးသားစွာဖြင့် ယုံကြည်ချက်၊ မျှော်လင့်ချက်အပြည့်ဖြင့် ထာဝရငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများတွင် တက်ကြွစွာဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့လည်း ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင်များအားလုံး နိုင်ငံတော်ကြီးအတွက် အရှည်မျှော်တွေး ဝိုင်းဝန်းပါဝင်ပူးပေါင်းဆောင်ရွက်ကြပါလို့လည်း ပြောကြားလိုပါတယ်။

ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ အဖွဲ့အစည်းအသီးသီးရဲ့ လိုအင်ဆန္ဒတွေကို ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းနည်းလမ်းတွေနဲ့ ငြိမ်းချမ်းစွာအဖြေရှာနိုင်ဖို့ လမ်းဖွင့်ထားတာဖြစ်လို့ ဒီလမ်းကြောင်းများကို လျစ်လျူရှုကြ၊ သွေဖည်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်ရမယ့် ဒီမိုကရေစီပန်းတိုင်ကို လျှောက်လှမ်းရာမှာ ကြန့်ကြာနေဦးမှာဖြစ်သလို အချိန်ကာလကြာမြင့်လေလေ နိုင်ငံတော်နဲ့ပြည်သူများရဲ့ လူမှုအကျိုးစီးပွားဘဝများဟာလည်း နိုင်ငံတကာနဲ့ ပခုံးချင်းယှဉ်နိုင်ဖို့ ဝေးကွာနေဦးမှာပဲဖြစ်ပါတယ်။ တပ်မတော်ရဲ့ အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးဆိုတာ တိုင်းပြည်ကို လုံခြုံအောင်လုပ်ဖို့၊ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့၊ ဥပဒေနဲ့ညီညွတ်တဲ့ ပြည်သူ့ဆန္ဒကို ကာကွယ်ဖို့ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့ဆန္ဒကို ဆန့်ကျင်ပြီး ပြည်သူတွေရဲ့အသက်၊ အိုးအိမ် စည်းစိမ်ကို ထိခိုက်စေနိုင်တဲ့ လုပ်ဆောင်မှုမှန်သမျှ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားကို ဆန့်ကျင်ဖျက်ဆီးနေတဲ့ လုပ်ရပ်များနဲ့ အဖွဲ့အစည်းများကို ကျွန်တော်တို့တပ်မတော်က ပေးအပ်ထားသည့် တာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်ပြီး ပြည်သူ့ဘက်က မားမားမတ်မတ်ရပ်တည် ကာကွယ်စောင့်ရှောက်သွားရမှာ ဖြစ်တယ်လို့ အသိပေးပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် မျက်မှောက်ခေတ်ကာလဟာ နည်းပညာများ လျင်မြန်စွာ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေပြီး အေးချမ်းတည်ငြိမ်မှုရှိပြီး ဖွံ့ဖြိုးတိုးတက်နေတဲ့ အိမ်နီးချင်း

*စာမျက်နှာ ၉ သို့*

# NCA လက်မှတ်ထိုးတာဟာ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းရေးအတွက်အရေးပါတဲ့ ပထမခြေလှမ်းဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ကိုယ်စား မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

### ဆုမွန်ကောင်းတောင်း

ကြွရောက်လာကြတဲ့ လေးစားအပ်ပါသော နိုင်ငံတော်သမ္မတကြီးနှင့်တကွ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ NCA လက်မှတ်ရေးထိုးထားကြသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအသီးသီးမှ ကိုယ်စားလှယ်အပါအဝင်၊ နိုင်ငံတကာမှ အစိုးရသံအရာရှိများ၊ NGOs, INGOs မှ မိတ်ဆွေကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာပါစေကြောင်း၊ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးကိုယ်စား ပဏာမဆန္ဒပြု ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဒီအခမ်းအနားကို တက်ရောက်လာသူများအားလုံးကိုလည်း ကိုယ်စိတ်နှစ်ပါး ပြည့်စုံကောင်းမွန်စေကြောင်း ဆုတောင်းမေတ္တာ ပို့ပါတယ်။ ဤဖြစ်စဉ်ကို အချိန်ယူ စေ့စပ်ညှိနှိုင်းဆွေးနွေးကာ အကောင်းဆုံးရလဒ်တစ်ခုဖြစ်အောင် ဆောင်ရွက်ပေးခဲ့သော နိုင်ငံတော်အစိုးရမှ ငြိမ်းချမ်းရေးကော်မရှင် (PC)နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)မှ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေးကိုယ်စားလှယ် (DPN) အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိပါကြောင်းနှင့် NCA လက်မှတ်ရေးထိုးတဲ့အခါမှာ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးကြသည့် ပြည်တွင်းပြည်ပ ခေါင်းဆောင်များကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

### ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး

ငြိမ်းချမ်းရေးနဲ့ပတ်သက်လာရင် အပစ်အခတ်ရပ်စဲရေး၊ တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံရေးအရ ဖြေရှင်းရေးဆိုပြီး ချဉ်းကပ်မှုသုံးမျိုးနဲ့ ရှုမြင်တတ်ကြပါတယ်။ တကယ်တော့ ဒီချဉ်းကပ်မှု သုံးမျိုးဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာပါပဲ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ငြိမ်းချမ်းရေးကို မျက်နှာစာ နှစ်ရပ်ဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေး၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလို့ပဲ ရှုမြင်ကြည့်ပါတယ်။

ပထမမျက်နှာစာဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးဟာ အပစ်အခတ်ရပ်စဲရေးမှာ အခြေခံပြီး လုံခြုံရေးစနစ်တစ်ခုလုံး ပြုပြင်ပြောင်းလဲရေး (SSR) အထိ အကျုံးဝင်သွားပါတယ်။ ဒီမျက်နှာစာတစ်ခုတည်းနဲ့လည်း ငြိမ်းချမ်းရေးဟာ မပြည့်စုံပါဘူး။ တစ်ဖက်နဲ့ တစ်ဖက် တိုက်ခိုက်ချေမှုန်းတဲ့ လက်နက်တွေကို ထိန်းချုပ်ရုံ၊ ဖြုတ်သိမ်းရုံနဲ့ ပြဿနာတွေ ပဋိပက္ခတွေ မပြေလည်ပါဘူး။ တစ်ဖက်နဲ့တစ်ဖက် ရန်ပြုတိုက်ခိုက်ချေမှုန်းစရာ မလိုတော့တဲ့ အခြေအနေရောက်အောင် ဆောင်ရွက်နိုင်မှသာ ငြိမ်းချမ်းရေးဟာ တည်မြဲမှာဖြစ်ပါတယ်။ ဒီအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် ငြိမ်းချမ်းရေးအတွက် ဒုတိယမျက်နှာစာဖြစ်တဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟာ လိုအပ်နေတာပဲ ဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသာလျှင် နိုင်ငံရေးအရ ပြဿနာကိုဖြေရှင်းခြင်း၊ မျှတပြီး အရှည်တည်တံ့မယ့် ဖွံ့ဖြိုးတိုးတက်ရေးတွေကို အာမခံနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် အပစ်အခတ်ရပ်စဲရေး NCA လက်မှတ်ထိုးတာဟာ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းရေးအတွက် အရေးပါတဲ့ ပထမခြေလှမ်းဖြစ်သလို ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာနိုင်မယ့် လမ်းစဖြစ်လာမယ်လို့ မျှော်လင့်ထားပါတယ်။ NCA ဟာ ကျွန်တော်တို့ရဲ့ ပန်းတိုင်မဟုတ်ပါဘူး။ နိုင်ငံရေးပြဿနာကို အဖြေရှာမည့် လမ်းကြောင်းတစ်ရပ်သာဖြစ်တယ်။ တက်လှမ်းရမယ့် လှေကားထစ်သဖွယ်သာဖြစ်တယ်ဆိုတာကို အလေးအနက် ထောက်ပြပြောဆိုလိုပါတယ်။ ဒါကြောင့် ဒီလမ်းကြောင်းမှန်မှ ကျွန်တော်တို့ မျှော်မှန်းတဲ့ ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပန်းတိုင်ကို ရောက်မယ်ဆိုတာ ရှင်းလင်းလှပါတယ်။

**“ အားလုံးမျှော်မှန်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို NCA လက်မှတ်ရေးထိုးပြီးသား တိုင်းရင်းသားညီနောင်များနဲ့ရော၊ မထိုးထားသေးတဲ့ ညီနောင်များနဲ့ပါ လက်တွဲပြီး ဒီ NCA လမ်းကို လမ်းမှန်ဖြစ်ရုံသာမက ဖြောင့်ဖြူးတဲ့လမ်းဖြစ်အောင် ဆောင်ရွက်သွားမယ်၊ ဖက်ဒရယ်ပြည်ထောင်စု မျှော်မှန်းချက်ကို မျက်ခြည်မပြတ်၊ လမ်းအလွဲမခံဘူးဆိုတာ ကတိပြုပါတယ် ”**

ဒါပေမယ့် ဒီလမ်းကြောင်းဟာ အကွေ့အကောက်မရှိဘူး။ ဖြောင့်ဖြောင့်ဖြူးဖြူးပဲဆိုတဲ့ စိတ်ကူးယဉ်မျိုး ကျွန်တော်တို့မှာ မရှိပါဘူး။ ကျွန်တော်တို့ဟာ မူပေါ်မှာရပ်တည်သလို တိုင်းရင်းသားပြည်သူတွေ အကျိုးအတွက်၊ ပြည်ထောင်စုအကျိုးအတွက် လက်တွေ့ကျတဲ့ ရွေးချယ်မှုတွေကို ပြုလုပ်ဖို့လည်း မတွန့်ဆုတ်ပါဘူး။

ကျွန်တော်တို့ရဲ့ရွေးချယ်မှုဟာ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ် အစည်းအရုံးဆိုတဲ့ အဖွဲ့နှစ်ဖွဲ့တည်း အကျိုးစီးပွားအတွက် ကွက်ပြီးလုပ်ဆောင်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ မျှော်မှန်းတဲ့ ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ အနာဂတ်မျှော်မှန်းချက်ကို ဦးတည်ပါတယ်။ ကျွန်တော်တို့ အမျိုးသားတွေရဲ့ အကျိုးစီးပွားနဲ့ ပြည်ထောင်စုကြီးရဲ့ အကျိုး၊ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ရဲ့ အကျိုး၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်အရ အကျိုးစီးပွားဟာ တစ်ဆက်တစ်စပ်တည်း တစ်သားတည်း ခွဲခြားမရအောင် ဆက်စပ်နေပါတယ်။ ပြည်ထောင်စုဝင်အားလုံး လူမျိုးဘာသာ ဆူကြံနိမ့်မြင့် မခွဲခြားဘဲ ပဋိပက္ခချုပ်ငြိမ်းခြင်းရဲ့ အကျိုး၊ တရားဥပဒေစိုးမိုးမှုရဲ့ မျှဝေကျင့်သုံးတဲ့ အချုပ်အခြာ အာဏာပိုင်စိုးခြင်းရဲ့ အကျိုး၊ လူမှုစီးပွားရေးဖွံ့ဖြိုးမှုနဲ့ တိုင်းရင်းသားများ စာပေယဉ်ကျေးမှုပေါင်းစုံ ရှင်သန်ခွင့်ရတဲ့ အကျိုးကျေးဇူးအထွေထွေကို ခံစားနိုင်ဖို့အတွက်ဆိုတဲ့ မျှော်မှန်းချက်နဲ့ ဒီလမ်းကိုလျှောက်လှမ်းဖို့ ဆုံးဖြတ်ခဲ့တာပါ။

### အားလုံးရဲ့သဘောထားကို ရယူမှာဖြစ်

NCA စာချုပ်နဲ့အညီ မကြာခင်မှာ အမျိုးသားအဆင့် ဆွေးနွေးပွဲတွေ ကျင်းပမှာဖြစ်ပါတယ်။ မွန်နဲ့ လားဟူဒေသမှာရှိတဲ့ ဆရာတော်သံဃာတော်တွေရဲ့ ဩဝါဒကို ခံယူမယ်။ ဒေသအတွင်းမှာ ဖြန့်ကြက်နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးအသီးသီး၊ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ မီဒီယာတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကျန်းမာရေး၊ ပညာရေးပိုင်းဆိုင်ရာကစပြီး အုပ်ချုပ်ရေးနယ်ပယ်အသီးသီးမှ ဝန်ထမ်းတွေအပြင် နိုင်ငံအသီးသီးမှာ ရောက်ရှိနေကြတဲ့ မွန်နဲ့လားဟူမျိုးချစ်တွေ အားလုံးနဲ့တိုင်ပင်နှီးနှောပြီး အားလုံးရဲ့သဘောထားကို ရယူမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရွေးချယ်မှုနဲ့ပတ်သက်ပြီး သံသယဖြစ်သူတွေ၊ သဘောမတူသူတွေလည်း ရှိနိုင်တာကို အသိအမှတ်ပြုပါတယ်။ အဲ့ဒီကွဲလွဲသူများရဲ့ အမြင်သဘောထားတွေကိုလည်း အလေးအနက်ထားပါတယ်။ ကျွန်တော်တို့နဲ့အမြင်၊ နည်းနာပိုင်းမှာ သဘောထားကွဲပေမယ့် စေတနာနဲ့ မျှော်မှန်းချက်မှာတော့ မကွဲလွဲဘူးလို့လည်း ခံယူထားပါတယ်။ ကျွန်တော်တို့ဟာ ဒီနည်းနာလမ်းကြောင်းကို အားလုံးက လက်တွေ့ကျကျ ပါဝင်ပြီး အားလုံးပိုင်ဆိုင်တဲ့ (Ownership) ငြိမ်းချမ်းတဲ့၊ သာယာဝပြောတဲ့၊ သိက္ခာရှိတဲ့ပြည်ထောင်စု တည်ဆောက်ရေးမှာ ပါဝင်ကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဖြစ်ပေမယ့် ပြည်ထောင်စုရဲ့ အနှစ်သာရဖြစ်တဲ့ ဖက်ဒရယ်စနစ်ကို ခုချိန်ထိ တန်းတူမခံစားကြရသေးတဲ့အတွက် ပြည်တွင်းစစ်မီးဟာ မငြိမ်းနိုင်သေးဖြစ်နေရတာပါ။ အခုချိန်ထိ NCA ဖြစ်စဉ်မှာ မပါဝင်နိုင်သေး၊ ပါဝင်ခွင့်မရသေးတဲ့ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အသီးသီးနဲ့ ပဋိပက္ခတွေရဲ့ဒဏ်ကို ခါးစည်းခံနေရသေးတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ရှိပါသေးတယ်။ ကျွန်တော်တို့ ကိုယ်လွတ်မရုန်းပါဘူး၊ သစ္စာမဖဲ့ဘူးဆိုတာ အခိုင်အမာ ပြောပါမယ်။ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် ပေးဆပ်ခဲ့တဲ့ တိုင်းရင်းသားတော်လှန်ရေးသမားတွေအားလုံးကို တိုင်တည်သစ္စာဆိုပါတယ်။ ဒါဟာ ကျင့်ဝတ်အရ သစ္စာပြု တာဝန်ခံမှုသာမက နိုင်ငံရေးအရလည်း တိုင်းရင်းသားတွေအားလုံး အကျိုးမခံစားဘဲ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိဘဲ၊ NCA လက်မှတ်ထိုးရုံနဲ့ ပြီးပြည့်စုံမယ်လို့ မျှော်လင့်မထားဘူးဆိုတာ ပြောကြားလိုပါတယ်။

### လမ်းအလွဲမခံဘူးဆိုတာ ကတိပြု

အားလုံးမျှော်မှန်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို NCA လက်မှတ်ရေးထိုးပြီးသား တိုင်းရင်းသားညီနောင်များနဲ့ရော၊ မထိုးထားသေးတဲ့ ညီနောင်များနဲ့ပါ လက်တွဲပြီး ဒီ NCA လမ်းကို လမ်းမှန်ဖြစ်ရုံသာမက ဖြောင့်ဖြူးတဲ့လမ်းဖြစ်အောင် ဆောင်ရွက်သွားမယ်။ ဖက်ဒရယ်ပြည်ထောင်စု မျှော်မှန်းချက်ကို မျက်ခြည်မပြတ်၊ လမ်းအလွဲမခံဘူးဆိုတာ ကတိပြုပါတယ်။

တစ်စပ်တည်းမှာလည်း နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ခေါင်းဆောင်များကို ပြောပြလိုတာက တိုင်းရင်းသားတွေဟာ သမိုင်းကြောင်း အတွေ့အကြုံအရ သံသယနဲ့ စိုးရိမ်စိတ်တွေ ရှိနေပေမယ့်၊ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိကြပါတယ်။ ဘယ်သူမှ နောက်ချန်မနေချင်သလို ဖျက်မြင်းလည်း မဖြစ်ချင်ကြပါဘူး။ ပြည်တွင်းစစ်ဒဏ်ကို တကယ်နာကျင်ခံစားခဲ့ကြသူတွေ၊ ခံစားနေရဆဲဖြစ်သူတွေမို့ စစ်ကိုရပ်စဲပြီး ငြိမ်းချမ်းရေးကို ခိုင်မြဲစေချင်ကြပါတယ်။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲတွေ၊ တပ်မတော်ခေါင်းဆောင်တွေအနေနဲ့ စိတ်ရှည်ရှည်ထားပြီး အားလုံးပါဝင်ရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာဖို့ ဒီထက်ဆတိုးအားထုတ်ပေးပါ။ သဘောထားကြီးမှုရှိရှိနဲ့ ထိုးစစ်ဆင်မှုတွေကို အမြန်ဆုံးရပ်စဲပါလို့ တိုက်တွန်းပါရစေ။

### အနာဂတ်ကို ဦးတည်

ပြည်ထောင်စုကြီးတစ်ခုလုံး မျှော်မှန်းတဲ့ ငြိမ်းချမ်းဝပြောလွတ်လပ်တဲ့၊ စိတ်ဓာတ်ပွင့်လင်းမြင့်မြတ်တဲ့၊ မေတ္တာနဲ့ ခန္တီတရားထွန်းကားတဲ့ အနာဂတ်ကို ဦးတည်ဖို့ ကျွန်တော်တို့ မွန်ပြည်သစ်ပါတီရော၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးကပါ ပိုင်းဖြတ်ထားကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။



နိုင်ထောမွန် (မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ)

---

*စာမျက်နှာ ၈ မှ*

နိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ အများစုရဲ့ စီးပွားရေးဟာ လျင်မြန်စွာ၊ အရှိန်အဟုန်ပြင်းစွာ ဖွံ့ဖြိုးတိုးတက်နေပါတယ်။ ဒါဟာ အေးချမ်းတည်ငြိမ်မှုမှသည် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ဆိုတာ ငြင်းမရပါဘူး။ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ လက်နက်ကိုင်ပဋိပက္ခတွေလုံးဝမရှိဘဲ တည်ငြိမ်အေးချမ်းမှုရှိမယ်ဆိုရင်တောင်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အခြားနိုင်ငံတွေကို မီအောင် ရင်ပေါင်တန်းနိုင်အောင်များစွာ ကြိုးပမ်းရုန်းကန်ရဦးမှာ ဖြစ်ပါတယ်။ တည်ငြိမ် အေးချမ်းမှုမရှိဘူးဆိုရင်တော့ ကျွန်တော်တို့ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အနာဂတ်မြင်ကွင်းတွေဟာလည်း ဝေဝါးမှုန်ရီနေဦးမှာ ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဆိုးကျိုးတွေကို ပထမဆုံး ရင်ဆိုင်နေရတာက ကျွန်တော်တို့ တပ်မတော်သားတွေနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ပဋိပက္ခကြားမှာ မြေစာပင်ဖြစ်တဲ့ ပြည်သူတွေဖြစ်သလို နောက်ဆက်တွဲဆိုးကျိုးတွေကိုလည်း ကျွန်တော်တို့ အပါအဝင် ပြည်သူတွေ အားလုံးက ခံစားကြရမှာဖြစ်လို့ စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်တဲ့ ဆန္ဒ အမှန်နဲ့ စိတ်ရှည်သည်းခံပြီး ဆက်လက် အမြန်ဆုံးအောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြဖို့ လိုအပ်ကြောင်းလည်း ပြောကြားလိုပါတယ်။ ဒ့ါအပြင် ဖြစ်ပေါ်လာနိုင်တဲ့ ဘက်ပေါင်းစုံမှ ခြိမ်းခြောက်မှုအန္တရာယ်တွေကလည်း ကျွန်တော်တို့ နိုင်ငံအပေါ်မှာ အချိန်မရွေးကျရောက်လာနိုင်တဲ့ အခြေအနေတွေ ဖြစ်ကောင်းဖြစ်လာနိုင်တာမို့လို့ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး၊ အစွန်းနှစ်ပါးရှောင်ရှားကြပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး အချိန်တိုအတွင်းအမြန်ဆုံး ဖြစ်ထွန်းပေါ်ပေါက်လာစေရေး “စုပေါင်းညီညာအောင်ကြောင်းဖြာ”ဆိုသလို တစ်မြေတည်းနေ တစ်ရေတည်းသောက်နေကြတဲ့ လေးစားချစ်ကြည်ရင်းနှီး အပ်ပါသော ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျွန်တော်တို့အားလုံးနဲ့ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

---

## နှစ်နိုင်ငံသားများ၏ ကောင်စစ်ဆိုင်ရာအရေးကိစ္စရပ်များ အဆင်ပြေစွာဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ပထမအကြိမ် ကောင်စစ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဌာနမှ လက်ထောက်အတွင်းဝန် H.E.Mr. Carl C.Risch ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် နှစ်နိုင်ငံအကြား ကောင်စစ်ဆိုင်ရာ ဆက်ဆံရေး ပိုမို အဆင်ပြေ ချောမွေ့ရေး၊ နှစ်နိုင်ငံသားများ၏ ကောင်စစ်ဆိုင်ရာ အရေးကိစ္စရပ်များကို လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်ပေးရေးတို့အပြင် နှစ်နိုင်ငံအကြား ကောင်စစ်နှင့် ဗီဇာဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်ချင်း ဖလှယ်ခဲ့ကြပြီး သက်ဆိုင်ရာ နိုင်ငံသားများ အကျိုးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ယခုကျင်းပပြုလုပ်သည့် အစည်းအဝေးသည် နှစ်နိုင်ငံအကြား ကောင်စစ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ပထမအကြိမ်အဖြစ် စတင်ကျင်းပခြင်းဖြစ်ပြီး ဆက်လက်၍ ကျင်းပသွားရန် အစီအစဉ်ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**



# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုပြီးဖြစ်သည့် **စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် ၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများအလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း** တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော ချင်းပြည်နယ် မတူပီခရိုင် မတူပီမြို့နယ် ရေဇွာမြို့တွင် ရပ်ကွက်သုံးရပ်ကွက် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် အတွင်း ဖွဲ့စည်းထားရှိသော မိုပိုင်းလွတ်မြို့ကို ဟုမ္မလင်းမြို့နယ်အတွင်းသို့ မိုပိုင်းလွတ် အမည်ဖြင့် ထည့်သွင်းဖွဲ့စည်းခြင်း၊ ဟုမ္မလင်းမြို့နယ်တွင် ရပ်ကွက် ၁ ရပ်ကွက်နှင့် ခင်ဦးမြို့နယ်တွင် ရပ်ကွက် ၁ ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်း၊ ရှမ်းပြည်နယ် လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃ အုပ်စု၊ ကျေးရွာ၉ ရွာအမည် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျေးရွာ ၃၄ ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာ ၁၁၇ ရွာပယ်ဖျက်ခြင်းနှင့် ကွန်ဟိန်းမြို့နယ်တွင် ကျေးရွာ ၁ ရွာ တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကျပ် ၁၃၅၉၅ ဒသမ ၁၆၆ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စ** ရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြပြီး လွှတ်တော်က မှတ်တမ်းတင်သည်။

ထိုသို့ ရှင်းလင်းတင်ပြရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်စားလှယ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်သမ္မတ၏အရေးပေါ်ရန်ပုံငွေမှ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးလုံခြုံရေးအတွက် အရေးတကြီးလိုအပ်နေသော လုပ်ငန်းများဆောင်ရွက်သွားမည့်အခြေအနေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၄ ခွဲ အသစ်ဖွဲ့စည်းရာတွင် လိုအပ်သည့် ငွေလုံးငွေရင်းအသုံးစရိတ်အတွက် အရေးပေါ်ရန်ပုံငွေမှ တောင်းခံသုံးစွဲမည့် အခြေအနေ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ ဓာတ်အားလိုင်းတည်ဆောက်ရန်အတွက် နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေမှ သုံးစွဲမည့်အခြေအနေ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက တာချီလိတ် မြို့နယ် မဲဟောက်ချောင်း မြန်မာဘက်ကမ်းကမ်းပြိုမှုကာကွယ်ရေး လုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေမှ သုံးစွဲမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော **ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ချေးငွေရယူရန်ကိစ္စ**နှင့် စပ်လျဉ်းပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဆင့်(၂)အတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ODA Loan ချေးငွေ ဂျပန်ယန်း ၁၄ ဒသမ ၉၄၉ ဘီလီယံ ချေးယူသွားမည်ဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်းမှာ နှစ် ၄၀ဖြစ်ပြီး အတိုးနှုန်းမှာ သုည ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အတိုးကျသင့်ငွေကို တစ်နှစ်လျှင် ၂ ကြိမ်ပေးရမည်ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလကုန်ဆုံးပြီးချိန်တွင် တစ်နှစ်ကို ၂ ကြိမ်နှုန်းဖြင့် အရင်းပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းကြရန် ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာထားသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စားလှယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက **၂၀၁၈ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း** အား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်(သတင်းစဉ်)**

# မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပသည်။ **(ယာပုံ)**




**ရှင်းလင်းဖြေကြား**

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ မွန်ပြည်သစ်ပါတီ(NMSP)မှ နိုင်အောင်မငေးနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) မှ နာဗစ်ဘွန်တို့က သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားသည်။

NCA နှင့် ပတ်သက်သည့် အကျဉ်းချုပ် ရှင်းလင်းချက်ကို ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက ရှင်းလင်းပြောကြားရာတွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC) မှ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေးကိုယ်စားလှယ် (DPN) တို့သည် ယနေ့လက်မှတ်ရေးထိုးပွဲအခမ်းအနား ဖြစ်ပေါ်လာရန် ၁၈ လ အတွင်း အလွတ်သဘော ဆွေးနွေးမှုပေါင်း ကိုးကြိမ်နှင့် တရားဝင်ဆွေးနွေးမှုပေါင်း ကိုးကြိမ် စုစုပေါင်း ၁၈ ကြိမ် ပြုလုပ်ခဲ့ရကြောင်း၊ NCA လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း မကြာခဏ တွေ့ဆုံဆွေးနွေးလျက် ရှိပါကြောင်း ပြောကြားသည်။

**အများကြီးဖြစ်နိုင်ခြေရှိ**

ထို့နောက် NCA လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်၍ မေးမြန်းရာ ဦးခင်ဇော်ဦးက " ၂၀၁၈ ခုနှစ်မှာ အခြားအဖွဲ့တွေ လက်မှတ်ရေးထိုးနိုင်တဲ့ အခြေအနေရှိလားလို့ ပြောရင်ရှိတယ်လို့ ဖြေရမှာဖြစ်ပါတယ်၊ ဘယ်အဖွဲ့တွေလဲလို့ မေးရင်တော့ ပြောပြလို့မရသေးပါဘူး၊ ၂၀၁၈ ခုနှစ်ထဲမှာတော့ အများကြီးဖြစ်နိုင်ခြေရှိပါတယ်၊ ၁၀ လလောက် အချိန်ရှိသေးတယ်၊ ကျွန်တော်တို့ရအောင် ညှိနှိုင်းမယ်၊ ကျန်တဲ့အဖွဲ့တွေ ပါလာနိုင်စရာ အခြေအနေတွေရှိပါတယ်"ဟု ဖြေကြားသည်။

**လိုက်ပါလာနိုင်ခြင်းမရှိ**

ရခိုင်အမျိုးသားကောင်စီ(ANC) လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသည့် အခြေအနေနှင့်ပတ်သက်၍ ဦးဇော်ဌေးက "ကျွန်တော်တို့ ANC နဲ့ ၁၁ ရက်နေ့ ညပိုင်းထိညှိတယ်၊ ANC၊ LDU၊ WNO သုံးဖွဲ့က NCA လက်မှတ်ထိုးစရာမလိုဘဲ ငြိမ်းချမ်းရေးညီလာခံကို တိုက်ရိုက်တက်ရောက်ခွင့်ပြုမယ်လို့ သမ္မတဦးသိန်းစိန် လက်ထက်က ပြောထားခဲ့တာရှိပါတယ်၊ အခု အစိုးရလက်ထက်မှာတော့ UNFC ထဲမှာ သူတို့ သုံးဖွဲ့ပါလာတယ်၊ NCA လက်မှတ်ထိုးဖို့ ANC ကို နောက်ဆုံးအချိန်အထိ ညှိခဲ့ပါတယ်၊ ဒါပေမယ့် လက်မှတ်ထိုးမယ့်အထဲမှာ ANC က လိုက်ပါလာနိုင်ခြင်းမရှိဘူး၊ ANC ရဲ့အခြေအနေက လက်မှတ်ထိုးဖို့ မျှော်လင့်ချက် နည်းသွားပါပြီ"ဟု ဖြေကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ တတိယ အစည်းအဝေးကျင်းပမည့်အခြေအနေနှင့် ပတ်သက်၍ ဦးဇော်ဌေးက "အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပနိုင်မှ ငြိမ်းချမ်းရေးညီလာခံလုပ်မယ်လို့ လက်မှတ်ထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပါဝင်တဲ့ PPST က ထုတ်ပြန်ထားတယ်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ -RCSS အနေနဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ဖို့ ကျွန်တော်တို့ အလွတ်သဘောတွေ့ဆုံညှိနှိုင်းနေပါတယ်၊ အဲ့ဒါပြေလည်ပြီဆိုရင်တော့ ညီလာခံကျင်းပလို့ရပါပြီ၊ မွန်ပြည်သစ်ပါတီအနေနဲ့ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ညှိနှိုင်းစဉ်က တောင်းဆိုချက်တစ်ချက်ပါပါတယ်၊ NCA လက်မှတ်ထိုးမယ်၊ လက်မှတ်ထိုးပြီးတာနဲ့ ညီလာခံမှာပါဝင်နိုင်ဖို့ လုံလောက်တဲ့ အချိန်တစ်ခုပေးပါ၊ မွန်ပြည်သစ်ပါတီက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကျင်းပမယ်၊ ကျင်းပတဲ့အခါ ကဏ္ဍငါးရပ်အတွက် နိုင်ငံရေး စာတမ်းတွေတင်နိုင်ဖို့ ဆောင်ရွက်ပြီးမှပဲ ညီလာခံလုပ်မယ်၊ RCSS နဲ့လည်း အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ဖို့ ကြိုးစားသွားမယ်"ဟု ဖြေကြားသည်။

UPDJC အစည်းအဝေး ကျင်းပသွားမည့် အခြေအနေနှင့် စပ်လျဉ်း၍ ဦးခင်ဇော်ဦးက "UPDJC အစည်းအဝေးက မကြာခင် ဒီရက်ပိုင်းအတွင်း စတင်ဖို့ရှိပါတယ်၊ အဲ့ဒီအစည်းအဝေးမှာတော့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲလုပ်ဖို့ တင်ပြပြီးတော့မှ သဘောတူ ဆက်လက်ဆောင်ရွက်ပါမယ်၊ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲမကျင်းပနိုင်သေးတဲ့ အခြားအဖွဲ့တွေအတွက်လည်း ဆက်လက်ဆောင်ရွက်ပါမယ်၊ အဲ့ဒါတွေ ပြီးသွားရင်တော့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ စတင်နိုင်ပါတော့မယ်၊ ရခိုင်ကတော့ သီးခြားအခြေအနေဖြစ်နေတဲ့အတွက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ စတင်နိုင်ဦးမှာ မဟုတ်ပါဘူး၊ NCA လက်မှတ်ထိုးထားတဲ့ ရှစ်ဖွဲ့နဲ့လည်း တရားဝင်မဟုတ်ပေမယ့် တွေ့ဆုံမှုတွေရှိပါတယ်" ဟု ဖြေကြားသည်။

**ဖြည့်စွက်ဖြေကြား**

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဦးဇော်ဌေးက "မွန်ပြည်သစ်ပါတီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်နိုင်ဖို့အတွက် UPDJC အစည်းအဝေးခေါ်ရပါမယ်၊ မူလစီစဉ်ထားတာက ဒီနေ့လက်မှတ်ထိုးမယ်၊ ၁၄ ရက်နေ့ UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးခေါ်မယ်၊ ၁၅ ရက်နေ့ UPDJC အစည်းအဝေးလုပ်မယ်လို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ကမ်းလှမ်းတယ်၊ သူတို့ဘက်က အဆင်မပြေတဲ့အတွက် မကြာခင် ရက်ပိုင်းအတွင်းမှာ UPDJC အမြန်ဆုံး စတင်နိုင်ပါမယ်"ဟု ဖြည့်စွက်ဖြေကြားသည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် တိုက်ပွဲများဖြစ်ပွားနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း "တပ်မတော်အနေနဲ့ ထိုးစစ်ဆင်စရာ မရှိပါဘူး"ဟု ရှင်းလင်းထားပြီးပါပြီ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အနေနဲ့ သတ်မှတ်တဲ့ နေရာမှာရှိနေမယ်ဆိုရင် ဘာမှဖြစ်စရာ အကြောင်းမရှိပါဘူး၊ ပြောထားတဲ့ ကတိကဝတ်တွေလည်းရှိပါတယ်၊ ဒါတွေကျော်လွန်လာပြီး ပြည်သူရဲ့အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်လာမယ်ဆိုရင်တော့ တပ်မတော်အနေနဲ့ ဆောင်ရွက်ရပါတယ်၊ သွားပြီး ထိုးစစ်ဆင်နေတာမဟုတ်ပါဘူး"ဟု ဖြေကြားသည်။

**မွန်ပြည်သစ်ပါတီအနေဖြင့် NCA လက်မှတ်ထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ပါဝင်လာရန် ကူညီသွားမည်ဖြစ်ကြောင်းကို မွန်ပြည်သစ်ပါတီမှ နိုင်အောင်မငေးက** "ကျွန်တော်တို့ မွန်ပြည်သစ်ပါတီက NCA လမ်းကြောင်းအတိုင်းသွားမယ်၊ ကျန်တဲ့ အဖွဲ့အစည်းတွေ ပါဝင်လာဖို့အတွက် ကျွန်တော်တို့ ပြောမယ်၊ NCA က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲတဲ့အပြင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် လမ်းကြောင်းဖြစ်တယ်ဆိုတာကို ကျန်တဲ့အဖွဲ့အစည်းတွေကို ပြောမယ်၊ မြောက်ပိုင်းအဖွဲ့တွေကိုရော အစိုးရနဲ့တပ်မတော်ကိုရော ချဉ်းကပ်မယ်၊ မေတ္တာရပ်ခံမယ်"ဟု ဖြေကြားသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် Bilateral လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်းကို ဦးဇော်ဌေးက "ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နဲ့ ကျွန်တော်တို့ သဘောတူထားတာ Bilateral သွားမယ်၊

*စာမျက်နှာ ၁၄ သို့*

# ဖေဖော်ဝါရီလ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့တွင် NCA လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍

## မောင်ငြိမ်းချမ်း(ကော်မရှင်)

**မွန်ပြည်သစ်ပါတီ (New Mon State Party - NMSP) နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (Lahu Democratic Union-LDU)တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် ပါဝင်လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်သည့်အပေါ် ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။**



**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အစိုးရကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** ဓာတ်ပုံ-သတင်းစဉ်

NCA တွင် မူလလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့ရှိပါသည်။ ယင်းတို့မှာ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ DKBA၊ KNU/KNLA - PC တို့ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ ယခုအခါ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၁၀ ဖွဲ့ ရှိလာမည်ဖြစ်ပါသည်။

မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့သည် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)၏ အဖွဲ့ဝင်များဖြစ်ကြပြီး UNFC သည် ယင်း၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)ကို ဖွဲ့စည်းကာ အဆိုပြုချက်များကို ပြည်ထောင်စုအစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်နှင့် တစ်နှစ်ကျော်ဆွေးနွေးလာရာမှ ယခုအခါ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်ပါတီအစည်းအရုံးတို့က NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ကြခြင်း ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတက မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်သူများ မဟုတ်ကြောင်းကိုလည်းကောင်း၊ မတရားအသင်းများ အက်ဥပဒေအရ မတရားအသင်းအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းကိုလည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်သည်ကို သတိပြုမိပါသည်။

ပြီးခဲ့သည့်ရက်က မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးဥက္ကဋ္ဌ ကြာခွန်ဆာတို့က သတင်းမီဒီယာများအား ပြောကြားရာတွင် “နောက်ပိုင်းမှာ ပြောင်းလဲလာတဲ့ အခြေအနေတွေအပေါ် မူတည်ပြီး လက်မှတ်ရေးထိုးဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်၊ NCA တွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်တွေအပြင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ပါဝင်လာအောင် ကြိုးပမ်းမယ်”ဟု ပွင့်ပွင့်လင်းလင်း တက်တက်ကြွကြွ ပြောဆိုလိုက်ခြင်းမှာ အားရဖွယ်ရာ ဖြစ်ပါသည်။

### ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးခရီး

NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြခြင်းသည် ငြိမ်းချမ်းရေးကို ရှေးရှုခြင်းပင် ဖြစ်ပါသည်။ သမိုင်းတွင်မည့် ကောင်းမွန်သော ဆောင်ရွက်ချက်လည်း ဖြစ်ပါသည်။ တိုင်းရင်းသားအဖွဲ့အစည်း နှစ်ဖွဲ့ ထပ်မံပါဝင်လက်မှတ်ရေးထိုးခြင်းသည် အရေအတွက်အားဖြင့် များပြားလှသည် မဟုတ်သော်လည်း သိသာထင်ရှားသည့် ရလဒ်ကောင်းတစ်ခု ဖြစ်ပါသည်။ ပြည်သူ့အစိုးရသစ်ကာလတွင် အောင်မြင်မှုမှတ်တိုင်တစ်ခုလည်း ဖြစ်ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးခရီးတွင် ထူးခြားသည့် အရွေ့တစ်ခုလည်း ဖြစ်ပါသည်။

ဤနေရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် စပ်လျဉ်း၍ အကျဉ်းမျှ ပြန်လည်ဖော်ပြရလျှင် NCA သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး အတိုင်းအတာဆောင်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှုကို ဦးတည်၍ သဘောတူစာချုပ် ချုပ်ဆိုခြင်းဖြစ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံးတွင် အကျိုးသက်ရောက်မှု ရှိပါသည်။

NCA သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်ကြသည့် အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့် ကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး၊ ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြခြင်းလည်း ဖြစ်ပါသည်။

### NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြခြင်း၏ အကျိုးတရားများ

ယခုကဲ့သို့ NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြခြင်း၏ အကျိုးတရားများအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ကန့်သတ်ထားသည့်နေရာမှလွဲ၍ လက်နက်ခဲယမ်းကိုင်ဆောင်ခြင်းမပြုဘဲ လွတ်လပ်စွာသွားလာနိုင်မည် ဖြစ်ပါသည်။ ထိန်းချုပ်ထားသည့် နယ်မြေတွင်လည်း နှစ်ဖက်သဘောတူညီမှုရယူပြီး လက်နက်ဖြင့် သွားလာနိုင်မည် ဖြစ်ပါသည်။ ဥပဒေချိုးဖောက်ခြင်းမှအပ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်မှုကြောင့် ဖမ်းဆီးအရေးယူခြင်း မခံရနိုင်ပါ။ မတရားအသင်း အက်ဥပဒေအရ မတရားအသင်းအဖြစ်မှ နိုင်ငံတော်သမ္မတက ပယ်ဖျက်ပေးသည့်အပြင် ပတ်သက်ဆက်နွှယ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုလည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ မတရားအသင်းများ အက်ဥပဒေတို့အရ အရေးယူခြင်းပြုမည် မဟုတ်ပါ။ မတရားအသင်းများ အက်ဥပဒေအရ အမှုစွဲဆိုခံနေရသူများ၊ အကျဉ်းကျနေသူများ လွတ်မြောက်ရေးအတွက်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် မတရားအသင်းအဖြစ် တည်ရှိနေစဉ်က သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် ဆက်သွယ်ဆက်ဆံပြောဆိုကြရသည့် ပြည်သူများအနေဖြင့်လည်း စိုးရိမ်မှုနှင့် အကြောက်တရားများ ပပျောက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာနယ်မြေဒေသရှိ ပြည်သူများ၏ ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေး မျှော်လင့်ချက်ရောင်ခြည်များ တောက်ပလာမည် ဖြစ်ပါသည်။ အဓိကမှာ NCA ပါလုပ်ငန်းများကို ပူးပေါင်းပါဝင်အကောင်အထည်ဖော်ခွင့်ရရှိပြီး ပဋိပက္ခဖြေရှင်းရေးကိုအခြေခံသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အသစ်တစ်ရပ်ကို တည်ဆောက်ကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲများ၏ ရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်မည် ဖြစ်ပါသည်။

“ဖက်ဒရယ်”ဆိုသည်မှာ စုစည်းနေထိုင်ကြပြီး တိုးတက်ခေတ်မီသော ပြည်ထောင်စုစနစ်ကို ဒီမိုကရေစီနည်းလမ်းဖြင့် ထူထောင်ခြင်းဖြစ်ရာ ပြည်ထောင်စုကြီး ရှင်သန်ခိုင်မာရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု အားကောင်းခိုင်မာရေး၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု ကမ္ဘာတည်သရွေ့တည်တံ့ရေးတို့ကို ရှေးရှု၍ အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းကြရမည် ဖြစ်ပါသည်။

### ပြည်ထောင်စုကြီးငြိမ်းချမ်းရေး

နိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်သူများ သေကျေဒဏ်ရာရ၊ ဒုက္ခပင်လယ်ဝေကာ ဆင်းရဲနွမ်းပါးမှုနှင့် အကျပ်အတည်းများ များပြားလာသကဲ့သို့ အချင်းချင်း သံသယနှင့် နာကြည်းမှုပိုမိုများပြားလာခြင်းသည် ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှုကို ထိခိုက်အားလျော့လာစေပါသည်။ ပြည်သူများ၏ဒုက္ခများ လျော့ပါးသက်သာရေး၊ ပြည်ထောင်စုကြီးငြိမ်းချမ်းရေး၊ နောက်ကျနေသော အမိနိုင်ငံအား အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများကို အမီလိုက်နိုင်အောင် နှစ် ၇၀ ခန့် ကြာရှည်စွာ ကြုံတွေ့ရသည့် အတွေ့အကြုံများမှ သင်ခန်းစာယူကြရန်နှင့် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး ငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်ကြပြီး အပြုသဘောဖြင့် ဆွေးနွေးကြရန် လိုအပ်ပါသည်။

ဒုက္ခရောက်နေကြသည့် ပြည်သူများကို ငဲ့ညှာထောက်ထားကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီအခွင့်အရေး၊ ဖက်ဒရယ်အခွင့်အရေးတို့အတွက် နှစ်ဦးနှစ်ဖက် လေးစားမှု၊ ပွင့်လင်းရိုးသားမှုကို အခြေခံကာ အတ္တ၊ လောဘ၊ ဒေါသတို့ကို လျှော့ကြပြီး ရင်းနှီးစွာ ဆွေးနွေးကြရမည် ဖြစ်ပါသည်။

NCA သည် ငြိမ်းချမ်းရေး၏အစ၊ နိုင်ငံရေးဖြစ်စဉ်၏ အစဖြစ်ရာ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ လက်မှတ်ရေးထိုးကြခြင်းသည် ဖြောင့်မတ်မှန်ကန်ကောင်းမွန်သော လမ်းကြောင်းပေါ် ခြေချလျှောက်လှမ်းလိုက်ခြင်းပင်ဖြစ်ရာ စံနမူနာကောင်းတစ်ခုလည်း ဖြစ်ပါသည်။ သို့ဖြစ်ရာ NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း ရဲဝံ့ပြတ်သားစွာ အားလုံးပါဝင်လက်မှတ်ရေးထိုးကြပြီး နောင်လာနောက်သားများအတွက် အကောင်းဆုံးအမွေအနှစ်ဖြစ်သည့် ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြသည့် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့၏ ကောင်းမွန်သော ဆောင်ရွက်ချက်ကို ဂုဏ်ပြုကြိုဆိုလိုက်ရပေသည်။ ။

**◆ NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း ရဲဝံ့ပြတ်သားစွာ အားလုံးပါဝင်လက်မှတ်ရေးထိုးကြပြီး နောင်လာနောက်သားများအတွက် အကောင်းဆုံးအမွေအနှစ်ဖြစ်သည့် ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

✻ ကျောဖုံးမှ

ကော်မရှင်နဲ့ DPN အကြား ဆွေးနွေးမှုတွေဟာလည်း ကြာရှည်လာတာနဲ့အမျှ နှစ်ဖက် ဆွေးနွေးကြတာ ဖြစ်ပေမယ့်လည်း တစ်ဖွဲ့တည်း One Team, One Vision သဘောမျိုး ဆွေးနွေးပွဲ အခင်းအကျင်းအထိ ရောက်ရှိခဲ့ပါတယ်။

**ရှစ်ကြိမ်မြောက်ရှိခဲ့**

ကျွန်တော်တို့ ကော်မရှင်ရဲ့စိတ်ပိုင်းဖြတ်ချက်တစ်ခုက တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပျောက်ဆုံးမသွားဖို့၊ စေ့စပ်ညှိနှိုင်းရေး စားပွဲဝိုင်း ရပ်ဆိုင်းမသွားဖို့ဘဲ ဖြစ်ပါတယ်။ ဆွေးနွေးမှုတွေရဲ့ သဘောတရားအတိုင်း နီးလာလိုက်၊ ဝေးလာလိုက်နဲ့ ဆွေးနွေးခဲ့ရာမှ ရှစ်ကြိမ်မြောက်အထိ ရောက်ရှိခဲ့ပြီးနောက် နောက်ဆုံး ဒီကနေ့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ အခြေအနေကို ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ စတင်ဆွေးနွေးခဲ့ချိန်က စုစုပေါင်း ခုနစ်ဖွဲ့ရှိခဲ့

**ပိုမိုခိုင်မာလာခဲ့**

အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် ဒီနေ့ လက်မှတ်ရေးထိုးပွဲမှာ မပါဝင်နိုင်သေးတဲ့အဖွဲ့တွေ အမြန်ဆုံး ပါဝင်လာအောင်လည်း ကျွန်တော်တို့ ကော်မရှင်အနေနဲ့ အစွမ်းကုန် ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ကြောင်း လေးလေးနက်နက် ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ ပြည်သူတွေ မျှော်လင့်ကြီးစွာ စောင့်စားနေခဲ့ရတဲ့ ငြိမ်းချမ်းရေးခရီးလမ်းကတော့ အနိမ့်အမြင့် အတက်အကျတွေနဲ့ ဆက်လက်ပြီး ရင်ဆိုင်ရဦးရမှာ ဖြစ်ပေမယ့်လည်း အရင်ကလောက် ခရီးမဝေးတော့ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအားလုံးနဲ့ ထိတွေ့မှု၊ တွေ့ဆုံဆွေးနွေးမှုတွေ အတော်များများ လုပ်ခဲ့ပြီးတဲ့ နောက်မှာတော့



ငြိမ်းချမ်းရေးကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ သတင်းစဉ်



သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး ဗဟိုကော်မတီဝင် နာဗစ်ဘွန်တို့က သဘောတူညီချက်ကို အပြန်အလှန် လဲလှယ်ကြစဉ်။ သတင်းစဉ်

ပေမယ့် အကြောင်းအမျိုးမျိုးနဲ့ ဒီကနေ့ နှစ်ဖွဲ့ပဲ လိုက်ပါနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးက ညီနောင်တိုင်းရင်းသား ခေါင်းဆောင်များကို ကျေးဇူးအထူးပဲ တင်ရှိပါတယ်။

အလားတူ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာအောင် ဘက်ပေါင်းစုံကနေ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးခဲ့ကြတဲ့ အဖွဲ့အစည်းများ အားလုံး၊ ဆရာတော် သံဃာတော်တွေနဲ့ လူပုဂ္ဂိုလ်တွေ အားလုံးကို ကျေးဇူးဥပကာရ အထူးပဲ တင်ရှိပါကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။

**ဝမ်းမြောက်ဝမ်းသာကြိုဆို**

အခုဆိုရင် ကျွန်တော်တို့နဲ့အတူ ပူးပေါင်းလက်တွဲခဲ့တဲ့ သန္နိဋ္ဌာန်စိတ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအပေါ် ယုံကြည်မှုတွေအတွက် တိုင်းရင်းသားပြည်သူ အပေါင်းတို့ကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြပါပြီ။ ဒီယုံကြည်ချက်က ပိုမိုခိုင်မာလာခဲ့ပါပြီ။ အားလုံးက ငြိမ်းချမ်းရေးကို လိုလားတယ်၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်ချင်တယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ ဘုံရည်မှန်းချက်တစ်ခုတည်း ဖြစ်နေပြီလို့ ဆိုနိုင်ပါတယ်။

**တက်ညီလက်ညီကြိုးပမ်း**

နိဂုံးချုပ်အနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လမ်းကြောင်းပေါ်ကို ရောက်ရှိလာခဲ့ပြီဖြစ်တဲ့ ညီနောင်တိုင်းရင်းသားအဖွဲ့ နှစ်ဖွဲ့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း၊ ဆက်လက်ပြီးတော့လည်း ရှေ့ကရောက်နှင့်ပြီးသား ညီနောင်တိုင်းရင်းသား အဖွဲ့အစည်းတွေနဲ့အတူ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးပေါ်ထွန်းရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ် ဟု ပြောကြားသည်။

**ဆန္ဒအပြည့်အဝရှိ**

ထို့နောက် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဒုတိယဥက္ကဋ္ဌ ကြာဆော်လမွန်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကျိုးဖြစ်ထွန်းစေသော နေ့တစ်နေ့ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသော သဘောထားအရ NCA လက်မှတ်ရေးထိုးပြီးမှသာလျှင် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်နိုင်မည်ဖြစ်ပါကြောင်း၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံးသည်လည်း လူထုတွေ့ဆုံဆွေးနွေးပွဲနှင့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် စိတ်အားထက်သန်စွာ အကောင်အထည်ဖော်ဆောင်ရေးနှင့် ပါဝင်ရေးအတွက် ဆန္ဒအပြည့်အဝရှိပါကြောင်း။

**အစဉ်တစိုက်လိုလားတောင့်တ**

မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့သည် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် လိုလားတောင့်တခဲ့ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၁ ခုနှစ် သမ္မတ ဦးသိန်းစိန် အစိုးရမှ ဦးအောင်မင်း ဦးဆောင်သော UPWC အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၆ ဖွဲ့ဖြင့် ဖွဲ့စည်းထားသော NCCT မှတစ်ဆင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ဆွေးနွေးခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် လက်ရှိအစိုးရမှ ငြိမ်းချမ်းရေး ကော်မရှင် (PC) နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းဖြင့် ဖွဲ့စည်းထားသော နိုင်ငံရေးဆွေးနွေးမှု ကိုယ်စားလှယ် (DPN) ဖြင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင်လည်း အစဉ်တစိုက် ပါဝင်ဆွေးနွေးခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ငြိမ်းချမ်းရေးကော်မရှင် PC နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီမှ UNFC မှ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းရေးကိုယ်စားလှယ် DPN အဖွဲ့ အဆိုပြုချက် (၈)ချက် နောက်ဆုံးရလဒ်ကို မိမိတို့ NMSP နှင့် LDU မှ သဘောတူလက်ခံကြပါကြောင်း၊ အဆိုပြုချက် (၈)ချက်ကို လက်မှတ်ရေးထိုးပြီးပါက NCA စာချုပ်ကိုပါ တစ်ပါတည်း လက်မှတ်ရေးထိုးပြီး လူထုတွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန်၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်ရန်နှင့် ပြည်သူလူထု၏ အခြေခံ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ပြန်လည်နေရာချထားရေး စသည့် ကိစ္စရပ်များကို တစိုက်မတ်မတ် အားသွန်ခွန်စိုက် အကောင်အထည်ဖော် လုပ်ဆောင်သွားရန်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နှစ်ပေါင်း (၇၀) ကျော် ဖြစ်ပွားခဲ့သော ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းစေရန်အတွက် မိမိတို့ လားဟူဒီမိုကရက်တစ် အစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီမှ ဤနေ့ထူးနေ့မြတ်တွင် NCA ကို လက်မှတ်ရေးထိုးမည်ဖြစ်ပါကြောင်း။

ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ အခြေခံအခွင့်အရေးများ ဖြစ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသား တန်းတူရေးနှင့် စစ်မှန်ငြိမ်းချမ်းသော ပြည်ထောင်စုကြီး ဖြစ်ထွန်းစေရေးတို့ကို အထူးအလေးထားပါကြောင်း။

**ထာဝရငြိမ်းချမ်းရေးဖြစ်စဉ်မျှော်မှန်း**

ပြည်ထောင်စုအတွင်း နေထိုင်နေသော တိုင်းရင်းသားလူမျိုးအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစဉ်ထာဝရငြိမ်းချမ်းရေးဖြစ်စဉ်ကို မျှော်မှန်းခဲ့ပါကြောင်း၊ သို့အတွက်ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ဆောင်မှုများကို မိမိတို့အနေဖြင့် အထူးအသိအမှတ်ပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ ငြိမ်းချမ်းရေး ကော်မရှင်အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး ဗဟိုကော်မတီဝင် နာဗစ်ဘွန်တို့က သဘောတူညီချက်ကို တစ်ပိုဒ်စီ ဖတ်ကြားကြသည်။

**သဘောတူညီချက်လက်မှတ်ရေးထိုး**

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်း၊ စစ်ဦးစီးချုပ် နိုင်လယီကောင်း၊ ဗဟိုကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ကြာဆော်လမွန်၊ တွဲဖက်အတွင်းရေးမှူး ကြာခင်မောင်လုနှင့် ဗဟိုကော်မတီဝင် နာဗစ်ဘွန်တို့က ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။

**အပြန်အလှန်လဲလှယ်**

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဗဟိုကော်မတီဝင် နာဗစ်ဘွန်တို့က သဘောတူညီချက်ကို အပြန်အလှန် လဲလှယ်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ငြိမ်းချမ်းရေး ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် သဘောတူညီချက်လက်မှတ်ရေးထိုးကြသည့် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာသံတမန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

✻ ကျောဖုံးမှ

နိုင်ငံခြားသား ကစားသမားလေးဦးကို တစ်ပြိုင်နက် အသုံးပြုခဲ့သည်။ ၉ မိနစ်တွင် ဟုမ်းယူနိုက်တက် တိုက်စစ်မှူး ဖာရစ်ဟာမက်၏ ကန်သွင်းမှု ဘားထိထွက်ခဲ့သလို မိနစ် ၂၀ တွင် ရှမ်းကွင်းလယ်လူ တင်ဝင်းအောင်၏ အပိုင်ကန်သွင်းမှုကိုလည်း ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းမှ ခရစ္စတိုဖာ၊ ပက်ထရစ်၊ နေလင်းထွန်းနှင့် ဒွေးကိုကိုချစ်တို့ အပိုင်အခွင့်အရေးများ ရခဲ့သော်လည်း အသုံးချနိုင်ခြင်းမရှိခဲ့ပေ။ ၇၅ မိနစ်တွင် ဟုမ်းယူနိုက်တက်အသင်း တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး ဆောင်အူယန်းက သွင်းယူခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဘာလီယူနိုက်တက်နောက်တန်းကို ဖိအားပေးနိုင်ခဲ့သည်။ ၁၅ မိနစ်တွင် မင်းကျော်ခန့်၏ ဖြတ်တင်ဘောကို တိုက်စစ်မှူး အီမန်နျူရယ်က ပိတ်သွင်းယူခဲ့၍ ရန်ကုန်အသင်း အဖွင့်ဂိုးရခဲ့သည်။ ရန်ကုန်အသင်းသည် နိုင်ငံခြားသားကစားသမား အပါအဝင် လူစုံပါဝင်ခဲ့ပြီး နိုင်ငံခြားသား တိုက်စစ်မှူးများဖြစ်သည့် ဆယ်လာနှင့် အီမန်နျူရယ်တို့ ခြေစွမ်းပြကာ တိုက်စစ်ကို ပုံဖော်နိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် ဂိုးများကို ဆယ်လာက ၁၇၊ ၂၄ မိနစ်တွင် နှစ်ဂိုးထပ်မံသွင်းယူခဲ့သည်။ ဘာလီယူနိုက်တက်အသင်းသည် သုံးဂိုးပေးလိုက်ရသောကြောင့် ချေပဂိုးရရန် အားထည့်လာရာ ပထမပိုင်းပြီးခါနီးတွင် ဆူကာဒါနာက သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဘာလီယူနိုက်တက်အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာခဲ့ပြီး ရန်ကုန်အသင်းကလည်း တန်ပြန်တိုက်စစ်ဖြင့် ဂိုးပေါက်ခြိမ်းခြောက်မှု ပြုလုပ်နိုင်ခဲ့သည်။ ၈၂ မိနစ်တွင် ဘာလီယူနိုက်တက်အသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ကီမင်ဘရန်းစ်ကန်သွင်းသော်လည်း လွဲချော်ခဲ့၍ ရန်ကုန်အသင်း ပထမပိုင်းရလဒ်အတိုင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းပါဝင်သော အုပ်စု(G)အခြားပွဲတွင် ထန်ဟွာ(ဗီယက်နမ်)က ဂလိုဘယ်(ဖိလစ်ပိုင်)ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ညီမြတ်သော်တာ**

## ကချင်ပြည်နယ်တွင် မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# NCAတွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်တွင်းအသိသက်သေများ လက်မှတ်ရေးထိုး


ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့မှ ဦးခင်ဇော်ဦး လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့မှ ဦးခွန်မောင်သောင်း လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ဦးသုဝေ လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ဒေါက်တာ တူးဂျာ လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ဦးသိန်းထွန်း လက်မှတ်ရေးထိုးစဉ်။


ငြိမ်းချမ်းရေးကော်မရှင်မှ ဦးသိန်းဇော် လက်မှတ်ရေးထိုးစဉ်။


ငြိမ်းချမ်းရေးကော်မရှင်မှ ဦးအောင်စိုး လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင် လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ ဦးပြည့်စုံ လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ ဦးမောင်မောင်ငြိမ်း လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ သူရဦးဘိုနီ လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ Rev. စောမက်သယူးအေး လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ စိုင်းမျိုးသန့် လက်မှတ်ရေးထိုးစဉ်။


ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ ဦးကိုကိုကြီး လက်မှတ်ရေးထိုးစဉ်။


မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မင်းစိုးလင်း လက်မှတ်ရေးထိုးစဉ်။


မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း လက်မှတ်ရေးထိုးစဉ်။

# NCA တွင် မွန်ပြည်သစ်ပါတီ နှင့် လားဟူ ဒီမိုကရက်တစ် အစည်း အရုံးတို့ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်တွင်းပြည်ပ အသိသက်သေများ လက်မှတ်ရေးထိုး


လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ် လက်မှတ်ရေးထိုးစဉ်။


ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်မွေးမွေးခင် လက်မှတ်ရေးထိုးစဉ်။


ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Dr. Shamshad Akhtar လက်မှတ်ရေးထိုးစဉ်။


တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း လက်မှတ်ရေးထိုးစဉ်။


မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ် H.E. Mr. Yohei SASAKAWA လက်မှတ်ရေးထိုးစဉ်။


အိန္ဒိယသမ္မတနိုင်ငံမှ ဒုတိယအမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် H.E. Mr. Rajinder Khanna လက်မှတ်ရေးထိုးစဉ်။


ထိုင်းနိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Virasakdi Futrakul လက်မှတ်ရေးထိုးစဉ်။


ဥရောပသမဂ္ဂမှ သံအမတ်ကြီး H.E. Mr. Kristian Schmidt လက်မှတ်ရေးထိုးစဉ်။

## မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်မှုအပေါ် ကြိုဆိုအသိအမှတ်ပြုကြောင်း အမေရိကန်သံရုံး ကြေညာချက်ထုတ်ပြန်ဖော်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် မွန်ပြည်သစ်ပါတီနှင့်လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပခဲ့သည်။

ယင်းကဲ့သို့ လက်မှတ်ရေးထိုးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် ယနေ့ ပါဝင်လက်မှတ်ရေးထိုးခြင်းကို မိမိတို့ ကြိုဆိုပါကြောင်း၊ ဤသို့ သဘောတူလက်မှတ်ရေးထိုးခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးခရီးရှည်အတွက် ခြေလှမ်းများစွာထဲမှ တစ်ခု ဖြစ်သည့်အကြောင်းကိုလည်း မိမိတို့ အသိအမှတ်ပြုပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများတွင် ပါဝင်ရန် သန္နိဋ္ဌာန်ချထားပြီး ပါဝင်ပတ်သက်သူအားလုံးအနေဖြင့် ငြိမ်းချမ်းရေးအတွက် ဆက်လက်ရှေ့တိုးဆောင်ရွက်နိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်းရှိ လူမှုအသိုက်အဝန်းအားလုံး၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် ဖက်ဒရယ်ပြည်ထောင်စုကြီးတစ်ရပ် ဖန်တီးနိုင်လိမ့်မည်ဟုလည်း မိမိတို့မျှော်လင့်ပါကြောင်း ရေးသားဖော်ပြထားကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခြင်းကို ကြိုဆိုထောက်ခံကြောင်း သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ် (၂/ ၂၀၁၈)

၁။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ပြည်သူတစ်ရပ်လုံးသည် တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဆန္ဒပြင်းပြလျက် ရှိကြပါသည်။

၂။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးက လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိရာ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့တို့သည် NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြပြီး ဖြစ်ပါသည်။ လက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနက် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့သည် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နေပြည်တော်၌ ပြည်တွင်းပြည်ပကိုယ်စားလှယ်များ သက်သေပြု၍ လက်မှတ်ရေးထိုးခဲ့ကြသည်ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြိုဆိုထောက်ခံပါသည်။

၃။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် NCA တွင် ပါဝင်လက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း NCA ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်သူများ၏ ဆန္ဒနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အလေးအနက်တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

***စာမျက်နှာ ၁၀ မှ***

နောက်ပိုင်း ငြိမ်းချမ်းရေးခရီးစဉ်မှာ KNPP ပါဖို့ တစ်ဖွဲ့ချင်းသွားမယ်၊ ANC တစ်ဖွဲ့တည်းကိုတော့ သီးသန့်လုပ်ဖို့ရာခက်တယ်၊ အခွင့်အရေးတွေ အများကြီးပေးခဲ့တယ်၊ ညှိနှိုင်းဆွေးနွေးမှုတွေလုပ်ခဲ့တယ်၊ တပ်ပိုင်းဆိုင်ရာကိစ္စဆိုရင် ANC မှာ တပ်တောင်မရှိဘူး၊ UNFC မှာ နှစ်ဖွဲ့ပဲ ကျန်တော့တယ်၊ KNPP က Bilateral သွားမယ်၊ ANC အနေနဲ့ NCA ထိုးဖို့ခက်သွားပါပြီ၊ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တခြားတစ်နည်းနည်းနဲ့တော့ ပါဝင်လို့ရပါမယ်''ဟု ဖြေကြားသည်။

**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ရှမ်းပြည်နယ်တွင် တပ်မတော်အနေဖြင့် လူထုတွေ့ဆုံပွဲများ ကျင်းပခွင့်မပြုခဲ့ခြင်းနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းက** ''RCSS အနေနဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့ လင်းခေးမှာ ခွင့်ပြုခဲ့တယ်၊ လူထုတွေ့ဆုံဆွေးနွေးပွဲတွေလုပ်ဖို့ ခွင့်ပြုခဲ့တာမရှိဘူး၊ ရှမ်းပြည်နယ်အစိုးရရဲ့ခွင့်ပြုမှုနဲ့ ဆောင်ရွက်တယ်လို့တော့ နောက်ပိုင်းမှာ သိရတယ်၊ သို့သော်လည်း ToR နဲ့ မကိုက်ညီတဲ့အတွက် တားဆီးရတာဖြစ်ပါတယ်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေက သတ်မှတ်ထားတဲ့နေရာမှာလုပ်ရမှာ ဖြစ်တယ်ဆိုတာကို UPDJC အစည်းအဝေးတိုင်းမှာလည်း အကြိမ်ကြိမ်ပြောခဲ့ပြီးဖြစ်ပါတယ်''ဟု ဖြေကြားသည်။

လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ကို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့်မပြုသည့်အပေါ် ဦးဇော်ဌေးက ''ANC နဲ့ LDU က ABSDF လို နယ်မြေမရှိဘူး၊ အဲ့ဒါကြောင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ခွင့်မရှိဘူး၊ ဒါကို LDU က လက်ခံတယ်၊ ANC က လက်မခံတဲ့အတွက် လက်မှတ်မထိုးဖြစ်ပါဘူး''ဟု ဖြေကြားသည်။

**သတင်းအဖွဲ့**

## နိုင်ငံတကာ သတင်းတိုထွာ

### ရုရှားလုံခြုံရေးတပ်ဖွဲ့များက အိုင်အက်စ်ဆက်နွယ် အကြမ်းဖက်သမားနှစ်ဦးကို သုတ်သင်နိုင်ခဲ့

**မော်စကို ဖေဖော်ဝါရီ ၁၃**

အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေးကော်မတီက ရုရှားနိုင်ငံတောင်ပိုင်း အင်ဂူရှီတီယာ၌ အကြမ်းဖက်သမားနှစ်ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည်။

အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်မှုရှိပြီး ပြည်ထောင်စုအစိုးရ၏ အလိုရှိတရားခံစာရင်းတွင် ပါဝင်နေသူတစ်ဦးအပါအဝင် အကြမ်းဖက်သမားနှစ်ဦးကို နာဇာရန်ခရိုင် အလီယက်တ်ကျေးရွာအနီးတွင် ရုရှားလုံခြုံရေးတပ်ဖွဲ့များက အသေဖမ်းဆီးရမိခဲ့ကြောင်း အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေးကော်မတီက ထုတ်ဖော်ပြောကြားခဲ့သည်။

အကြမ်းဖက်သမားနှစ်ဦးနှင့် အပြန်အလှန်ပစ်ခတ်မှုပြုလုပ်ပြီးနောက် အဆိုပါအကြမ်းဖက်သမားနှစ်ဦးကို ရုရှားလုံခြုံရေးတပ်ဖွဲ့က သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း၊ စစ်ဆင်ရေးအတွင်းအကြမ်းဖက်သမားများထံမှ လက်နက်မျိုးစုံ၊ ကျည်ဆန်များ၊ ဖောက်ခွဲရေးပစ္စည်းကိရိယာများနှင့် အခြားအသုံးအဆောင်များကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း အကြမ်းဖက်တန်ပြန်နှိမ်နင်းရေးကော်မတီက ပြောခဲ့သည်။ **ဆင်ဟွာ**

### အိန္ဒိယအမျိုးသမီးတစ်ဦး တိုက်ပွဲအတွင်းပြေးရင်းလွှားရင်း သေကံမရောက်သက်မပျောက်ဘဲ ကလေးမွေးဖွားခဲ့

**နယူးဒေလီ ဖေဖော်ဝါရီ ၁၃**

အိန္ဒိယထိန်းချုပ် ကက်ရှ်မီးယားဒေသ သေနတ်ပစ်ခတ်မှုအတွင်း ဒဏ်ရာရရှိခဲ့သော အမျိုးသမီးတစ်ဦးသည် ယမန်နေ့က စစ်ဆေးရုံသို့တက်ရောက်ခဲ့ပြီး မကြာမီတွင် သမီးမိန်းကလေးတစ်ဦးကို ဖွားမြင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးသတင်းရင်းမြစ်များအရ သိရသည်။

သေကံမရောက် သက်မပျောက်ဘဲ ကလေးမွေးဖွားခဲ့သူမှာ ပါရာမီဂျစ်ကားဆိုသူဖြစ်ပြီး မိခင်ရောကလေးပါ ကျန်းမာလျက်ရှိကြောင်း သိရသည်။ ၎င်းကိုယ်ဝန်ဆောင်အမျိုးသမီးသည် ဆန်ဂျူဝမ်စစ်စခန်းအတွင်း အိန္ဒိယလုံခြုံရေးတပ်ဖွဲ့များနှင့် စစ်သွေးကြွများကြား ပစ်ခတ်မှု၌ ကျောကုန်းအောက်တွင် သေနတ်ဒဏ်ရာရရှိခဲ့ပြီးနောက် ၎င်းကို စစ်ဘက်ရဟတ်ယာဉ်ဖြင့် ကယ်ထုတ်ခဲ့ရသည်ဟုဆိုသည်။ ထို့နောက် အဆိုပါအမျိုးသမီးကိုစစ်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီးနောက် လိုအပ် သောဆေးကုသမှုများ လုပ်ဆောင်ပေးခဲ့ရာ နောက်ဆုံးတွင် သမီးမိန်းကလေးကို မွေးဖွားနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါပစ်ခတ်မှုအတွင်း စစ်သွေးကြွသုံးဦးသေဆုံးခဲ့ပြီး အိန္ဒိယဘက်မှ စစ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။စစ်သွေးကြွများထံမှ အေကေ-၅၆ ရိုင်ဖယ်များ၊ လက်ပစ်ဗုံးများနှင့် ခဲယမ်းမီးကျောက်များကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အမေရိကန်ရဲ့ ပြောင်းလဲလိုက်တဲ့ အခွန်ဥပဒေ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်းအပေါ် အကျိုးသက်ရောက်မှာလား

**တင်လင်းအောင်**



နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အာရုံစူးစိုက်မှုကို အထူးလိုအပ်နေတဲ့ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတွေဟာ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် မလွယ်ကူသေးကြောင်း အသစ်ထုတ် ပြန်လိုက်တဲ့ကုလသမဂ္ဂ လေ့လာမှုစစ်တမ်းတွေကဆိုထားသော်လည်း ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးက ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာအရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေဟာ ၂၀၁၇ ခုနှစ်မှာ ပျမ်းမျှအားဖြင့် ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ ၅ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ အဲဒီပမာဏဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်အချက်နံပါတ် ၈ မှာ ပြထားတဲ့ ပမာဏထက်တော့ လျော့နည်းခဲ့တာကို တွေ့ရပါတယ်။

သို့သော်လည်း အမေရိကန်နိုင်ငံမှာ ပြည်ပနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ အမေရိကန်နိုင်ငံ လုပ်ငန်းကုမ္ပဏီတွေရဲ့ ပြည်ပရင်းနှီးမှုစုစုပေါင်းဟာ ကမ္ဘာ့နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စတော့ရှယ်ယာစုစုပေါင်းရဲ့ ထက်ဝက်ခန့်ရှိတယ်လို့ ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးက ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာအရသိရပါတယ်။ အမေရိကန်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုထက်ဝက်လောက် ရှိတာကြောင့် အမေရိကန်နိုင်ငံရဲ့ အခွန်နှုန်းထားပြောင်းလဲမှုဟာ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်းအပေါ် တိုက်ရိုက်သက်ရောက်မှုများစွာ ဖြစ်ပေါ်စေမှာဖြစ်တယ်လို့ အဆိုပါ အစီရင်ခံစာမှာ ဆက်လက်ဖော်ပြထားပါတယ်။

အမေရိကန်နိုင်ငံရဲ့ အခွန်လျှော့ချရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေးအက်ဥပဒေက အမေရိကန်နိုင်ငံလုပ်ငန်းကုမ္ပဏီတွေ ပြည်ပဌာနခွဲမှာ အမြတ်ငွေထိမ်းချန်မှုပမာဏများစွာ လျော့ကျလာနိုင်ဖွယ်ရှိကြောင်း၊ အဆိုပါလုပ်ငန်းကုမ္ပဏီတွေရဲ့ ပြည်ပမှာရှိတဲ့ အမေရိကန်ဒေါ်လာနှစ်ထရီလီယံငွေကြေးပမာဏဟာ အမေရိကန်နိုင်ငံကို ပြန်လည်ဝင်ရောက်လာမယ်ဆိုပါက အမေရိကန်နိုင်ငံရဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုဟာ ကာလတစ်ခုအထိ အနုတ်လက္ခဏာဖြင့် မြင့်တက်လာမှာဖြစ်ကာ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်းအပေါ် သက်ရောက်မှုတွေ ဖြစ်ပေါ်လာစေမှာ ဖြစ်ကြောင်း ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးရဲ့အသစ်ထုတ်ပြန်လိုက်တဲ့ ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုအလားအလာလေ့လာဆန်းစစ်မှုအစီရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့ အခွန်နှုန်းထားပြောင်းလဲမှုပြုလုပ်တဲ့ အက်ဥပဒေမှာ ယခင်က ကမ္ဘာလုံးဆိုင်ရာ အခွန်ကောက်ယူမှုစနစ်မှ ဒေသအလိုက်အခွန်ကောက်ယူမှုစနစ်သို့ ပြောင်းလဲလိုက်ပါတယ်။ ဒါကြောင့် ကမ္ဘာလုံးဆိုင်ရာ အခွန်ကောက်ယူမှုစနစ်မှာ အမေရိကန်နိုင်ငံရဲ့ပြည်ပလုပ်ငန်းဌာနခွဲတွေမှ ရရှိတဲ့ ဝင်ငွေတွေဟာ အမေရိကန်နိုင်ငံကိုသာ ပြန်လည်လွှဲပြောင်းခဲ့မယ်ဆိုပါက အခွန်ပေးဆောင်ရမှာဖြစ်ပါတယ်။ အခွန်ပေးတာကို ရှောင်ရှားချင်တဲ့အတွက် နိုင်ငံတကာလုပ်ငန်းကုမ္ပဏီတွေရဲ့ ပြည်ပလုပ်ငန်းဌာနခွဲတွေမှ ရရှိတဲ့ ဝင်ငွေတွေကို အမေရိကန်နိုင်ငံကို ပြန်လည်လွှဲပြောင်းခြင်းမပြုတော့ဘဲ ပြည်ပမှာသာ ထားရှိစေတဲ့ အကြောင်းတရားတွေဖြစ်စေခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့အသစ်ထုတ်ပြန်လိုက်တဲ့ အခွန်နှုန်းထားအက်ဥပဒေမှာ လုပ်ငန်းကုမ္ပဏီတွေရဲ့ပြည်ပဝင်ငွေတွေကို ထည့်သွင်းစဉ်းစားခြင်းပြုလုပ်တော့မှာ မဟုတ်ပါဘူးလို့ ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ လုပ်ငန်းကုမ္ပဏီတွေရဲ့ ဒါရိုက်တာ ကျန်ရှောင်နင်က ပြောပါတယ်။ အဲဒီလိုလုပ်ငန်း ကုမ္ပဏီတွေရဲ့ ပြည်ပဝင်ငွေတွေကို ထည့်သွင်းစဉ်းစားခြင်းမပြုတော့တဲ့အတွက် နိုင်ငံတကာလုပ်ငန်း ကုမ္ပဏီတွေရဲ့ပြည်ပဝင်ငွေတွေကို ထိမ်းချန်ထားလိုတဲ့ အယူအဆတွေကို လျော့နည်းသွားစေမှာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံရဲ့အသစ်ထုတ်ပြန်လိုက်တဲ့ အခွန်နှုန်းထားပြောင်းလဲမှုအက်ဥပဒေသစ်မှာ နိုင်ငံတကာလုပ်ငန်းကုမ္ပဏီတွေရဲ့လက်ရှိအချိန်မှာ ပြည်ပမှာ ထိမ်းချန်ထားတဲ့ ငွေကြေးအရင်းအနှီးတွေကို တစ်ကြိမ်တည်းဖြင့် အခွန်အားလုံးကောက်ယူမှာ ဖြစ်ပါတယ်။ အဲဒီလို တစ်ကြိမ်တည်း အခွန်ကောက်ယူတဲ့အတွက်ကြောင့် နိုင်ငံတကာလုပ်ငန်းကုမ္ပဏီတွေရဲ့ အခွန်ပေးချေပြီးဖြစ်တဲ့ အရင်းအနှီးတွေဟာ အမေရိကန်နိုင်ငံကို ပြန်လည်ရောက်ရှိဖို့ ဆွဲဆောင်နိုင်မှာပဲဖြစ်ပါတယ်။

အကယ်၍များ အမေရိကန်နိုင်ငံ နိုင်ငံတကာလုပ်ငန်း ကုမ္ပဏီတွေရဲ့ပြည်ပအရင်းအနှီးပမာဏလျော့ကျလာမယ်ဆိုပါက ယင်းအခြေအနေဟာ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်းအပေါ် သက်ရောက်လာမှာပဲဖြစ်ပါတယ်။

> **"အခွန်လျှော့ချမှု ဆောင်ရွက်ခြင်းဟာ လွန်စွာကောင်းမွန်တဲ့ ဆောင်ရွက်မှုတစ်ခုဟု ထင်မြင်ရသော်လည်း ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်မှာ အကန့်အသတ်တစ်ခု ရှိနေပါတယ်လို့ ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ လုပ်ငန်းကုမ္ပဏီတွေရဲ့ ဒါရိုက်တာကျန်ရှောင်နင်က ပြော"**

ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးက ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာမှာ အခွန်နှုန်းထားပြောင်းလဲမှုကြောင့် ပြည်ပရှိ အရင်းအနှီးတွေဟာ အမေရိကန်နိုင်ငံကို ပြန်လည်ဝင်ရောက် လာနိုင်ခြေရှိသော်လည်း အမေရိကန်နိုင်ငံအနေနဲ့ အဲဒီလို များပြားလှတဲ့ ငွေကြေးပမာဏ လက်ခံနိုင်ဖို့ အရည်အချင်းရှိမရှိ ခန့်မှန်းရန်ခက်ခဲနေကြောင်း ရေးသားဖော်ပြထားပါတယ်။

အမေရိကန်နိုင်ငံရဲ့အသစ်ထုတ်ပြန်လိုက်တဲ့ အခွန်နှုန်းထားပြောင်းလဲမှုအက်ဥပဒေသစ်ကြောင့် အမေရိကန်နိုင်ငံအတွင်းကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းသစ်တွေ ပေါ်ပေါက်လာနိုင်ကြောင်း လေ့လာသုံးသပ်သူအချို့က သုံးသပ်ခဲ့သော်လည်း အမေရိကန်နိုင်ငံ ဗဟိုဘဏ်အပါအဝင် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူတွေအနေနဲ့ကတော့ အခွန်နှုန်းထားပြောင်းလဲမှု အက်ဥပဒေသစ်ကြောင့် ဖြစ်ပေါ်လာမယ့် အကျိုးဆက်နဲ့ပတ်သက်ပြီး သတိထားသုံးသပ်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

အမေရိကန်နိုင်ငံ အတွင်းသို့ ပြန်လည်ဝင်ရောက်လာမယ့် ငွေကြေးတွေဟာ ပထမအချက်အရ လုပ်ငန်းရှယ်ယာရှင်တွေထံသို့ အမြတ်ငွေခွဲဝေပေးခြင်းသို့မဟုတ် အစုရှယ်ယာတွေ ပြန်လည်ဝယ်ယူတဲ့ ပုံစံတွေအနေနဲ့သာ ရောက်ရှိလာမှာဖြစ်ကြောင်း သို့မဟုတ်ပါက နောက်တစ်နည်းအနေနဲ့ လုပ်ငန်းကုမ္ပဏီတွေဝယ်ယူပေါင်းစပ်တဲ့အနေနဲ့ သို့မဟုတ် ကြွေးမြီတွေ ပေးချေခြင်းမှာ အသုံးပြုဖို့ ရောက်ရှိလာနိုင်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းတွေအတွက် မဖြစ်နိုင်ကြောင်း ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးက ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အသစ်ထုတ်ပြန်လိုက်တဲ့ အခွန်နှုန်းထားပြောင်းလဲမှု အက်ဥပဒေသစ်အရ အခွန်တွေ လျော့ကျလာခဲ့သော်လည်း နိုင်ငံတကာလုပ်ငန်း ကုမ္ပဏီတွေအနေနဲ့ ပြည်ပမှာ အတိုင်းအတာတစ်ခုအထိ အရင်းအနှီးတွေထားရှိရမှာဖြစ်ပြီး ပြည်ပလုပ်ငန်းတွေ တိုးချဲ့မှု၊ ဝယ်ယူပေါင်းစပ်မှုနဲ့ စီးပွားရေးဈေးကွက်သစ်တွေမှာ ရင်းနှီးမြှုပ်နှံမှုပြုခြင်း၊ အဲလိုနည်းတွေနဲ့ အမြတ်ငွေတွေ ရရှိအောင်လုပ်ဆောင်ရမှာဖြစ်ကြောင်း အစီရင်ခံစာမှာ ဆက်လက်ဖော်ပြထားပါတယ်။

အမေရိကန်နိုင်ငံရဲ့ အခွန်နှုန်းထားပြောင်းလဲမှုအက်ဥပဒေသစ်မှာ အရင်းအနှီး ဆိုင်ရာအသုံးပြုငွေ ထည့်သွင်းတွက်ချက်ခြင်းကို လုပ်ငန်းကုမ္ပဏီရဲ့ အရင်းအနှီးထဲသို့ ထည့်သွင်းတွက်ချက်မှာဖြစ်တာကြောင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို တွန်းအားတစ်ခုဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ ထို့အတူပဲ လက်ရှိလုပ်ငန်းကုမ္ပဏီတွေကိုလည်း လုပ်ငန်းတိုးချဲ့မှုနဲ့ အဆင့်မြှင့်တင်မှုတွေ ဆောင်ရွက်ဖို့ တွန်းအားဖြစ်စေမှာ ဖြစ်ပါတယ်လို့ ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးက ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာအရ သိရပါတယ်။

အမေရိကန်နိုင်ငံရဲ့ အခွန်နှုန်းထားပြောင်းလဲမှု အက်ဥပဒေသစ်အတည်ပြုလိုက်ပြီးနောက်ပိုင်းမှာ ဘိုးရင်းနဲ့ အက်ပဲလ်လုပ်ငန်း ကုမ္ပဏီတွေအနေနဲ့ အမေရိကန်ပြည်တွင်းမှာ ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားမှာဖြစ်တယ်လို့ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

ပြောင်းလဲလိုက်သော အခွန်နှုန်းထားဥပဒေသစ်အရ လုပ်ငန်းကုမ္ပဏီတွေရဲ့ ဝင်ငွေခွန် ၃၅ ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပါတယ်။ အခွန်လျှော့ချမှုဆောင်ရွက်ခြင်းဟာ လွန်စွာကောင်းမွန်တဲ့ ဆောင်ရွက်မှုတစ်ခုဟု ထင်မြင်ရသော်လည်း ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်မှာ အကန့်အသတ်တစ်ခုရှိနေပါတယ်လို့ ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ လုပ်ငန်းကုမ္ပဏီတွေရဲ့ ဒါရိုက်တာ ကျန်ရှောင်နင်က ပြောပါတယ်။ သို့သော်လည်း လျှော့ချပေးခဲ့တဲ့ အခွန်နှုန်းထားဟာ အမေရိကန်နဲ့ အာရှဖွံ့ဖြိုးဆဲစီးပွားရေးအသိုက်အဝန်းရှိ လုပ်အားခကွာဟမှုကို ကုစားမပေးနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့ပါတယ်။

အမေရိကန်လုပ်ငန်း ကုမ္ပဏီတွေရဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုစုစုပေါင်းတန်ဖိုးဟာ လက်ရှိမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ထရီလီယံရှိပြီး ၎င်းအနက် လေးပုံတစ်ပုံခန့်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာဖြစ်ပါတယ်။ အဲဒီရင်းနှီးမြှုပ်နှံမှုတွေဟာ ကုန်ထုတ်လုပ်ငန်းတွေ ဖြစ်တာကြောင့် ရွှေ့ပြောင်းရန် မလွယ်ကူသဖြင့် အမေရိကန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ဖို့ မဖြစ်နိုင်သလောက်ပါပဲ။ ဒါကြောင့် အမေရိကန်နိုင်ငံရဲ့ အခွန်ပြောင်းလဲမှု အက်ဥပဒေသစ်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် သက်ရောက်နိုင်မှုဟာ အကန့်အသတ်ရှိနေဆဲဖြစ်ပါတယ်။ နိဂုံးချုပ် ပြောရမယ်ဆိုရင် နောင်လာမယ့်အနာဂတ်မှာ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း အခွန်လျှော့ချကောက်ခံမှုတွေ အပြိုင်အဆိုင်ဆောင်ရွက်လာနိုင်တဲ့အခြေအနေတွေဖြစ်ပေါ်လာမှာဖြစ်ပြီး အမေရိကန်နိုင်ငံရဲ့ အခွန်လျှော့ချမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ရလဒ်တွေအပေါ် တန်ပြန်အကျိုးသက်ရောက်မှုတွေရှိလာမှာပဲဖြစ်ပါတယ်။ **ကိုးကား -ဆင်ဟွာ**

# ၂၀၁၈ ခုနှစ် နှစ်ဦး၏ ပဲခူးရိုးမ ငလျင်

**လှလှအောင်(မြန်မာနိုင်ငံငလျင်ကော်မတီ)**

၁၁.၁.၂၀၁၈ ရက်နေ့ ညသန်းခေါင်ကျော် ၁၂.၁.၂၀၁၈ နံနက်အစအချိန်တွင် ဖြူးမြို့နယ်၏အနောက် အနောက်တောင်ဘက် ၃၉ ကီလိုမီတာအကွာ မြောက်လတ္တီတွဒ် ၁၈.၃၆၃ °N ၊ အရှေ့လောင်ဂျီတွဒ် ၉၆.၀၈၀ °E ကို ဗဟိုပြု၍ မြေ အောက်အနက် ကီလိုမီတာ ၁၀ တွင်ရှိသော ပြောင်းပြန်ပြတ်ရွေ့၏ အရွေ့ကြောင့် ငလျင်ပမာဏ ၆.၀ ငလျင်လှုပ်သွားခဲ့သည်ကို အမေရိကန်နိုင်ငံ ဘူမိဗေဒတိုင်းတာရေးဌာနမှ သတင်းထုတ်ပြန်သည်။ အင်အားပမာဏ ၆.၀ လှုပ်ပြီးမကြာခင် အချိန်တွင် ပမာဏ ၅.၃၊ ၅.၂၊ ၅.၂၊ ၄.၆၊ ၄.၃၊ ၄.၄ နောက်ဆက်တွဲ ငလျင်များ ဆက်ခါဆက်ခါ လှုပ်သွားသေးသည်။

**နောက်ဆက်တွဲငလျင် ခြောက်ကြိမ်ဆက်တိုက်တုန်ခါ**

ငလျင်ဗဟို၏ တည်နေရာအား လတ္တီတွဒ်၊ လောင်ဂျီတွဒ်အရ လေ့လာသောအခါ ထိုငလျင်သည် တောတောင်ထူထပ်သည့် ပဲခူးရိုးမအတွင်း၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ ယခင်ရှေးအခါ လှုပ်ဖူးခဲ့မှု ရှိကောင်းရှိမည်ဖြစ်သော်လည်း ယနေ့ကာလတွင် ပထမဆုံးသိရသည့် ငလျင်ဖြစ်ပေမည်။ ပဲခူးရိုးမသည် တောင်မြောက်ရှည်လျားပြီး မိုင် ၄၀၀၊ အရှေ့အနောက် မိုင် ၄၀ ကျယ်ဝန်းကာ အရှေ့ဘက်တွင် စစ်ကိုင်းပြတ်ရွေ့ အနောက်ဘက်တွင် တိုက်ကြီးငလျင်လှုပ်စေခဲ့သော တိုက်ကြီးပြတ်ရွေ့ ပဲခူးပြတ်ရွေ့များ၏ ကြားတွင်ရှိသည်။ ဘေးတိုက်တွန်းအားဖြစ်စဉ်ကြောင့် လွှာတွန့်ခုံးများ၊ ပြောင်းပြန်ပြတ်ရွေ့များဖြင့် တွန်းတင်ပြီး ပေါ်ထွက်လာသည်။ ပေ ၂၀၀၀ ကျော် နီးပါးမြင့်သော ရိုးမတောင်တန်းကြီးဖြစ်သည်။ ထိုကဲ့သို့ တောင်ထူထပ်သောနေရာများ၌ အင်အားအဆင့်ရှိ ငလျင်လှုပ်သည်ဆိုလျှင် အင်အားသည် ပိုမိုအားကြီးတတ်သည်။ ငလျင်ကြောင့် ထွက်ပေါ်လာသော ငလျင်လှိုင်းတုန်ခါမှု ပိုမိုမြင့်တက်လာသောကြောင့် ဖြစ်သည်။

ထိုအခါ (၄၀၀×၄၀)မိုင်ရှိ ပဲခူးရိုးမပေါ်၌ အင်အားပမာဏ ၆.၀ဖြင့်လှုပ်သော ငလျင်လှိုင်းများ၏ တုန်ခါမှုဒဏ်ကြောင့် ရိုးမတောင်တန်းကြီးတစ်လျှောက် ပြင်းပြင်းထန်ထန် လှုပ်ခါသွားစေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း နောက်ဆက်တွဲငလျင် ခြောက်ကြိမ်ကို ဆက်တိုက်တုန်ခါစေပြန်သည်။ ယင်း၏အရှိန်ကြောင့် ၁၁.၁.၂၀၁၈ သန်းခေါင်ကျော်၊ ၁၂.၁.၂၀၁၈ ရက်နေ့

> **“ပဲခူး ရိုးမတောင်ကြော၊ စစ်ကိုင်းပြတ်ရွေ့ ဖြူးမြို့ ပဲခူးမြို့ ရန်ကုန်မြို့ ပြည်-ဇီးကုန်း ဒေသဝန်းကျင်တစ်ခုလုံးသည် ယနေ့အထိ ငလျင်များ လှုပ်နေသေးသည်ကို ကြည့်ခြင်းအားဖြင့် တည်ငြိမ်မှုမရနိုင်သေးသော ဒေသကြီးဖြစ်နေသည်ကို တွေ့ရှိရ”**

အချိန်မှစ၍ တုန်ခါမှုသည် ရပ်မသွား၊ အမေရိကန်နိုင်ငံ ဘူမိဗေဒတိုင်းတာရေးအဖွဲ့မှ ထုတ်ပြန်မှုကို ၁၃.၁.၂၀၁၈ တွင် ဖြူးမြို့၏ အနောက်၊ အနောက်တောင်ဘက် ၃၇ ကီလိုမီတာတွင် ပမာဏ ၄.၆ အဆင့်ဖြင့်လည်းကောင်း၊ ဖြူးမြို့၏ အနောက်၊ အနောက်တောင် ဘက် ၂၄ ကီလိုမီတာတွင် ပမာဏ ၄.၈ အဆင့်ဖြင့်လည်းကောင်း မူလငလျင်၏ ငလျင်ဗဟိုတည်နေရာ၏ အရှေ့ဘက်သို့ အနည်းငယ်ရွေ့လျား၍ နှစ်ကြိမ် ထပ်မံလှုပ်သွားပြန်သေးသည်။ ငလျင်လှိုင်းများ၏ တုန်ခါမှုအရှိန်သည် ပြင်းထန်သောကြောင့် ဖြစ်သည်။

**တည်ငြိမ်မှု မရှိသေး**

တစ်ဖန် ၁၃.၁.၂၀၁၈ နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်း ထန်းတပင်မြို့အနီးကို ဗဟိုပြု၍ အင်အားပမာဏ ၃.၉ရှိ အထက်/အောက် လှုပ်ရှားသွားသည့် ငလျင်လှုပ်ခဲ့သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ကြေညာထားသည်။ ထိုင်းနိုင်ငံ မိုးလေဝသဌာနမှ ထုတ်ပြန်သော ငလျင်ဇယားအရဆိုလျှင် ပမာဏ ၄.၈ အဆင့်ဖြစ်သည်။ အချို့ငလျင်ဗဟိုတည်နေရာများသည် စစ်ကိုင်းပြတ်ရွေ့ပေါ်အထိ လှုပ်နေကြောင်း ပြသထားသည်။ အားလုံးကိုခြုံ၍ လေ့လာလျှင် ပဲခူးရိုးမငလျင်မှ ထုတ်လွှတ်လိုက်သောအား (Stress)သည် တည်ငြိမ်မှုမရှိသေးကြောင်း ထင်ရှားစွာပြဆိုနေသည်။

တစ်ဖန်ပဲခူးရိုးမ၏ လွှာတွန့်ခုံးတောင်ကြောများသည် တောင်ဘက်ရန်ကုန်မြို့ ကျောရိုးတစ်လျှောက်မှ သိင်္ဂုတ္တရကုန်းတော် သန်လျင်အထိ ဆက်လက်တည်ရှိပြီး မုတ္တမပင်လယ်ထဲမှတစ်ဆင့် ကပ္ပလီပင်လယ်အထိ ရှည်လျားစွာရှိသည်။ ပဲခူးရိုးမတောင်ကြော၊ စစ်ကိုင်းပြတ်ရွေ့ ဖြူးမြို့ ပဲခူးမြို့ ရန်ကုန်မြို့ ပြည်-ဇီးကုန်း ဒေသဝန်းကျင်တစ်ခုလုံးသည် ယနေ့အထိ ငလျင်များ လှုပ်နေသေးသည်ကို ကြည့်ခြင်းအားဖြင့် တည်ငြိမ်မှုမရနိုင်သေးသော ဒေသကြီးဖြစ်နေသည်ကို တွေ့ရှိရသည်။

**ငလျင်လေ့ကျင့်ခန်းများ ပြုလုပ်ကြရန်တိုက်တွန်း**

မူလပဲခူးရိုးမငလျင် (M=6.0) ကြောင့် အသက်အိုးအိမ်ပျက်စီးမှု မရှိသော်လည်း ငလျင်တုန်ခါမှုကိုမူ မြန်မာနိုင်ငံ အနှံ့အပြား ထိုင်းနိုင်ငံဇင်းမယ်မြို့များအထိ ခံစားကြရသည်ဟု ဆိုသည်။ ငလျင်လှိုင်းများ၏အား (Stress) တွင် Static Stress နှင့် dynamic stress ဟူ၍ နှစ်မျိုးရှိသည်။ ဤ stress သည် တစ်နေရာမှတစ်နေရာ ပြတ်ရွေ့တစ်လျှောက် ကူးပြောင်းသွားလေ့ရှိသည်။ ဥပမာ ၁၉၃၀ မေလတွင် လှုပ်ခဲ့ဖူးသော ငလျင်ပမာဏ ၇.၃ အဆင့်ရှိ ပဲခူးငလျင်ကိုလှုပ်ပြီး ၇ လမျှအကြာ ပဲခူးမြို့ မြောက်ဘက်သို့ အားကူးပြောင်းသွားသဖြင့် ၁၉၃၀ ဒီဇင်ဘာလ တွင် ဖြူး မြို့နယ်ငလျင်ကို ပမာဏအဆင့်ဖြင့် လှုပ်ခဲ့ဖူးသည်။ ၁၉၃၀ ပြည့် နှစ်တစ်နှစ်တည်းတွင်ပင် ငလျင်ကြီးနှစ်ကြိမ် လှုပ်သွားခဲ့သော သာဓကဖြစ်သည်။

ငလျင်၏သဘောသဘာဝသည် နက်နဲသည်။ အကြောင်းတရားပေါင်းများစွာရှိသည်။ ကြိုတင်ခန့်မှန်း၍ မရသေးသော သဘာဝဘေးအန္တရာယ်ဖြစ်သည်။ ခေတ်မီနည်းပညာများ ဖြစ်သော GPS / GNSS အစရှိသည်များဖြင့် အတိုင်းအတာတစ်ခုမျှ ကြိုတင်ခန့်မှန်းနိုင်ကြောင်းကို ဂျပန်နိုင်ငံ ငလျင်သုတေသနဌာနမှ စာစောင်များထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံရှိ ငလျင်ပညာ လေ့လာသုတေသနပြုနေသူများအနေဖြင့် အလုမ်းဝေးပါသေးသည်။ ထို့ကြောင့် မြန်မာနိုင်ငံသူ/သားများ ငလျင်အန္တရာယ်ကို ကြိုတင်ပြင်ဆင်ခြင်း (Preparedness) ဖြင့်သာ ငလျင်အန္တရာယ်လျော့ပါးစေနိုင်မည် ဖြစ်သည်။ ငလျင်လှုပ်လျှင် လုပ်ဆောင်သင့်သည့် ငလျင်လေ့ကျင့်ခန်းကို လေ့ကျင့်နေကြပါရန် တိုက်တွန်းပါသည်။

**ငလျင်လေ့ကျင့်ခန်း (Pre-earthquake Drill)**

(၁) ထိုင်ချ- (Drop) ငလျင်လှုပ်သည်ဟု ခံစားရရချင်း ဆောင့်ကြောင့်ထိုင်ချပြီး လက်နှစ်ဖက်ယှက်၍ ဦးခေါင်းပေါ် တင်ကာ ဦးခေါင်းကိုငုံ့လိုက်ပြီး အကာအကွယ်ယူလိုက်ရမည်။

(၂) ခိုလှုံ-(Cover) စားပွဲ၊ ထိုင်ခုံ၊ ခုတင်တစ်ခုခုကို ရှာတွေ့လျှင် အလျင်အမြန်ရွေ့သွားပြီး စားပွဲအောက်သို့ ပြေးဝင်ခိုလှုံရသည်။

(၃) ငြိမ်နေ-(Hold on) စားပွဲခြေထောက်ကို လက်နှစ်ဖက်နှင့် မြဲမြဲကိုင်၍ ဦးခေါင်းငုံ့၍ ဝပ်နေရသည်။

(၄) ငလျင်လှုပ်ခြင်းရပ်သွားပြီဆိုမှ ထိုင်နေရာမှ ကွင်းပြင်ရှိရာသို့ အမြန်သွားစုရမည်။

ဤလုပ်ဆောင်ချက်ကို မြန်နိုင်သမျှ မြန်မြန်လုပ်၍ အကာအကွယ်ယူရမည်ဖြစ်သည်။ လုပ်ဆောင်ချက်သည် ငလျင်လှုပ်သည့်အခါ ငလျင်အန္တရာယ်မှ ဒဏ်ရာရရှိခြင်း၊ အသက်ဆုံးရှုံးရခြင်းဘေးမှ ကင်းဝေးအောင် လျော့ပါးအောင် သင့်တော်သည့် ကာကွယ်မှုဖြစ်သည်။ ။

## (၁၀၃)နှစ်မြောက်ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ပွဲတော်ဖွင့်ပွဲကျင်းပ

**နတ်မောက် ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ပရဟိတအဖွဲ့ပေါင်းစုံ ကွန်ရက်များ စုပေါင်းပြုလုပ်သည့် (၁၀၃) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ပွဲတော်ဖွင့်လှစ်ခြင်းကို ဖေဖော်ဝါရီ ၁၁ ရက်ည နေ ၅ နာရီတွင် နတ်မောက်မြို့ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်၌ ကျင်းပခဲ့သည်။

(၁၀၃) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ပွဲတော် ဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သားချင်း၊ အရှိချင်း တိုင်းရင်းသားများနှင့် နတ်မောက်မြို့ နေပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က (၁၀၃)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ပွဲတော် မဏ္ဍပ်ရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြား၍ တောင်သားချင်းတိုင်းရင်းသားများ၊ အရှိချင်းတိုင်းရင်းသားများက ရိုးရာအကအလှသီချင်းများဖြင့် ဖျော်ဖြေခြင်းနှင့် ယင်းချောင်းလရောင်စာပေ၊ ကဗျာ၊ အနုပညာအဖွဲ့၊ ဆရာမများက ကဗျာများ ရွတ်ဖတ်၍ ည ၁၁ နာရီခွဲတွင် နတ်မောက်သွေးအငြိမ့်အဖွဲ့က ဖျော်ဖြေခဲ့ရာ နတ်မောက်မြို့နေပြည်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။



(၁၀၃) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ပွဲတော်ကို ဖေဖော်ဝါရီ၁၁ရက်မှ ၁၃ ရက်အထိကျင်းပရာ အားကစားပြိုင်ပွဲများ၊ ကဗျာရွတ်ပွဲများ၊ မြို့ခံ အငြိမ့်အဖွဲ့များ၊ စာပေဟောပြောပွဲများ၊သီးလေးသီးနှင့် ဇွဲအငြိမ့်အဖွဲ့များ၊ ခြင်း အလှခတ်ပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများ၊ ဗိုလ်ချုပ်ပုံတူကလေးပန်းချီပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာအကအလှများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**



## လဟယ်မြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**လဟယ် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် တွေးထွေနောက်အင်းကျေးရွာနှင့် အုံ့ပေါ်ကျေးရွာတို့၌ သရုပ်ဆောင် မင်းသမီး မာရီကိုးလ်ဦးဆောင်၍ အလှူရှင်များက လှူဒါန်းဆောက်လုပ်ပေးခဲ့သော ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က တွေးထွေနောက်အင်းကျေးရွာနှင့် အုံ့ပေါ်ကျေးရွာတွင် ကျင်းပသည်။ ထို့နောက် ကျောင်းဆောင်သစ်ကို သရုပ်ဆောင် မင်းသမီး မာရီကိုးလ်ဦးဆောင်သည့် အလှူရှင်များနှင့် တက်ရောက်လာသော မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးဇင်မင်းဌေး၊ ဌာနဆိုင်ရာများနှင့် ကျေးရွာဒေသခံများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ် နှစ်ကျောင်းအား နာဂဒေသကူးစက်ရောဂါသင့်ပြည်သူများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ရန်ပုံငွေမှရရှိသော ငွေနှင့် အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။ ကျောင်းဆောင်အတိုင်းအတာမှာ (၂၅×၄၀) ပေ သံပေါင်အုတ်ကြွပ်ပြား တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး တစ်ကျောင်းလျှင် တန်ဖိုးငွေကျပ်သိန်း ၁၅၀ ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေမှာ ငွေကျပ်သိန်း ၃၀၀ ဖြစ်ကြောင်း ကျောင်းဆောက်လုပ်ရေးတာဝန်ခံ ရွှေမြတ်ကိုကို ကုမ္ပဏီမှ တာဝန်ခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **လဟယ်(ပြန်/ဆက်)**

## ရွှေဘိုမြို့ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဟောပြော

**ရွှေဘို ဖေဖော်ဝါရီ ၁၃**

ရွှေဘိုမြို့ အမှတ်(၈)ရပ်ကွက်ရှိ သီတဂူဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၁၁ ရက်နံနက်က ရွှေဘိုခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် ဦးအိန္ဒဝုဓ က အမှာစကား ပြောကြားခဲ့ပြီး ရွှေဘိုခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး (ရဲမှူးကြီး-ငြိမ်း)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတာဇံ၊ ဒေါက်တာအိုကေ၊ ဥပဒေအရာရှိ(ငြိမ်း)ဦးတိုးမြင့်တို့က ဘာသာရပ်အလိုက် အသိပညာပေးဟောပြောကြသည်။ အခမ်းအနားသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ NGO အဖွဲ့အစည်းများ၊ အ.လ.က(၁)မှ ဆရာ ဆရာမများနှင့် ကျောင်းသား/သူများ၊ ဓမ္မစကူးလ်တို့မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**ကျော်ဇေ (ရွှေဘို)**

## လျှပ်စစ်ဖို့အား ကျဆင်းမှုမရှိစေရေး ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တည်ဆောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်(ည/၁၁)ရပ်ကွက် ရဲရန်အောင်လမ်း၊ လေးမာန်အောင်လမ်းနှင့် ထော်ပိုင်(၄)လမ်းတို့တွင် လျှပ်စစ်ဖို့အား လျော့နည်းကျဆင်းမှုကို ဖြည့်ဆည်းသောအားဖြင့် ပြည်သူများလျှပ်စစ်ဖို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ရွှေစွမ်းအင်ကုမ္ပဏီနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတို့ပူးပေါင်း၍ 11 / 6.6/ 0.4 KVA (200) ထရန်စဖော်မာသစ်တစ်လုံး တိုးချဲ့တည်ဆောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထရန်စဖော်မာသစ်တည်ဆောက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးစိုးမင်းနှင့် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဇောလင်းတို့ ဦးဆောင်မှုဖြင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၂၀ တို့သည် ထော်ပိုင် (၄) လမ်းနှင့် မိုးဟိန်းလမ်းထောင့် ထရန်စဖော်မာသစ်အထိုင်ချတည်ဆောက်ကာ ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း၊ (400V) ACSR လိုင်း ကြိုးဟောင်းပေ ၂၀၀၀ ကို အန္တရာယ်ကာဗာပါ ABC 95 mm လိုင်းကြိုးသစ်များဖြင့် လဲလှယ်တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဇန်နဝါရီ ၁၆ ရက်က ခွင့်အားပေးလွှတ်ပြီး ဆက်စပ်လိုင်းကြိုးတပ်ဆင်မှုနှင့် ကျန်ရှိလုပ်ငန်းများကို ဖေဖော်ဝါရီ ၆ ရက်တွင် လုပ်ဆောင်ပြီးစီးခဲ့ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# မက်မန်း (သို့မဟုတ်) ကဗျာဆန်သော မြို့လေးတစ်မြို့အကြောင်း

**မြင့်စိုး (နတလ)**

ကိုချိုစံ... ရေ

ပြီးခဲ့တဲ့ ဇန်နဝါရီလ နောက်ဆုံးပတ်တုန်းက ကျွန်တော့်ရဲ့ နတလဝန်ထမ်းဘဝမှာ အသွားချင်ဆုံးနဲ့ အရောက်ဖူးချင်ဆုံး နေရာဒေသတစ်ခုကို ရောက်ခဲ့ရပြီဗျာ။ စိတ်ထဲမှာရော ရင်ထဲနှလုံးသားထဲမှာရော ကြည်နူးဝမ်းသာဖြစ်လိုက်တာလေ... ပြောမပြတတ်အောင်ပါဘဲ။ ဘယ်နေရာ၊ ဘယ်ဒေသက ဘယ်မြို့ဘယ်ရွာလဲဆိုတော့၊ ကျွန်တော်တို့ နတလဦးစီးဌာနက ထုတ်ဝေခဲ့ဖူးတဲ့ တိုင်းရင်းသားမဂ္ဂဇင်းထဲမှာ ခင်ဗျားရေးခဲ့တဲ့ "မက်မက်ရွှေပြည် လွမ်းမိသည်" ကဗျာထဲက မက်မန်းမြို့လေးပဲဗျ။ တစ်နည်းပြောရရင် ခင်ဗျားတို့ ကျွန်တော်တို့ တပ်မတော်သား တော်တော်များများက မော်ဖဒေသလို့ ခေါ်ခဲ့ကြတဲ့၊ လက်ရှိမှာတော့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင်ထဲက မက်မန်းမြို့လေးနဲ့ ပတ်ဝန်းကျင်ဒေသတွေပဲပေါ့ဗျာ။ ကဗျာဆရာရေ... မက်မန်းမြို့ကလေး ကတော့ အခုချိန်အထိ ကဗျာဆန်နေတုန်းပဲဗျ။ ကျွန်တော် ဇန်နဝါရီလ ၂၂ ရက်နေ့မှာ ရန်ကုန်မြို့မှတစ်ဆင့် လေယာဉ်နဲ့ ကျိုင်းတုံကို ရောက်တယ်။ နောက်တစ်နေ့မှာ ရှမ်းပြည်နယ်ခွဲကျိုင်းတုံ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက ဒုတိယညွှန်ကြားရေးမှူး ကိုအေးကိုနဲ့ အတူ ကျိုင်းတုံ-တုံတာ-မိုင်းပျဉ်းကတစ်ဆင့် မက်မန်းဒေသကို ခရီး ဆက်ခဲ့ကြတယ်။ မိုင်းပျဉ်းမြို့ကနေ မြောက်ဘက်ကို ဆက်ထွက်လာပြီး ဝမ်တာခက်တံတားရှိတဲ့ တာကော်လေးကို ရောက်တယ်ဆိုရင်ပဲ မော်ဖဒေသရဲ့ အငွေ့အသက်တွေကို စတင်ခံစားရပြီလေ။

**လက်ဆောင်ပေးခဲ့**

ဘာ့ကြောင့်လဲဆိုတော့ မော်ဖဒေသထဲမှာ ၁၉၈၉ ခုနှစ်ကစပြီး နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးတဲ့အခါ အခုကျွန်တော်စပြီးရောက်ခဲ့တဲ့ တာကော်လေးအပါအဝင် မက်မန်း၊ ကောင်းလန်း၊ အေးကျန့်၊ ငှက်ယောင်း၊ ဝိန်းနောင်၊ ဆွတ်ဝိုးနဲ့ မော်ဝမ်ရွာတွေမှာ အမကကျောင်းတွေ စပြီးဖွင့်ပေးခဲ့တာကို ဖျတ်ခနဲ သတိရလိုက်လို့ပဲဗျ။ ဆွတ်ဝိုးကျေးရွာကို ဝင်လာတဲ့အခါမှာတော့ ကျွန်တော့်ရဲ့စိတ်ခံစားမှုက ကလိုင်းမက်စ် (climax) ဖြစ်သွားပြီ။ ၁၉၉၀ ပြည့်လွန်နှစ်တွေမှာ လာရောက်တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားရှာတဲ့ ဆွတ်ဝိုးဆေးရုံက ဆရာဝန် ဒေါက်တာ တင်ထွန်းဝင်းကို ပြေးပြီး မြင်ယောင်မိတယ်။ ဆွတ်ဝိုးဆေးရုံဆိုတာကလည်း ၁၉၈၉ ခုနှစ်ကတည်းက မက်မန်းဆေးရုံ၊ ဝိန်းနောင်ဆေးပေးခန်းတွေနဲ့ အတူ ပြိုင်တူဖွင့်ပေးခဲ့တာလေ။ အဲဒီ့နောက်ပိုင်း ဆက်ပြီးတော့ ဝမ်စလောင်း၊ ရောင်အူ၊ ငှက်ယောင်း၊ ကောင်းလန်း၊ မုလု၊ တာကော်လေးနဲ့ မန်ဝိန်း ဆေးပေးခန်းတွေကို ဖွင့်ပေးခဲ့တာ ဖြစ်တယ်။ ဆွတ်ဝိုးဆေးရုံကို ခဏဝင်ကြည့်ပြီး သူနာပြုဆရာမလေး နှစ်ယောက်ကိုတွေ့လို့ နှုတ်ဆက်အားပေးရင်း ကျွန်တော်ရေးခဲ့တဲ့ ပန်းဝတ်မှုန်ထုံကာသင်းလို့ရယ်နှင့် အခြားဆောင်းပါးများ စာအုပ်လေးတစ်အုပ်ရယ်၊ မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းစာအုပ်တွေရယ် လက်ဆောင်ပေးခဲ့တယ်။

ကိုချိုစံရေ....

ဆွတ်ဝိုးနဲ့ မက်မန်းမြို့လေးက ၁၀ မိုင်ကျော်ကျော်လောက်ဝေးသေးပေမယ့်အောင်သံလွင်ကျေးရွာကိုရောက်တယ်ဆိုရင်ပဲ ဟိုးအဝေးဆီက တောင်ပေါ်မှာ မက်မန်းမြို့လေးကို မြင်နေရပြီ။ မြင်သာမြင်ရ မကြင်ရမယ့်ကိုဆိုတာမျိုး ကဗျာစပ်ရလောက်တယ်ဗျို့။ လမ်းက အတက်အဆင်း သိပ်မမတ်ပေမယ့် များလိုက်တဲ့အကွေ့အဝိုက်တွေဗျာ။ တစ်ခါတလေ ချင်းပြည်နယ်(မြောက်ပိုင်း)ဒေသက တီးတိန်မြို့ရောက်ခါနီး လမ်းလိုလို၊ တချို့နေရာမှာ ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့ သွားတဲ့လမ်းပေါ်က မိုင်းပတ်ဆင်းခါနီး ပုံသဏ္ဍာန်လိုလို၊ ပလောင်ဒေသက လီလုချောင်းအလွန် နေရာတချို့နဲ့လည်း တူနေလိုက်သေး။ ပြောရရင် ခင်ဗျားတို့ ကျွန်တော်တို့ ငယ်ငယ်ကအော်ဆိုခဲ့ဖူးတဲ့ အဆိုတော်ကြီး တွံတေးသိန်းတန်ရဲ့တစ်နေဝင်သော် သီချင်းထဲကလို တစ်တောဝင်ထွက် တစ်ကုန်းတက်၍ တစ်တောင်ကိုကျော် ××× တစ်ပင်မှာ နားသော် အားငယ်ဖြေမချိ ××× တွေ့လိမ့်နိုးနိုး မျှော်ကိုးလို့နော် ××× ဆိုတာမျိုး တစ်ကုန်းပြီးတစ်ကုန်း၊ တစ်ကွေ့ပြီးတစ်ကွေ့ ဖြတ်လာရတာကိုက ကျွန်တော့်အဖို့မှာတော့ တော်တော်လေးကို ကဗျာဆန်နေပြီပေါ့ဗျာ။ ကျွန်တော် နတလကို ၁၉၈၅ ခုနှစ်မှာ စရောက်တယ်။ ကိုးကန့်ဒေသ၊ "ဝ" ဒေသ၊ ဟိုမိန်းဒေသ တွေမှာ တာဝန်ထမ်းဆောင်ပြီး ရန်ကုန်ရုံးချုပ် (သိမ်ဖြူလမ်းပေါ်က ဝန်ကြီးများရုံး)ကို ပြန်ရောက်တယ်ဆိုရင်ပဲ မော်ဖဒေသနဲ့ သည်ဒေသမှာနေထိုင်ကြတဲ့ တိုင်းရင်းသားတွေရဲ့ အကြောင်း၊ ဆောင်ရွက်ပေးနေတဲ့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း စပြီးကြားဖူးခဲ့တာဗျ။ သတင်းစာ ဆောင်းပါးတွေမှာ နယ်စပ်ဒေသတစ်ခုချင်းရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာတွေကို ရေးတဲ့အခါ မော်ဖဒေသအတွက်လည်း ထည့်ရေးခဲ့ဖူးတယ်။ ကျွန်တော် မရောက်ဖူးသေးတဲ့ အရပ်ဒေသတစ်ခုမို့ ရောက်ခဲ့ဖူး နေခဲ့ဖူးသူတွေရဲ့ တစ်ဆင့်ပြောစကားအပေါ် နက်နက်ရှိုင်းရှိုင်းခံစားပြီး ရေးခဲ့တာဆိုရင် စာပေသမားဖြစ်တဲ့ ဆရာကိုချိုစံအနေနဲ့ မအံ့သြလောက်ပါဘူး။ ကိုယ်မှ မရောက်ဖူးသေးတာလေဗျာ၊ ဟော... ခုတော့ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်တုန်းက ဓာတ်ပုံထဲမှာပဲ ဖူးမြော်ခဲ့ရတဲ့ မင်းရန်အောင်စေတီတော်မြတ်ကို ကျွန်တော်လှမ်းပြီး ဖူးတွေ့နေရပြီ။ ကြည်နူးလိုက်တာလေ မပြောပါနဲ့တော့။ မက်မန်းမြို့လေးကိုရောက်တာနဲ့ ကျွန်တော်ပထမဦးဆုံးလုပ်မယ့် အလုပ်ကလည်း သည်စေတီတော်မြတ်ထံပါး အရောက်သွားပြီး ရှိခိုးဦးခိုက်ဖို့ပဲဗျ။



**တွေးတောမြင်ယောင်မိ**

ကိုချိုစံရေ...

မင်းရန်အောင်စေတီကို ဖူးမြော်အပြီး သိမ်တော်ကို မြင်လိုက်ရတဲ့အခိုက်မှာ ကျွန်တော်တို့ နတလဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သံအမတ်ကြီး (ငြိမ်း) ဗိုလ်မှူးကြီး သန်းဆွေ တပ်ရင်းမှူးဘဝတုန်းက မက်မန်းမြို့လေးမှာ ဌာနဆိုင်ရာဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး ရှင်အပါး ၁၀၀ ပြုပွဲကြီး ကျင်းပခဲ့တာကို ပြန်လည်တွေးတောမြင်ယောင်မိတယ်။ အဲဒီ ရှင်ပြုပွဲကိုလာတဲ့ မက်မန်းမြို့ပတ်ဝန်းကျင် ကျေးရွာများက လားဟူ၊ လွယ်လ၊ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူကြီးတွေဟာ အသက်အရွယ်ကြီးတဲ့အထိ ကားဆိုတာလည်း မမြင်ဖူး၊ မစီးဖူးကြတဲ့အတွက် ရိက္ခာပို့လာတဲ့ ကားတွေရောက်လာတာနဲ့လည်း ကြုံနေတာမို့ သူတို့ရဲ့ ရွာပြန်ခရီးမှာ တပ်ရင်းမှူးကြီးက ရောက်သလောက်လိုက်ပို့ပေးတယ်။ ကားစီးဖူးသွားတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာစွာနဲ့ ပြန်သွားကြတယ်ဆိုပဲ။ ဒုတိယမြောက် သတိရလိုက်သူကတော့ ကဗျာဆရာ ကိုချိုစံ (ခေါ်) လွတ်တော်မှာ တပ်မတော်သားကိုယ်စားလှယ်အဖြစ် ရောက်ရှိတာဝန်ထမ်းဆောင်နေသော ဗိုလ်မှူးကြီး ခင်မောင်ချိုလို့ခေါ်တဲ့ ခင်ဗျားပဲဗျ။ ၁၉၉၁ ခုနှစ် ဇူလိုင်လအတွင်းမှာ ရှေ့တန်းတပ်မ (၇၇)၊ နည်းဗျူဟာ (၇၇၃) က ဦးစီးပြီး မက်မန်းမြို့သစ်ကို ပြန်လည်တည်ဆောက်ပေးခဲ့ကြတယ် ဆိုတာရယ်၊ မြို့သစ်တည်ဆောက်ရေးမှာ ကိုချိုစံတို့အပါအဝင် တပ်မတော်သားအားလုံးက တပျော်တပါး ပါဝင်လုပ်အားပေးကြတယ်ဆိုတာတွေကို ကြားဖူးထားတဲ့အပြင် မက်မန်းမြို့သစ်တည်ဆောက်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံအချို့ကလည်း ကျွန်တော့်ဆီမှာ သိမ်းဆည်းထားမိရက်သား ဖြစ်နေတယ်ဗျ။ ပြီးတော့ ကျွန်တော်ပြောခဲ့သလို ၁၉၉၉ ခုနှစ် နိုဝင်ဘာလတုန်းက ကျွန်တော်တို့ထုတ်ဝေခဲ့တဲ့ တိုင်းရင်းသားမဂ္ဂဇင်းမှာ ကိုချိုစံရေးခဲ့တဲ့ ကဗျာရှည်တစ်ပုဒ်ကိုလည်း ကနေ့အထိ မမေ့သေးတာလည်း ပါတာပေါ့လေ။

**စိတ်မကောင်းဖြစ်မိပြန်**

မြို့သစ်ပီသ မြို့ကွက်လှအောင်၊ ကျနပီပြင် ကူဆင်ယင်ဖူး၊ ခင်မင်ဖော်ရွေ ဝန်ထမ်းတွေနှင့်၊ မသွေညီညာ တူမကွာလျှင် သာရေးနာရေး စီမံပေးဖူး၊ မင်းရန်အောင်လေ မြတ်စိန္တေမှာ ဆယ်ဖြာလက်တင် ဖူးမြော်ဝင်၍၊ ပန်ဆင်ဆုခြွေ တောင်းဆုဝေဖူး၊ နီးစေလိုငြား ရေမြေခြားမှ၊ တူသွားတူလာ ရှေးအခါတွင် စိတ်ရွှင်ကြည်နူး ပျော်ခဲ့ဖူးတာ၊ စိတ်ကူးထဲတွင် ပြန်၍မြင်သည် ရွှေပြည်မက်မန်းလွမ်းပါသေး...ဆိုတာလေဗျာ။ ကျွန်တော့် မျက်လုံးထဲမှာ ခင်ဗျားတို့အဖွဲ့တွေ လှုပ်လှုပ်ရှားရှားနဲ့ လမ်းဖောက်ပေးသူက ဖောက်၊ ရေကန်ဆောက်ပေးသူက ဆောက်၊ သစ်တွေဝါးတွေ သယ်သူက သယ် လုပ်နေကြတာတွေကို ပြန်ပြီးမြင်ယောင်မိတယ်ဗျာ။ အဲဒီလို တွေးရင်း ငေးရင်း မော်ဖဒေသ တိုက်ပွဲတစ်ခုမှာ ကျဆုံးသွားတဲ့ ကျွန်တော့် သူငယ်ချင်း၊ စစ်တက္ကသိုလ် တစ်ပတ်စဉ်တည်း၊ အောင်ဇေယျ တပ်ခွဲမှာ လေးနှစ်လေးမိုးအတူနေခဲ့တဲ့ သူငယ်ချင်း ဒုတိယဗိုလ် အေးဝင်းကိုလည်း သတိရပြီး စိတ်မကောင်းဖြစ်မိပြန်ပါရော။ တပ်ရင်းမှူးတာဝန်နဲ့ မက်မန်း/ဆွတ်ဝိုးဒေသတွေကို ရောက်ဖူးခဲ့တဲ့ နောင်တော်ကြီး ကိုဇော်ဦးကတော့ ငွေနားညွှန့်ဆိုတာလေးတွေကို ဟင်းချက် စားမိရင် သေတတ်ကြောင်း ပြောခဲ့ဖူးတယ်။ နတလမှာ လုပ်ဖော်ကိုင်ဖက် နောင်တော်ကြီး ကိုစိန်လင်း၊ သူငယ်ချင်းများဖြစ်ကြတဲ့ ကိုအုန်းမြင့်၊ ကိုစန်းဝေတို့ကတော့ ဝိန်းနောင်ကူးတို့ဆိပ်ကနေ ဖြတ်ကူးပြီး စစ်ဆင်ရေးဝင်ခဲ့ရတာတွေကို ရှေးဟောင်းနှောင်းဖြစ် ပြောခဲ့ကြဖူးတယ်။ ပွိုင့် (၆၀၂၈)၊ လွယ်ဟိုလာ၊ ပွိုင့် (၅၇၁၀) တိုက်ပွဲတွေအကြောင်းလည်း ပါတာပေါ့။ ကဗျာဆန်တဲ့ မြို့လေးတစ်မြို့ရဲ့ ပတ်ဝန်းကျင်မှာ ကာရန်တွေ မညီမညာနဲ့ စပ်ဆိုခဲ့ရတဲ့ အနိဋ္ဌာရုံဖွဲ့ကဗျာ ရွတ်သံတွေ အစီအရီကြားနေရတဲ့ အချိန်ကာလတစ်ခုပဲ ဖြစ်ပေလိမ့်မယ်။

**ကတိပေးခဲ့တယ်**

ကိုချိုစံရေ...

မက်မန်းမြို့လေးကို ရောက်တုန်းရောက်ခိုက် ဌာနဆိုင်ရာဝန်ထမ်းအားလုံးနဲ့လည်း တွေ့ခွင့်ရခဲ့တယ်။ သူတို့အတွက် ကိုအေးကိုက ဆန်အိတ်၊ ငါးခြောက်၊ အာလူး၊ ကြက်သွန် စတဲ့ စားစရာတွေကို လက်ဆောင်ပေးသလို ကျွန်တော်ကလည်း ဝန်ထမ်းတွေ စုပေါင်းပြီး အလှူအတန်းလုပ်တဲ့အခါ၊ ပျော်ပွဲရွှင်ပွဲလုပ်တဲ့အခါ ထည့်သုံးဖို့အတွက် ငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ပါတယ်။ အမှန်တကယ် ကျွန်တော်ပေးချင်တာကတော့ စာအုပ်လက်ဆောင်ဗျ။ နယ်စပ်ဒေသတွေနဲ့ ပတ်သက်ပြီး ထုတ်ပြီးသားစာအုပ်တွေကလည်း အခမဲ့ဖြန့်ဝေတာ၊ လှူတာ၊ ပေးတာနဲ့တင် ကုန်ခဲ့ပြီလေ။ ကျွန်တော်ဘက်ဆဲလာပါ ဆိုနေမှုဗျာ။ နောက်ထုတ်မယ့်စာအုပ်မှာ မက်မန်းဒေသအကြောင်းလည်း ပါမယ်၊ ဝန်ထမ်းတွေအတွက် လက်ဆောင်အဖြစ် ရောက်အောင်ပို့ပေးမယ်လို့ ကတိပေးခဲ့တယ်။ ဝန်ထမ်းတွေထဲမှာ ၁၉၉၇ ခုနှစ်မှစပြီး တာဝန်ထမ်းဆောင်နေတဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးရုံး ဌာနခွဲစာရေးကြီး ဒေါ်နားပိုကိုလည်း နှုတ်ဆက်ခဲ့ရတယ်။ သူက ပန်ယန်းဇာတိဆိုပေမယ့် ၁၉၈၅ ခုနှစ်လောက်တုန်းက မိုင်းရယ်မြို့မှာ သမဝါယမဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သူ၊ အဲဒီ့ကနေ ထွေ/အုပ်ဝန်ထမ်းအဖြစ် ကူးပြောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်တယ်ဗျ။ ခရိုင် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေတဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးလင်းတို့ကလည်း လူငယ်လူရွယ်တွေမို့ မက်မန်းဒေသဖွံ့ဖြိုးရေးကို တက်တက်ကြွကြွ ဦးဆောင်ဦးရွက်ပြုနေတာ တွေ့ခဲ့ရတယ်ဗျာ။ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းကတော့ ခရီးလွန်နေလေရဲ့။ နေပြည်တော်ကို လေ့လာရေးရောက်လာတဲ့ အဖွဲ့ထဲက ရှမ်းတိုင်းရင်းသူလေး နန်းဆိုင်ခမ်းအဖွဲ့အတွက်လည်း စားစရာမုန့်တွေ လက်ဆောင်ပေးခဲ့တယ်။

ကိုချိုစံရေ...။

ဒီခရီးစဉ်တစ်ခုလုံးနဲ့ မက်မန်းမြို့လေးအကြောင်း ပြောရရင် ကျွန်တော့်အတွက်တော့ အလွန်လှပတဲ့ ကာရန်တွေနဲ့ ဖွဲ့ဆိုထားတဲ့ ကဗျာတစ်ပုဒ်ပါပဲ။ မက်မန်းကို ရောက်တဲ့ညက လမ်းဦးစီးဌာနရုံးလေးမှာ တည်းတာဗျ။ လဆန်းရက်လေးမို့ လကလေးကွေးကွေး လရောင်လေး ရေးရေးနဲ့ပေါ့ဗျာ။ အဲဒီ့မှာ ဖြန်းခနဲ မြင်လိုက်ရတာက ကြယ်ကလေးတစ်လုံး ကြွေကျသွားတာကိုပဲဗျို့။ ငယ်ငယ်တုန်းကတော့ ကြယ်ကြွေရင် ဆုတောင်းရတယ်ဆိုလားပဲ။ အဲ့ဒါကိုတွေးမိရင်း ကျွန်တော် ပြုံးပြုံးကြီးနဲ့ ဆုတစ်ခုတောင်းလိုက်မိတယ်။ ထိုဆုကြီးတွေ ပေါက်ပြီး မက်မန်းဒေသဖွံ့ဖြိုးရေးအတွက် အများကြီး လှူရတန်းရပါလို၏ လို့ပဲပေါ့ဗျာ။ ။

> **"ဆွတ်ဝိုးနဲ့ မက်မန်းမြို့လေးက ၁၀ မိုင်ကျော်ကျော်လောက် ဝေးသေးပေမယ့် အောင်သံလွင်ကျေးရွာကို ရောက်တယ်ဆိုရင်ပဲ ဟိုးအဝေးဆီက တောင်ပေါ်မှာ မက်မန်းမြို့လေးကို မြင်နေရပြီ၊ မြင်သာမြင်ရ မကြင်ရမယ့်ကိုဆိုတာမျိုး ကဗျာစပ်ရလောက်တယ်ဗျို့"**

---

## ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ နောင်ချိုမြို့နယ်၌ ဆောင်ရွက်

**သီပေါ ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးလက်ဦးစီးဌာနမှ (၉ ဒသမ ၈၇၅) သန်းဖြင့် လုံဝယ်ကျေးရွာအုပ်စု မြင်းဖြူကျေးရွာ အမြင့်တင်စနစ်ဖြင့် စိမ့်စမ်းရေ သွယ်ယူခြင်း၊ ရေစုကန်တည်ဆောက် ခြင်း၊ ရေတာတမံတည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဦးစီးမှူးက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းကို ရှင်းလင်းပြသသည်။ ခရိုင်ဦးစီးမှူးက လုပ်ငန်းများရေရှည်ကြံ့ခိုင်ရေး၊ အချိန်မီပြီးစီးရေးနှင့် ငွေစာရင်းထိန်းသိမ်းခြင်း ပုံစံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်

**မြစ်ငယ် ဖေဖော်ဝါရီ ၁၃**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အ.ထ.က(မြစ်ငယ်)၌ ဖေဖော်ဝါရီ ၉ ရက်က ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ မြစ်ငယ်မြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဦးမျိုးမင်းဦးနှင့် အဖွဲ့ဝင်များ မြစ်ငယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်း၊ မြစ်ငယ်ဒေသန္တရ ကျန်းမာရေးဆေးခန်းမှ ကျန်းမာရေးဆရာမများနှင့် ပြည်သူတို့ စုပေါင်းသန့်ရှင်းရေးနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



## နေရယ်၊ လရယ်၊ အမှန်တရားရယ်နှင့် ခင်ဇာခြည်ကျော်

၂၀၁၅ ခုနှစ်က မြဝတီ ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသခဲ့သည် အောင်မြင်သော ဥပဒေ ဇာတ်လမ်းတွဲ တစ်ခုဖြစ်သည့် "နေရယ် လရယ် အမှန်တရားရယ်" ဇာတ်လမ်းတွဲကို ဒုတိယမြောက်အဖြစ် ထပ်မံရိုက်ကူးရာတွင် လွှတ်တော်အမတ် ဇာတ်ရုပ်အတွက် အကောင်းဆုံး ကြိုးစားရိုက်ကူးနေကြောင်း သရုပ်ဆောင် ခင်ဇာခြည်ကျော်က ပြောသည်။

"ဒီဇာတ်လမ်းတွဲထဲမှာ အစ်မက ကျောင်း ဆရာမ ဘဝကနေ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဝင်ပြီး အရွေးခံတဲ့ အကြောင်းပါတယ်၊ အဲဒီလို ဝင်ရောက်အရွေးခံတဲ့အချိန်မှာ ကျွန်မက အနိုင်ရရှိပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် သရုပ်ဆောင်ရမှာဖြစ်ပါတယ်၊ ဒါရိုက်တာရဲ့ သီးသန့်ညွှန်ကြားချက်ကိုလည်း မေးထားပါတယ်၊ ကျွန်မကတော့ ကိုယ်ကျတဲ့ ဇာတ်ရုပ်ကို အကောင်းဆုံးတော့ ပြင်ဆင်ထားပါတယ်၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ နေထိုင်ပုံ၊ ဝတ်စားပုံအားလုံးကို အများအယွင်း လုံးဝမရှိအောင်တော့ ဂရုစိုက်ပါတယ်၊ ဒါတွေကို ကြိုတင်ပြင်ဆင်နေပြီး ဒိုင်ယာလော့ဂ်တွေကတော့ သိပ်စိတ် မပူရပါဘူး၊ တစ်ဦးချင်းစီအတွက် ကာရိုက်တာ တစ်ခုချင်းအတွက် သီးသန့်ရေးထားတဲ့ ဇာတ်ညွှန်းဖြစ်တာကြောင့် အထွေအထူး လုပ်စရာမလိုပါဘူး၊ မြန်မာဝတ်စုံကိုပဲ အဓိကထားပြီး ဝတ်ဆင်သွားမယ်" ဟု ခင်ဇာခြည်ကျော်က ပြောသည်။

နေရယ်လရယ်အမှန်တရားရယ် ပထမဇာတ်လမ်းတွဲမှာ ဥပဒေနှင့်ပတ်သက်၍ ပြည်သူလူထုမသိသေးသည့် အကြောင်းအရာများ၊ ဥပဒေနှင့်ဆိုင်သည့် ဗဟုသုတများကို ဖော်ပြထားပြီး ဥပဒေအတွက် အကူအညီပေးနေသည့် အဖွဲ့အစည်းလေးများအကြောင်းကိုလည်း ဖော်ပြထားရာ ယနေ့လူ့အဖွဲ့အစည်းအတွက် များစွာ အထောက်အကူဖြစ်စေခဲ့ကြောင်း ၎င်းကပြောသည်။ **ကိုလင်း**

## မိုက်လားပြောကြည့်ဖြင့် ပရိသတ်အတွက် ကြိုးစားတင်ဆက်

**ကိုလင်း**

ကလေးသရုပ်ဆောင်အဖြစ် အနုပညာလောကသို့ ဝင်ရောက်လာခဲ့သူ၊ ဇာတ်ကားများစွာ သရုပ်ဆောင်ခဲ့ဖူးပြီး ပရိသတ်အချစ်တော် ဝါဆိုမိုးဦးက သရုပ်ဆောင်အပြင် ဂီတလုပ်ငန်းများကိုလည်း စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း ပရိသတ်များထံ စကားပါးခဲ့သည်။

ဝါဆိုမိုးဦးသည် ပရိသတ်အတွက် "မိုက်လားပြောကြည့်" အမည်ရှိ ပထမဆုံးသော တစ်ကိုယ်တော်ခွေကို စတင်ဖြန့်ချိခဲ့ပြီး ယင်းအခွေအပြင် အနုပညာလုပ်ငန်းဖြစ်သည့် ဇာတ်ကားများ ထုတ်လုပ်ရိုက်ကူးခြင်းကိုလည်း ကိုယ်တိုင်ဦးစီး လုပ်ဆောင်သွားရန် ရည်ရွယ်လျက်ရှိကြောင်းသိရသည်။

"ဝါဆိုဆိုတဲ့ နာမည်နဲ့ ထုတ်လုပ်ရိုက်ကူးဖို့ ပြင်ဆင်နေပါတယ်၊ ဖေဖော်ဝါရီ ၁၃ရက်နေ့မှာ ကန်တော့ပွဲပေးပြီး ဖေဖော်ဝါရီ ၁၄ရက်မှာ စတင်ရိုက်ကူးမှာပါ၊ ဒါရိုက်တာက ကိုသားညီ ဖြစ်ပါတယ်၊



သရုပ်ဆောင်တွေကတော့ ကိုဇေရဲထက်နဲ့ ကျွန်မနဲ့ ရွှေကေသရီနဲ့ မိုးသူရ၊ ဆုနန္ဒာအောင်တို့ ပါဝင်ထားပါတယ်၊ ဇာတ်လမ်းလေးကတော့ အချစ်ဇာတ်လမ်းပါပဲ၊ အဓိကကတော့ သရုပ်ဆောင်အပါအဝင် အနုပညာလုပ်ငန်းအားလုံးကို ကျွန်မသိပ်ကိုဝါသနာ ကြီးပါတယ်၊ ဒါတင်မကသေးပါဘူး၊ ဒီကြားထဲမှာ "မိုက်လား ပြောကြည့်" အမည်ရတဲ့ ကျွန်မရဲ့ စီးရီးအတွက် လုံးပန်းနေခဲ့ရတာကြောင့် ပရိသတ်ကြီးနဲ့ တော်တော်ကို အဆက်ပြတ်သွားခဲ့ပါတယ်၊ နောက်ပိုင်းမှာလည်း ကျွန်မကိုယ်တိုင် ဖန်တီးတဲ့ ဇာတ်ကောင်တွေ၊ ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွေကိုလည်း မြင်တွေ့ရချင်တဲ့အတွက် ကိုယ်တိုင်ထုတ်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်" ဟု ဝါဆိုမိုးဦးက ဆိုသည်။

ဝါဆိုမိုးဦးသည် လုပ်ချင်သည်များကို မဖြစ်ဖြစ်အောင် လုပ်တတ်သည့် အကျင့်ရှိပြီး တစ်နေ့ကျလျှင် အနုပညာ ထုတ်လုပ်သူတစ်ဦးဖြစ်ချင်သည့် ဆန္ဒမှာ ငယ်စဉ်ကတည်းကပင်ရှိခဲ့ကြောင်း၊ ၎င်းအနေဖြင့် ကျရာဇာတ်ရုပ်မျိုးစုံတွင် သရုပ်ဆောင်ဖြစ်ခဲ့ကာ သက်တမ်းအားဖြင့် ၁၀ နှစ်ကျော်လာခဲ့ပြီဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ကုမ္ပဏီတည်ထောင်ရန် အခက်အခဲများရှိ နေသေးသဖြင့် ဇာတ်ကားများ ထုတ်လုပ်ရုံသာ ထုတ်လုပ်ပြီး မိတ်ဆွေလုပ်ငန်းတစ်ခုနှင့်ပူးပေါင်းကာ ဖြန့်ချိမှုများကို လတ်တလောတွင် ပြုလုပ်ရန်ရည်ရွယ်ကြောင်း သိရသည်။ "အကုန်လုံးပါပဲ၊ အနုပညာကို ဝါသနာပါတဲ့အတွက်ကြောင့် ဘယ်ဟာမဆို လုပ်နေရရင် ပျော်နေတာပါပဲ၊ သီချင်းဆိုမလား၊ ရုပ်ရှင်ရိုက်မလား၊ ဓာတ်ပုံရိုက်မလား၊ ကြော်ငြာရိုက်မလား၊ အကုန်လုံး လုပ်ရတာ ပျော်နေတာပဲဆိုတော့ ဝါဆိုအတွက်ကတော့ အနုပညာအလုပ်လုပ်နေရရင် ကျေနပ်တယ်၊ အားပေးတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်တယ်၊ ပရိသတ်တွေရှိတဲ့အတွက်ကြောင့် ကိုယ် ဝါသနာပါတဲ့ အနုပညာလုပ်ငန်းလေးကို ဆက်ပြီး လျှောက်လှမ်းနေရတယ်လို့ ထင်ပါတယ်"ဟု ဝါဆိုမိုးဦးက ပြောကြားသည်။

## ၁၀ နှစ်ကြာမှ တစ်ကိုယ်တော်အခွေကို ထုတ်နိုင်ခဲ့သူ စစ်သွေး

**ကိုလင်း**

"နားအေးပါးအေးနေချင်လို့" ဟူသည့် ပထမဆုံးတစ်ကိုယ်တော်အခွေကို ၂၀၀၈ ခုနှစ်က ထွက်ရှိခဲ့ပြီး ပရိသတ်အားပေးမှု ရရှိထားခဲ့သော်လည်း ၁၀ နှစ်အကြာမှ ဒုတိယမြောက် ကိုယ်ပိုင်အခွေကို ထွက်ရှိခွင့်ရရှိခဲ့ခြင်းကြောင့် ဝမ်းသာမိကြောင်း တေးသံရှင်စစ်သွေးက ပြောသည်။

ယခုထွက်ရှိသည့် "ချစ်တာကိုဟ"စီးရီးအတွက် အချိန်အားဖြင့် ခြောက်နှစ်ကျော်ခန့် ပြင်ဆင်ခဲ့ရပြီး ရသမျိုးစုံ၊ ဂီတမျိုးစုံဖြင့် ယင်းအခွေအား ဖန်တီးထားကြောင်း စစ်သွေးထံမှ သိရသည်။ ယင်းအခွေအား ဖေဖော်ဝါရီ ၁၂ ရက်တွင် ဘိုဘိုမြူးဇစ်မှ ထုတ်လုပ်ဖြန့်ချိခဲ့ခြင်း ဖြစ်သည်။

"အခွေအတွက် ပြင်ဆင်ခဲ့တာကြာပါပြီ၊ သီချင်းတွေရွေးနေတာနဲ့ အချိန်ကကုန်သွားတာပါ၊ ကိုယ်နဲ့လိုက်ဖက်တဲ့ သီချင်းတွေကိုရှာခဲ့တာပါ၊ ကျွန်တော်လုံးပမ်းနေတာ ၁၀ နှစ်ဆိုတော့ သီချင်းတွေက ဗားရှင်းပိုင်းကိုပြန်ပြီးလုပ်ရတာလောက်ပါပဲ၊ ကျေးဇူးတင်စရာကောင်းတာက တစ်ပြားတစ်ချပ်မှ မယူဘဲ ကျွန်တော့်အခွေလေးထွက်နိုင်အောင် ကူညီကြတဲ့ သူငယ်ချင်းမိတ်ဆွေ ဂီတသမားတွေကိုပါပဲ" ဟု စစ်သွေးက ပြောသည်။



အဆိုပါ စီးရီးတွင် စောခူဆဲလ်၊ ပုသိမ်မောင်စိမ်းသူ၊ မောင်ဆွေနွယ်၊ ဟဲလေး၊ ကောင်းဆက်၊ ဖြိုးကြီး၊ စစ်ငြိမ်း၊ ထွဏ်းခန့်၊ ဇဝါ၊ ထာန်၊ ဒီယံ၊ မင်းကို၊ ကမ္ဘာ၊ ကိုခန့်၊ စိမ့်၊ နန်းမြတ်သန္တာကိုတို့က ရေးစပ်ပေးထားကြပြီး ဇော်ပိုင်၊ ဖြိုးကြီး၊ ဟဲလေး၊ အစ္စဏီ၊ ဇွဲပြည့်၊ ဒီယံ၊ ဒီဖြိုး၊ စိုင်းလွှမ်း၊ ဉာဏ်လင်းအောင်၊ အောင်ထက်၊ ရတနာမိုင်၊ နွေးနွေးချစ်ဖွယ်၊ ထရစ်လပ်၊ အိမ့်ချစ်တို့က အားဖြည့်သီဆိုထားကြောင်း အမ်တီဗွီတွင်လည်း ဒါရိုက်တာဂျိုးမှ ဖန်တီးရိုက်ကူးထားပြီး အနုပညာရှင်များစွာ ပါဝင်ကြောင်း၊ ချစ်သူများနေ့ ညနေ ၃ နာရီတွင် လည်းတန်း စင်တာတွင် ပါဝင်သီဆို သရုပ်ဆောင်ထားကြသူများက အမှတ်တရလက်မှတ်ရေးထိုးပေး မည်ဖြစ်ကြောင်း သိရသည်။

## ဘဝကို အမှန်အတိုင်းချပြရန်အတွက် သတ္တိအပြည့်ရှိသည့် နေမင်းအိမ်

ဆမ်ဆောင်းဂလက်ဇီစတား ၂၀၁၇ သီချင်းဆို ပြိုင်ပွဲကြီးတွင် အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်ပေါင်း များစွာကို ဖြတ်ကျော်ကာ ဆုကြီးဆွတ်ခူးခဲ့သူ၊ ပရိသတ်အားပေးမှုကို အပြည့်အဝရရှိထားသည့် နေမင်းအိမ်၏ တစ်ကိုယ်တော်တေးစီးရီးဖြစ်သည့် အရေးကြီးဆုံး အမည်ရှိ စီးရီးကို ဖေဖော်ဝါရီ ၁၁ရက်တွင် စတင်ဖြန့်ချိနိုင်ခဲ့ပြီ ဖြစ်သည်။

နေမင်းအိမ်၏ ပွင့်လင်းရိုးသားသည့် အင်တာဗျူးရုပ်သံကြောင့် ဂလက်ဇီစတားပြိုင်ပွဲစဉ်အတွင်း ပရိသတ်အားပေးမှုကို အစွမ်းကုန်ရရှိထားပြီး ပြိုင်ပွဲအတွင်း အခက်အခဲများကိုလည်း ဖြတ်ကျော်နိုင်ခဲ့ သူ၊ ဂလက်ဇီစတားအဖြစ် ရွေးချယ်ခံရပြီးနောက်ပိုင်း ဆုကြေးငွေနှင့်ပတ်သက်၍ ဖြေရှင်းမှုများ ပြုလုပ်ခဲ့ရသော်လည်း ယခုအချိန်တွင် ထိုဆုကြေးဖြင့် တစ်ကိုယ်တော်တေးစီးရီးခွေကို အောင်မြင်စွာဖြင့် သူဖန်တီးခွင့်ရရှိခဲ့ပြီလည်း ဖြစ်သည်။ နေမင်းအိမ်၏ ပထမဆုံးတစ်ကိုယ်တော် တေးစီးရီးသစ် မိတ်ဆက်ပွဲအပြီး တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို မြန်မာ့အလင်း ပရိသတ်အတွက် ဖော်ပြပေးလိုက်ပါသည်။

**မေး ။ အခက်အခဲတွေကြားထဲကနေ နောက်ဆုံးမှာ အရေးကြီးဆုံးဆိုတဲ့ စီးရီးလေး ထွက်လာနိုင်ပြီနော်။ စီးရီးနဲ့ပတ်သက်ပြီး ပြောပြပါဦး။**

ဖြေ ။ ကျွန်တော်က ဒီအခွေလေးထွက်ချင်တာ အခုမှမဟုတ်ဘူး။ လွန်ခဲ့တဲ့ လေးငါးနှစ်ကတည်းက မက်ခဲ့ရတဲ့ ကျွန်တော့်အိပ်မက်ပါ။ ဂလက်ဇီစတားကို ဝင်ပြိုင်ခဲ့တာကလည်း ဒီရည်ရွယ်ချက်လည်း ပါပါတယ်။ အခုကျွန်တော်ကိုယ်တိုင် ဖန်တီးချင်တဲ့ သီချင်းလေးတွေကို စိတ်ကြိုက်ဖန်တီးခွင့်ရခဲ့လို့ ကျေနပ်ပါတယ်။ အရင်ကတည်းက လုပ်ချင်တဲ့ အမျိုးအစားလေးတွေလည်း ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်က ပြိုင်ပွဲကနေ ဂီတလောကထဲကို ရောက်လာတာဆိုတော့ ပရိသတ်အကြိုက်တွေ့မယ့် သီချင်းမျိုးလေးတွေကို အမျိုးအစားမျှအောင် ကျွန်တော်ရွေးချယ်ထားပါတယ်။ ပရိသတ်နဲ့ ထပ်တူ ကျနိုင်မယ့် သီချင်းလေးတွေလည်း ပါတယ်။ အဲဒါကတော့ အတိတ်အိပ်မက်ဆိုတဲ့ သီချင်းနဲ့ ခေတ်လူငယ်ဆိုတဲ့ သီချင်းမျိုးတွေ၊ နောက် အခွေနာမည်ဖြစ်တဲ့ အရေးကြီးဆုံးဆိုတဲ့ သီချင်းလေးပါ။ ဒီသီချင်းအပြင် ကိုညီမင်းခိုင်ရေးစပ်ပေးတဲ့ ချစ်တတ်ခဲ့ပြီ ဆိုတာမျိုးလည်း ပရိသတ်ကြီး ကြိုက်နှစ်သက်မယ်လို့ ထင်ပါတယ်။ အဓိကကတော့ ကျွန်တော့်သီချင်းအားလုံးကို နားဆင် စေချင်တယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော် သီဆိုတာထက် တေးရေးဆရာတွေရဲ့ သီချင်းစာသားလေးတွေကို ကျွန်တော်ဆိုတဲ့ ပုံစံနဲ့ဆိုရင် ဘယ်လိုဖြစ်လာသလဲဆိုတာ ပရိသတ်ကို နားထောင်ကြည့်စေချင်တယ်။

**မေး ။ ဒီအခွေလေးက ပရိသတ်အတွက် ဘယ်လိုအကြောင်းအရာတွေ အမှတ်ရစေမယ်။ အကျိုးရှိစေမယ် ဆိုတာမျိုးရှိလား။ နေမင်းအိမ်ရဲ့ ဘဝနဲ့ရော ဒီအခွေက ဆက်စပ်မှုရှိလား။**

ဖြေ ။ ခေတ်လူငယ်ဆိုတဲ့ သီချင်းလေးဆိုရင် ဒီဘက်ခေတ်မှာရှိတဲ့ ကျွန်တော်တို့လို လူငယ်တွေအတွက် ခွန်အားဖြစ်မယ့် ပုံစံလေးတွေ ပါတယ်၊ နောက်ကျန်တဲ့ သီချင်းလေးတွေကတော့ အချစ်သီချင်းလေးတွေပါပါတယ်၊ အချစ်သီချင်းလေးတွေ ဆိုပေမယ့် အချစ်ကိုပဲ အဓိကထားတာ မဟုတ်ပါဘူး ဘဝနဲ့ ဆိုင်တဲ့ ပုံစံမျိုးလေးတွေလည်း လုပ်ထားတာပါ၊ နောက်တစ်ပုဒ်က "ဝတ္ထုတို"ဆိုတဲ့ သီချင်းလေးပါ အဲ့ဒီ သီချင်းလေးဆိုရင်လည်း၊ ကျောင်းသားလေးတွေရဲ့ ခံစားရတဲ့ စိတ်ခံစားချက်လေးတွေကို ဖန်တီး ထားတာပါ၊ သီချင်းတစ်ပုဒ်နဲ့ တစ်ပုဒ်ရသမတူအောင်တော့ ဖန်တီးထားပါတယ်၊ သီချင်း တွေအကုန်လုံးနီးပါးက ကျွန်တော့်ဘဝရဲ့တစ်စိတ်တစ်ဒေသလေးတွေပါတယ်၊ ဒါကြောင့် မို့လည်း ကျွန်တော်စိတ်ကြိုက် ကျွန်တော်ယုံကြည်စွာနဲ့ ရွေးချယ်ခဲ့တာပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော် ဒီအခွေလေးဖြစ်လာဖို့ ကြိုးစားနေခဲ့ရတဲ့ အချိန်ကတည်းက အခက်အခဲ တွေအများကြီး ရင်ဆိုင်ကြုံတွေ့ခဲ့ရတယ်၊ ဒါတွေကို ဒီအခွေလေးထဲမှာ ကျွန်တော်ထည့်ထားပါတယ်။



**မေး ။ နေမင်းအိမ်ကို ကိုယ့်ရဲ့ဘဝကို အမှန်အတိုင်းချပြပါလို့ ပြောလာခဲ့မယ်ဆိုရင် ဘယ်လိုပြောချင်ပါသလဲ။**

ဖြေ ။ ကျွန်တော့်ဘဝကို ကျွန်တော်ချပြဖို့က ဘာမှမဆန်းပါဘူး ၊ သတ္တိရှိပါတယ်၊ ကျွန်တော့်ဘဝကို အမှန်အတိုင်း ယုံကြည်ချက်ရှိစွာနဲ့ ချပြနိုင်သလို ဆက်လက်ပြီး လျှောက်လှမ်းနိုင်အောင်လဲ အဆင်သင့်ပါပဲ၊ ဘာမှဖုံးကွယ်ထားတာမျိုးမှ မရှိပါဘူး။

**မေး ။ ကြိုးစားနေတဲ့ ဂီတ လူငယ်သမားအတွက် ခံစားခဲ့ရတဲ့ ဂီတနဲ့ ပတ်သက်တဲ့ ခံစားချက်မျိုးရော နေမင်းအိမ်မှာ ရှိပါသလား။**

ဖြေ ။ ဟုတ်ကဲ့ ရှိပါတယ်။ အဲ့ဒါကတော့ ကျွန်တော်နဲ့ ဝါသနာတူတဲ့ သူငယ်ချင်းတွေနဲ့ တွဲပြီးတော့ ဂီတကိုဖန်တီးမယ်ဆိုပြီး လုပ်ခဲ့တာရှိပါတယ်၊ တော်တော်များများလဲ သိမယ်လို့ ထင်ပါတယ်။ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်လောက်က မျိုးဆက်သစ်လူငယ်တွေကို အခွေထုတ်ပေးမယ်၊ သီချင်းတွေပြ ပေါ့ဆိုပြီး ခေါ်တယ်။ ဂျာနယ်တွေမှာလည်း အများကြီးပါတယ်။ အဲ့ဒီ သတင်းလေးတွေတော့ ကျွန်တော့် သူငယ်ချင်းတွေနဲ့ အတူ သီချင်းတွေစုပြီး အခွေလေးလုပ်သွားပေးခဲ့ဖူးပါတယ်။ အမှတ်အရဆုံးကတော့ ကိုယ်လေးစားအားကျရတဲ့ သူတစ်ယောက်ဆီသွားအပ်ခဲ့တာပဲ။ အခွေကိုလေ ဘာတစ်ခုမှ အကြောင်းမပြန်ခဲ့ဘူး။ သူက ကျွန်တော်တို့ မျိုးဆက်သစ်လူငယ်တွေရဲ့သီချင်းတွေ ယူမယ်သူနဲ့အတူ အခွေထွက်မယ်၊ ကျွန်တော်တို့ကိုပါ ခေါ်မယ်ဆိုပြီး နောက်ပိုင်း ဘာသံမှ မကြားရတော့ဘူး။ အခွေလဲထွက်မလာခဲ့ပါဘူး။ အဲ့ဒီအချိန်တုန်းက ကျွန်တော် လည်းသီချင်းပြိုင်ပွဲမှာ ပြိုင်ပွဲဝင်နေတဲ့ အချိန်ရယ်၊ တစ်ဖက်ကလည်း သူငယ်ချင်းတွေနဲ့ အခွေ လုပ်မယ်ဆိုတဲ့ စိတ်ကူးလေးပါ။ လူငယ်တွေအတွက် အိပ်မက်တစ်ခုလို့ပြောလို့ရပါတယ် ဒီအစီအစဉ်က ဖြစ်လားမဖြစ်လားတောင် ကျွန်တော်မသိခဲ့ပါဘူး။ အမှတ်တရဆိုရင်ဘဝမှာ အဲ့ဒါလိုပဲ ပြောရမှာပါ။

**မေး ။ အပြင်မှာပြောနေတာရှိတယ်။ ဆုကြေးကို အပြည့်မရခဲ့ဘူးလို့၊ အခု ဆုကြေးအပြည့်ရပြီလား ဒါကြောင့် တစ်ကိုယ်တော်ခွေ ထွက်နိုင်တာလား။ ပြီးတော့ စာချုပ်ဖြတ်လိုက်တာကလည်း သတင်း စကားတွေကြားမိတယ်။ အဲဒီအတွက်ရော ရှင်းပြပေးဖို့ရှိလား။**

ဖြေ ။ ပြိုင်ပွဲပြီးသွားတဲ့အချိန်မှာ ပြိုင်ပွဲနဲ့ပတ်သက်တဲ့ ကောလာဟလတွေက အများကြီးထွက်ရှိခဲ့တယ်။ ဆုကြေးနဲ့ ပတ်သက်တာတွေရော၊ စာချုပ်နဲ့ ပတ်သက်တာတွေရောပဲ။ အဓိကကတော့ ဆုကြေးနဲ့ပတ်သက်ပြီး ကောလာဟလဆိုတာက ကျွန်တော့်ရဲ့ ကိုယ်ပိုင်လူမှုကွန်ရက်စာမျက်နှာမှာ တရားဝင် ပြောထားပါတယ်၊ မဖြစ်နိုင်တာကို ကျွန်တော်ပြောတာ မဟုတ်ပါဘူး၊ အမှန်ဖြစ်နေတာကို ပြောတာပါ။ လက်ရှိဖြစ်နေတဲ့ အခိုက်အတန့်လေးအချိန်မှာ လက်ရှိဖြစ်နေတာလေးကို ဖြေကြားလိုက်တာပဲ ဖြစ်ပါတယ်။ ကျွန်တော်ဖြေလိုက်တဲ့အဖြေကလည်း အပြင်မှာကောလာဟလ ထွက်နေတာက အမှန်တွေပါ။ ဘာဖြစ်လို့လဲဆိုရင် ဒီသတင်းတွေက မှားနေတဲ့ သတင်းမှမဟုတ်တာ၊ ဆုကြေးကိစ္စကိုလည်းအားလုံးဆွေးနွေးခဲ့ကြပါတယ်။ ပွဲပြီးတာနဲ့ သိန်းတစ်ထောင်ကို တစ်ခါတည်းရခဲ့ပါတယ်။ အိမ်ထောင် (အမျိုးသမီး)ရှိလို့ ဆုမပေးဘူးဆိုတာ၊ စာချုပ်ဖျက်လိုက်တယ်ဆိုတာတွေက မဟုတ်ပါဘူး။ ဆုကြေးကိစ္စရော၊ စာချုပ်ကိစ္စကိုပါ ကျွန်တော်တို့ အပြန်အလှန်ဆွေးနွေးခဲ့ပေမယ့် စာချုပ်ကိစ္စကတော့ အဆင်မပြေလို့ ဖျက်လိုက်ရတာပါ။

**မေး ။ ပြိုင်ပွဲယှဉ်ပြိုင်စဉ်တုန်းက နေမင်းအိမ်ကို ပြိုင်ပွဲအတွက် ဘေးကနေ ပံ့ပိုးပေးတဲ့သူရှိတယ်ဆိုတဲ့ ကောလာဟလထွက်ပေါ်ခဲ့တာ ကြားရတယ်။ အဲဒီအပေါ်မှာရော နေမင်းအိမ် ပရိသတ်ကို ချပြလို တာရှိလား။**

ဖြေ ။ အဲဒါက မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ ပြိုင်ပွဲပြိုင်တဲ့ အတောအတွင်းမှာ လိုက်ဖ်ကနေ အလှအပရေးရာနဲ့ပတ်သက်ပြီး ပြင်ဆင်ပေးရတာ အားလုံးတစ်ပြေးညီပါပဲ။ ကျွန်တော်တို့ကို ကိုရီးယားမိတ်ကပ် ဆရာ၊ဆရာမတွေအားလုံး ပြင်ပေးကြတာ၊ ဒီဇိုင်နာတွေ ကလည်း ပြင်ဆင်ပေးကြတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ကတော့ ကောလာဟလလိုပါပဲ။ ဘာမှလည်း ပတ်သက်ခဲ့ခြင်း မရှိပါဘူး။ ဘာမှလည်း ဖြစ်ထားတာမရှိပါဘူး။ ကိုယ့်ဘက်ကလည်း ဘာမှစထားတာမျိုး မရှိပါဘူး။ ။ **တွေ့ဆုံမေးမြန်း - ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ကလေးမွေးပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ် အပြင်ထွက်လည်ခဲ့တဲ့ ခိုင်လီဂျန်နာ



ခိုင်လီဂျန်နာဟာ သမီးဦးလေးမွေးပြီး ပထမဦးဆုံးအကြိမ်အဖြစ် အပြင်ထွက်ခဲ့ပါတယ်။ ကလေးမွေးပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ် အပြင်ထွက် ဓာတ်ပုံအရိုက်ခံတာလည်းဖြစ်တယ်။ ကိုယ်ဝန်ဆောင်စဉ် ကိုးလတာကာလအတွင်း ခိုင်လီဂျန်နာဟာ အပြင်မထွက်ပါဘူး။ ဒါကြောင့် အခုတစ်ကြိမ်ဟာ ပထမဦးဆုံးအကြိမ် လူမြင်ကွင်းကို ပြန်ထွက်လာတာလည်း ဖြစ်ပါတယ်။ ခိုင်လီဂျန်နာနဲ့ တာဗစ်စကောက်တို့ဟာ သူတို့ရဲ့သမီးလေးကို စတောမီဝဘ်စတာလို့ အမည်ပေးခဲ့ပါတယ်။ အခုအပြင် ထွက်လာရာမှာတော့ ခိုင်လီဂျန်နာဟာ သူ့သမီးလေးကိုခေါ်မလာပါဘူး။ အိမ်မှာထားခဲ့ပါတယ်။ ခင်မင်ရင်းနှီးသူတွေပြောကြတာကတော့ ကလေးကိုခိုင်လီဂျန်နာဟာ အတော်လေးတွယ်တာတယ်လို့ ဆိုပါတယ်။

သူဟာသူ့ကလေးကို တစ်ယောက်တည်းထားခဲ့လေ့မရှိပါဘူး။ ဘာလို့လဲဆိုရင်သူမျက်ကွယ်ရာမှာကလေးကို ဘယ်သူနဲ့မှစိတ်မချတာရယ်၊ ကလေးနဲ့နေရရင် သူကိုယ်တိုင်လည်း အလွန်ပျော်ရွှင်တာရယ်ကြောင့်ပါလို့ သူနဲ့နီးစပ်တဲ့အသိုင်းအဝိုင်းက ပြောပါတယ်။ ဖခင်ဖြစ်သူ တာဗစ်ဟာလည်းအလွန်ကို စိတ်ရှည်ပြီးသမီးဖြစ်သူကို သိပ်ချစ်တဲ့ ဖခင်တစ်ယောက်ပါ။

ခိုင်လီဂျန်နာဟာ ကလေးမွေးပြီးတဲ့နောက်ပိုင်း သူ့ရဲ့အနုပညာလုပ်ငန်းတွေကို ပြန်မလုပ်သေးပါဘူး။ သူဟာ အားရှိအောင်စားပြီး ကိုယ်ခန္ဓာကျန်းမာဖို့အတွက် ပြန်လည်လုပ်ဆောင်နေတုန်းပဲရှိပါသေးတယ်။ လက်ရှိမှာ သူ့ရဲ့ဦးစားပေးကတော့ သူ့သမီးလေးပါပဲ။

**အီးနယူးစ်**

ချိုး

.................................

### ဗစ်တိုးရီးယားဘက်ခမ်းက နယ်လှည့်ဖျော်ဖြေဖို့ အစီအစဉ်မရှိ ဟုဆို



လွန်ခဲ့တဲ့ သီတင်းပတ်မှာ ဗစ်တိုးရီးယားဘက်ခမ်းနဲ့ Spice Girls အဖွဲ့ဝင်တွေဟာ သူတို့အဖွဲ့ ပြန်ပေါင်းထုတ်မယ်ဆိုပြီး သတင်းအရိပ်အမြွက် ပေးခဲ့ပါတယ်။ ဒီသတင်းနဲ့ပဲ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကို အံ့အားသင့်အောင် လုပ်နိုင်ခဲ့ပါတယ်။ အခုအခါမှာ ဖက်ရှင်ဒီဇိုင်နာအဖြစ် အောင်မြင်နေတဲ့ ဗစ်တိုးရီးယားဟာ သူ့အကလေ့ကျင့်နေတဲ့ပုံကို အင်စတာဂရမ်ပေါ် တင်ခဲ့ပါတယ်။ ဒါဟာ ဗစ်တိုးရီးယားအနေနဲ့ ပို့ရှ်စပိုက်အနေနဲ့ ပြန်လာမယ့်ပုံပဲ၊ Spice Grils အဖွဲ့နယ်လှည့်ဖျော်ဖြေမှုတွေလုပ်လာတော့မှာလားဆိုပြီး ကောလာဟလတွေ ထွက်လာပါတယ်။ အောင်မြင်ကျော်ကြားတဲ့ ကလေးလေးယောက်အမေ ဗစ်တိုးရီးယားဟာ လတ်တလောမှာတော့ အမေရိကန်မှာ ရောက်ရှိနေပြီး သူ့ရဲ့နယူးယောက်ဖက်ရှင်ဝိခ်အတွက် အပြီးသတ်ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။

ဒါပေမယ့်လည်း Spice Girls အဖွဲ့ဟာ လာမယ့်နွေရာသီမှာ နယ်လှည့်ဖျော်ဖြေမှု လုပ်ဆောင်မယ်ဆိုတဲ့ကောလာဟလတွေကိုတော့ ဗစ်တိုးရီးယားက ပယ်ချလိုက်ပါတယ်။ ကျွန်မနယ်လှည့်ဖျော်ဖြေမှုတွေလုပ်မှာမဟုတ်ဘူး။ Spice Girls အဖွဲ့ဝင်တွေလည်းနယ်လှည့်ဖျော်ဖြေရေးလုပ်မှာမဟုတ်ဘူးလို့ Vogue မဂ္ဂဇင်းနဲ့အင်တာဗျူးမှာ ဖြေခဲ့ပါတယ်။ ကျွန်မတို့ဟာ ရှေ့ဆက်ပြီး ဘာတွေလုပ်မလဲ၊ အဖွဲ့ရဲ့အနာဂတ်နဲ့ပတ်သက်ပြီး တိုင်ပင်ခဲ့တာပဲရှိတာလို့လည်း ဖြေကြားခဲ့ပါတယ်။

နယူးယောက်မှာရှိတဲ့ ဗစ်တိုးရီယားရဲ့လုပ်ငန်းခွင်ကို သားကြီးဖြစ်သူ ဘရွတ်ကလင်းက အမေဖြစ်သူကို အသိပေးထားခြင်းမရှိဘဲ ရုတ်တရက်လာရောက်ခဲ့လို့ ဗစ်တိုးရီးယားအနေနဲ့ အံ့အားသင့်ခဲ့ရပါတယ်။ ဘရွတ်ကလင်းဟာ နယူးယောက်မှာ ဂီတပညာသင်ကြားဖို့ရောက်ရှိနေတာပဲဖြစ်တယ်။ Spice Girls အဖွဲ့ပြန်ပေါင်းထုတ်ဖို့စိတ်ကူးနဲ့ပတ်သက်ပြီးတော့ ဗစ်တိုးရီးယားက ကျွန်မတို့အားလုံး စုပေါင်းပြီး အပြောင်းအလဲ လုပ်ဆောင်လုပ်ရင် အလွန်ကို စွမ်းအားကကြီးသွားပြီလို့ The Mirror နဲ့အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ မယုံကြည်နိုင်လောက်တဲ့ စွမ်းအားကြီးမားတဲ့ လှုံ့ဆော်မှုတစ်ခုပဲလို့ ဖြေခဲ့ပါတယ်။ Spice Girls အဖွဲ့ဟာ ၂၀၀၇ခုနှစ်မှာ နယ်လှည့်ဖျော်ဖြေပွဲပြုလုပ်ခဲ့ပြီး ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲမှာလည်း အတူတကွ ပရိသတ်ကို ဖျော်ဖြေခဲ့ပါတယ်။

**ဟယ်လို**

ချိုး

# ကော့သောင်းမြို့၌ ခေတ်မီ LED မီးများ အစားထိုးလဲလှယ်တပ်ဆင်

**ကော့သောင်း ဖေဖော်ဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ခေတ်မီလှပလာစေရန်အတွက် မြို့တွင်းလမ်းများ၏ လမ်းမီးဓာတ်တိုင်များကို ခေတ်မီ LED မီးများဖြင့် အစားထိုး လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဖေဖော်ဝါရီ ၁၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်း-မြန်မာ နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင် ယခုအခါ မြို့တွင်းလမ်းများကို အဆင့်မြင့် နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပြီး ခေတ်မီလာသည့် အဆင့်မြင့်လမ်းများနှင့် လျော်ညီစွာ မြို့သာယာလှပတင့်တယ်ရေး၊ တရားဥပဒေစိုးမိုးမှုကို အထောက်အကူဖြစ်စေရေး၊ မြို့နေ ပြည်သူများ ယာဉ်မတော်တဆမှု ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မြို့အင်္ဂါရပ်များနှင့်အညီ လှပတင့်တယ်စေရေးအတွက် ယခင်က တပ်ဆင်အသုံးပြုထားသော နီယွန်မီးချောင်းများနေရာတွင် အလင်းအားပိုမိုကောင်းမွန်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှုန်းလည်း ပို၍သက်သာသည့် နောက်ဆုံးပေါ် ခေတ်မီ LED မီးသီးများဖြင့် အစားထိုး လဲလှယ်တပ်ဆင်ခြင်းဖြစ်ကာ လမ်းမီးများ လဲလှယ်ခြင်းအပြင် မြို့၏ကျက်သရေဆောင် နာရီစင်ကြီးတွင် မီးအလှဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။



အဆိုပါ ခေတ်မီ LED မီးသီးများ လဲလှယ်တပ်ဆင်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့မိမြို့ဖများ၊ စေတနာရှင် အလှူရှင်များ၊ အသင်းအဖွဲ့များ၏ ဝိုင်းဝန်းပံ့ပိုး လှူဒါန်းမှုများဖြင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ပြီး မြို့တွင်းလမ်းများတစ်လျှောက် လမ်းဘေးဓာတ်တိုင်များအားလုံးတွင် မီးများ လဲလှယ်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ငလျင်ဘေးကြောင့် ထိခိုက်သေဆုံးမှုလျော့ပါးရေး သရုပ်ပြလေ့ကျင့်

**လားရှိုး ဖေဖော်ဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လားရှိုးခရိုင်ဦးစီးမှူးရုံး၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် UNICEF အဖွဲ့အစည်းတို့ ပူးပေါင်းပြီး ငလျင်ဘေးကြောင့် ထိခိုက်သေဆုံးမှုလျော့ပါးရေး ပညာပေးဟောပြောခြင်းနှင့် ကြိုတင်သရုပ်ပြလေ့ကျင့်မှုကို လားရှိုးမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၁ရက်က ပြုလုပ်ခဲ့သည်။



သရုပ်ပြလေ့ကျင့်မှု ပြုလုပ်ရာတွင် ရှမ်းပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လားရှိုးခရိုင်ဦးစီးမှူးက သရုပ်ပြလေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ UNICEF အဖွဲ့အစည်း(လားရှိုးရုံး)မှ တာဝန်ရှိသူက ဟေတီနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆွေးနွေးပြီး ဟေတီနိုင်ငံငလျင်ဘေး မှတ်တမ်းဗီဒီယိုများကို ပြသသည်။

ထို့နောက် မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ငလျင်လှုပ်ခတ်စဉ်နှင့် ငလျင်လှုပ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များ စုစည်းခြင်း၊ ငလျင်ကြောင့်ပြိုကျခဲ့သည့် အဆောက်အအုံများအတွင်းမှ လူနာများအား ရှာဖွေကယ်ဆယ်ခြင်းနှင့် ရှေးဦးပြုစုခြင်းတို့ကို လက်တွေ့သရုပ်ပြခဲ့ကြပြီး ငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် မီးဘေးအန္တရာယ်အတွက် မီးငြိမ်းသတ်ခြင်းကိုလည်း လက်တွေ့သရုပ်ပြခဲ့ကာ အဆိုပါ သရုပ်ပြလေ့ကျင့်မှု အစီအစဉ်များတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများလည်း လက်တွေ့ပါဝင်လုပ်ဆောင်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံသို့ တစ်ကိုယ်တော်လမ်းလျှောက်သူအား ကြိုဆိုဂုဏ်ပြု

**ထားဝယ် ဖေဖော်ဝါရီ ၁၃**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်းစုံသို့ ဇန်နဝါရီ ၂၄ ရက်မှစ၍ တစ်ကိုယ်တော်လမ်းလျှောက်ခဲ့သူ အသက် ၅၀ အရွယ် ဦးအောင်သူသည် ဖေဖော်ဝါရီ ၁၂ ရက် နံနက်တွင် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်းသို့ အောင်မြင်စွာ ပန်းဝင်ခဲ့ရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

ဦးအောင်သူသည် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီ ၂၄ ရက်က ကော့သောင်းမြို့ ဘုရင့်နောင်အငူမှ စတင်ထွက်ခွာလာခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် ထားဝယ်မြို့သို့ရောက်ရှိကာ ထိုမှတစ်ဆင့် ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များသို့ ဆက်လက်လမ်းလျှောက်ပြီးနောက် ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ရွှေဝယ်သီရိအားကစားကွင်းတွင် ပန်းဝင်ခဲ့ခြင်းဖြစ်သည်။ ဦးအောင်သူအား ရွှေဝယ်သီရိအားကစားကွင်း၌ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးမှူး ဦးမိုးနိုင်၊ အား/ကာဝန်ထမ်းများနှင့် တစ်ကိုယ်တော်စက်ဘီးစီးသူ ဦးသီးလှိုင်က ကြိုဆိုဂုဏ်ပြု၍ အားကစားဝတ်စုံများ ပေးအပ်ခဲ့သည်။

တစ်ကိုယ်တော်လမ်းလျှောက်သူ ဦးအောင်သူသည် မြိတ်မြို့ကန်ဖျားရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး မြန်မာနိုင်ငံ ဆီးဂိမ်းပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုခြင်းမှစတင်၍ ခရီးအဝေးဆုံးအဖြစ် ပထမအကြိမ်တွင် မြိတ်မြို့မှ နေပြည်တော်အထိ လမ်းလျှောက်ခဲ့ကာ ဒုတိယအကြိမ်တွင် ကော့သောင်းမြို့မှ မန္တလေးမြို့နှင့် နေပြည်တော်အထိ၊ တတိယအကြိမ်တွင် ဗိုလ်ချုပ်ရာပြည့်အထိမ်းအမှတ်အဖြစ် မြိတ်မြို့မှ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့အထိ၊ စတုတ္ထအကြိမ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအား ဂုဏ်ပြုသောအားဖြင့် မြိတ်မြို့မှ မော်လမြိုင်အထိ လမ်းလျှောက်ခဲ့ဖူးပြီး ယခု ပြည်ထောင်စုနေ့အကြို လမ်းလျှောက်ခြင်း အပါအဝင် စုစုပေါင်း တစ်ကိုယ်တော် ခရီးရှည်လမ်းလျှောက်မှု ငါးကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းများကျဆင်းရေး ပညာပေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

သက်ငယ်မုဒိမ်းမှုများ ပပျောက်စေရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းက သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်း၏ အကြောင်းအရင်းများ၊ အမျိုးသမီးများနှင့် မိဘများအနေဖြင့် သတိပြုသင့်သည့် အချက်များနှင့် ဆောင်ရန်ရှောင်ရန်များ၊ သက်ငယ်မုဒိမ်းမှုအပါအဝင် မှုခင်းများကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဟောပြောသည်။ ဟောပြောပွဲသို့ ကျောက်တံတားမြို့နယ်အတွင်းမှ ပြည်သူ ၃၀ ခန့် တက်ရောက်ခဲ့သည်။

ပြည်သူများအနေဖြင့် ပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်ရာများကို တွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ဖုန်း-၀၁- ၂၃၂၃၁၉၉ နှင့် ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့၏ ဖုန်းနံပါတ် ၀၁-၃၇၁၀၅၄၊ ၀၁-၃၇၁၀၄၉ တို့သို့ ဆက်သွယ်သတင်းပေးနိုင်သလို အကူအညီလိုအပ်ပါကလည်း အဆိုပါ ဖုန်းနံပါတ်များသို့ ၂၄ နာရီပတ်လုံး ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်( MCF )နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) တို့ ကြီးမှူးကျင်းပသည့် မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၈ ပြိုင်ပွဲ နောက်ဆုံးအဆင့် ရွေးချယ်ပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ကွန်ဖရင့်ဟောတွင် ကျင်းပသည်။

ဆုပေးပွဲတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးက အမှာစကားပြောကြားပြီး မြန်မာလူငယ် နည်းပညာစွန့်ဦးတီတွင် ဖွံ့ဖြိုးရေးအစီအစဉ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ပြိုင်ပွဲဝင်အသင်းများအား နောက်ဆုံးအဆင့်ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။




မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ်၏ ရည်ရွယ်ချက်မှာ နည်းပညာစွန့်ဦးတီထွင်လုပ်ငန်းငယ်များကို မြှင့်တင်ပေးရန်၊ လုပ်ငန်းငယ်များအကြား ကွန်ရက်ဆက်ဆံရေး ထူထောင်နိုင်ရန်၊ နည်းပညာအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ မြန်မာနိုင်ငံအတွင်းရှိ နည်းပညာရှင်လူငယ်များ နည်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်နှင့် ပြည်သူလူထုအတွင်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်တို့ ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ နည်းပညာရှင် လူငယ်အဖွဲ့ ၄၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲ၏ နောက်ဆုံးအဆင့်တွင် အထက်မြန်မာပြည်(မန္တလေး) မှ ငါးဖွဲ့၊ အောက်မြန်မာပြည် (ရန်ကုန်) မှ ငါးဖွဲ့တို့က Presentation များ ပြုလုပ်တင်ဆက်သည်။ အဆိုပါ အဖွဲ့များက လူ့ပတ်ဝန်းကျင်အကျိုးပြု ကျန်းမာရေး အစီအစဉ်များ၊ ခေတ်မီနည်းပညာ အသံစနစ်ဖြင့် အိမ်တွင်းထိန်းချုပ်မှု လုပ်ငန်းများ၊ စာပေနှင့်နည်းပညာဖွံ့ဖြိုးရေး အက်ပလီကေးရှင်းများ၊ Game အစီအစဉ်များ၊ သင်ကြားမှုနှင့် ဖျော်ဖြေမှုဆိုင်ရာ အက်ပလီကေးရှင်းများ၊ ကွန်ပျူတာဖြင့် ထိန်းချုပ်သည့် CNC စက်များကို တင်ဆက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် အကောင်းဆုံးဆု Myanmar Youth Technopreneurship Development Program 2018 ကို ရရှိသည့် Doctor Kyaw , Secret Art နှင့် Digis Portal အဖွဲ့သုံးဖွဲ့အား တစ်ဖွဲ့လျှင် ဆုငွေကျပ်သိန်း ၅၀ ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမိုးကျော်စိုးက ပေးအပ်ချီးမြှင့်သည်။ ထို့နောက် နှစ်သိမ့်ဆုရရှိသည့် အဖွဲ့ ခုနစ်ဖွဲ့အား တာဝန်ရှိသူများက တစ်ဖွဲ့လျှင် ဆုငွေကျပ်ငါးသိန်းစီ ပေးအပ်သည်။ ပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသည့် အဖွဲ့ သုံးဖွဲ့အား ကုမ္ပဏီမှတ်ပုံတင် ပြုလုပ်ပေးပြီး MICT Park ရှိ Kanaung Hub တွင် ရုံးခန်းနေရာ ခြောက်လ အသုံးပြုခွင့်ကိုလည်း ပေးအပ်မည်ဖြစ်ကာ နည်းပညာရှင်များနှင့် လုပ်ငန်းရှင်များကလည်း ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**



# မော်လမြိုင်ကျွန်း မြို့ဦးစေတီတော်၏ ရွှေထီးတော် ရွှေမုဋ္ဌောစေတီတော်၌ ရင်ငွေ့လှုံအပူဇော်ခံ

**ပုသိမ် ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ဦးတွင် တည်ထားကိုးကွယ်မည့် စေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ကြီး၊ ဟသ်ာတံခွန်တိုင်ထီးတော်နှင့် အရံစေတီ ရှစ်ဆူ၏ ထီးတော်များကို ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၌ တစ်ညတာ ရင်ငွေ့လှုံ အပူဇော်ခံရန် မော်လမြိုင်ကျွန်းမြို့မှ ပင့်ဆောင်လာရာ ပုသိမ်မြို့သို့ ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ထီးတော်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင် ဦးဆောင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေမုဋ္ဌောစေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ထီးတော်များကို ရွှေမုဋ္ဌောစေတီတော် ဦးမောင်ကြီးတန်ဆောင်း၌ တစ်ညတာရင်ငွေ့လှုံ အပူဇော်ခံထားခဲ့ကြောင်း သိရသည်။

အဆိုပါ ထီးတော်များကို ပြည်တွင်းပြည်ပသာသနာပြုဆရာတော် အရှင်အရိယဓမ္မသိန္ဒိကေလာသက ဦးဆောင်၍ မော်လမြိုင်ကျွန်းမြို့မှ တပည့်ဒါယိကာများနှင့်အတူ ပင့်ဆောင်ကာ ဖေဖော်ဝါရီ ၁၁ ရက် ညတွင် ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရား၊ ၁၂ ရက်တွင် လပွတ္တာမြို့ ဆုတောင်းပြည့်ဘုရား၊ ၁၃ ရက်တွင် မြောင်းမြမြို့ စကြာသီဟဘုရား၊ ၁၄ ရက်တွင် ဇလွန်မြို့ ဇလွန်ပြည်တော်ပြန်ဘုရား၊ ၁၅ ရက်တွင် မအူပင်မြို့ ရွှေဘုန်းမြင့်ဘုရား၊ ၁၆ ရက်တွင် ဖျာပုံမြို့ သာစည်ဘုရားကြီးတို့တွင် လှည့်လည် အပူဇော်ခံသွားမည်ဖြစ်ပြီး ၁၇ ရက်တွင် မော်လမြိုင်ကျွန်းမြို့ဦးစေတီတော်ကြီးသို့ ပြန်လည်ပင့်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ပြည်ထောင်စုနေ့နှင့် မြန်မာကလေးများနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ



**ဘုတ်ပြင်း ဖေဖော်ဝါရီ ၁၃**

ကျောင်းသားကျောင်းသူ ကလေးငယ်များ ဉာဏစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်နှင့် မြန်မာကလေးများနေ့ အထိမ်းအမှတ်အဖြစ် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကို ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ၌ ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဖြူဖြူသိန်းက ပျော်ပွဲရွှင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲတို့ကို ကျင်းပပေးခဲ့ရာ အခြေခံပညာကျောင်းများမှ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့်ကျောင်းသားကျောင်းသူများအား မြို့နယ်ပြန်/ဆက်ဦးစီးမှူးက ဆေးရောင်ခြယ်စာအုပ်များနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# မြို့တွင်းသွားလာမှုလွယ်ကူစေရန် ကတ္တရာလမ်းခင်း

**မယ်စဲ့ ဖေဖော်ဝါရီ ၁၃**

ကယားပြည်နယ် မယ်စဲ့မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြို့နေပြည်သူများ မြို့တွင်းသွားလာမှု လွယ်ကူစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းကတ္တရာလမ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယ်စဲ့မြို့(မြို့တွင်း)ကတ္တရာခင်းခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၇ ဒသမ ၈၆ သန်းဖြင့် မြောက်ပိုင်းရပ်ကွက်မှ ဗိုလ်တိုက်ချွန်းလမ်းကို အရှည် ၅၂၈ ပေ၊ အကျယ်၁၂ပေ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ရန်ပုံငွေ ကျပ် ၅ ဒသမ ၆၇ သန်းဖြင့် အမှိုက်ကျင်းလမ်းကို အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နေကြောင်း သိရသည်။ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံထူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းရွှေနှင့် ကော်မတီဝင်များက ဖေဖော်ဝါရီ ၁၁ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

# မိုင်းပျဉ်းမြို့မဈေး၌ မီးဘေးကာကွယ်ရေးအတွက် ကြိုတင်သရုပ်ပြလေ့ကျင့်

**မိုင်းပျဉ်း ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့ မြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။



အဆိုပါသရုပ်ပြလေ့ကျင့်မှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းဘုန်းကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဦးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးသူဈေးသားများ ပူးပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြပြီး မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းကို မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြကာ မီးသတ်ဆေးဘူး ဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းတွင် မိုင်းပျဉ်းမြို့မဈေးမှ ဈေးသူဈေးသားများလည်း ပူးပေါင်းလုပ်ဆောင် လေ့ကျင့်ခဲ့ကြသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မှု အကောင်းဆုံးကျေးရွာ ရွေးချယ်

**လွိုင်ကော် ဖေဖော်ဝါရီ ၁၃**

ကယားပြည်နယ် ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ထားသည့် ကျေးရွာများမှ ဆောင်ရွက်မှုအကောင်းဆုံး ကျေးရွာရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ရှားတောမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ကျေးရွာရွေးချယ်ပွဲတွင် ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သူအောင်က အမှာစကားပြောကြားပြီး လွိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဟန်မြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများကိုလည်းကောင်း၊ ရှားတောမြို့နယ်ဦးစီးမှူး ဦးမင်းဦးက ဂုဏ်ပြုဆုချီးမြှင့်ရခြင်း အကြောင်းရင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အကောင်းဆုံးစံပြကျေးရွာဆု ရရှိသည့် ရှားတောမြို့နယ် တောင်ပိုင်းရပ်ကွက်အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြည်နယ် ဦးစီးမှူးက ပေးအပ်ချီးမြှင့်ခဲ့သည်။

ရှားတောမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာ ၁၅ ရွာ၌ စီမံကိန်းယူနစ် ၁၁ ခု ဆောင်ရွက်ထားကာ ယူနစ်တစ်ခုလျှင် ငွေကျပ်သိန်း ၃၀၀ ဖြင့် ၁၁ ယူနစ်အတွက် ငွေကျပ်သိန်း ၃၃၀၀ ထုတ်ပေးထားပြီး ယနေ့အထိ အတိုးငွေကျပ် ၈၁၃ သိန်းကျော် ရရှိထားပြီး အဆိုပါအတိုးငွေများကိုလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



# မြန်မာ့ မြန်မာ့ ရုပ်ရှင်



**ဝေယံမောင်**

ဖန်တီးမှု အနုပညာများစွာ ရှိသည့်အနက် ရုပ်ရှင်သည် ကျွန်တော်နှစ်သက်စွဲလမ်းရသည့် အရာတစ်ခုဖြစ်၏။ ကလေးဘဝ၊ လူငယ်ဘဝ၊ ကျောင်းသားဘဝ တစ်လျှောက်လုံးတွင် ကျွန်တော်နှင့် အမြဲမကွဲမကွာ ရှိနေသည်က ရုပ်ရှင်ကြည့်ခြင်းအလေ့အထ။

မိဘတွေက ဝန်ထမ်းများဖြစ်သည်မို့ ပြောင်းသည့်နေရာလိုက်ပါရင်း ထိုဒေသများရှိ ရုပ်ရှင်ရုံများသည် ကျွန်တော် ကြိမ်ဖန်များစွာရောက်ရှိတတ်သော ဒုတိယအိမ်များ သဖွယ် ဖြစ်ခဲ့ပါသည်။ ကျွန်တော်တို့ ရုပ်ရှင်ဘယ်လောက်ကြိုက်သလဲ၊ ရုပ်ရှင် ဘယ်လောက်ကြည့်သလဲဟု မေးလျှင် ယခုတိုင် သက်ရှိထင်ရှားရှိနေသေးသည့် ကျွန်တော်တို့အဖေ ပြုံးမိလိမ့်မည်။

ကားလဲတိုင်းကြည့်သည်၊ ကားကလည်း အပတ်စဉ်နီးပါး လဲသည်။ စာမေးပွဲများဖြေသည့် ကာလများ (ထိုစဉ်က ပထမအစမ်း၊ ဒုတိယအစမ်း၊ အတန်းတင်စာမေးပွဲဟူ၍ သုံးကြိမ် ခွဲခြားဖြေဆိုရသည့်ကာလ)တွင် စာကျက်ရန်မလိုသည့် သင်္ချာဖြေမည့်နေ့များဆိုပါက ထိုနေ့မတိုင်မီ ညများကို အဖေက ရုပ်ရှင်ပေးကြည့်သည်အထိ ကျွန်တော် တို့ ရုပ်ရှင်ဝါသနာက ကြီးလှသည်။

ကျွန်တော်တင်ပဲလားဆိုတော့ မဟုတ်ပါ။ ယခုအသက် ၄၀ ကျော်၊ ၅၀ကျော်တန်းရောက်နေသည့် လူလတ်တန်း၊ အသက် ၆၀ တန်း ရောက်နေသည့် လူကြီးတန်းအများစုသည်လည်း ဤနည်းနှင်နှင် ရုပ်ရှင်ကို နှစ်ခြိုက်ကြသူများ။

ထို့ကြောင့်လည်း ရုပ်ရှင်အပါအဝင် စာပေ၊ ဂီတ၊ သဘင် စသည့် အနုပညာများသည် လူ့အဖွဲ့အစည်းတိုင်းကို လွှမ်းမိုးမှု၊ ဩဇာသက်ရောက်မှု ကြီးမားသော ပညာရပ်များအဖြစ် အသိအမှတ်ပြုနေကြရခြင်းဖြစ်မည်ဟု ထင်မြင်မိပါသည်။

### ယနေ့မြန်မာ့ရုပ်ရှင်

ကျွန်တော်တို့ လူလတ်တန်းအရွယ်ရောက်ချိန်မှာတော့ ရုပ်ရှင်ကားများ ထွက်ရှိမှု နည်းသွားတာ မှတ်မှတ်ထင်ထင် သတိထားမိပါသည်။ အဓိကပြဿနာဖြစ်သည့် ဖလင်ရှားပါးလာမှုနှင့်အတူ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုများ နည်းပါးလာခဲ့သည်။ သို့သော် ရုပ်ရှင်ထက် စရိတ်သက်သာသည့် ဗီဒီယိုကားထုတ်လုပ်မှုများဖြင့် ယင်းပြဿနာကို ဖြေရှင်းနိုင်ခဲ့သည်ဟု ဆိုရပါမည်။

တချို့ကလည်း တင်းကျပ်လွန်းသော ဆင်ဆာစနစ်ကြောင့်ဟု မြင်ကြသည်။ ဤအချက်သည် တစ်ချက်အပါအဝင် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း အဓိကအချက်တော့မဟုတ်ဟု ကျွန်တော် ထင်သည်။ အဘယ်ကြောင့်ဆိုသော် ဆင်ဆာစနစ်မှာ အင်္ဂလိပ်တို့ အုပ်ချုပ်စဉ် ၁၉၄၅ - ၁၉၄၆ ခုနှစ် များကပင် ရုပ်ရှင်စစ်ဆေးရေးဆင်ဆာအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ရာမှ အစပြု၍ ၁၉၅၄ ခုနှစ် ပါလီမန်ဒီမိုကရေစီအစိုးရ လက်ထက်တွင် Burma Board of Censors၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရ လက်ထက်တွင် ရုပ်ရှင်ဥပဒေ၊ ၁၉၉၆ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် ရုပ်ရှင်ဥပဒေ စသဖြင့် ခေတ်အဆက်ဆက်တွင် ရှိခဲ့သည့် စနစ်ဖြစ်ပါသည်။ ထိုသို့ ဆင်ဆာစနစ် ရှိခဲ့သော်လည်း ၁၉၈၀ ဝန်းကျင်ကာလများက တစ်နှစ်တစ်နှစ် ဇာတ်ကားပေါင်း ရာကျော် ထုတ်လုပ်ပြသနိုင်ခဲ့ပြီး ထိုစဉ်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုဟုခေါ်သော အကယ်ဒမီ ပေးပွဲများသည် ပြည်သူတစ်ရပ်လုံး၏ စိတ်နှလုံးကို အထူးဖမ်းစားနိုင်ခဲ့ကြပါသည်။

### ရုပ်ရှင်လောကဖွံ့ဖြိုးဖို့ဆိုလျှင်

ရုပ်ရှင်လောကသားများက မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေချင်၏။ နိုင်ငံတော် အစိုးရကလည်း ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေချင်ပါ၏။ ပြည်သူများကလည်း ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းမီရိုက်ကူးထားသည့် မြန်မာရုပ်ရှင်ကားစစ်စစ်များကို အားပေးလိုကြ၏။ အားလုံး၏ မျှော်လင့်ချက်များက တူညီနေကြပါသည်။

ထို့ကြောင့်လည်း ကြုံတွေ့နေရသည့် အခက်အခဲများကို အဖြေရှာကြဖို့ တာဝန်ရှိသူများက တွေ့ဆုံညှိနှိုင်းမှုတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဖိုရမ်တွေ ကျင်းပကြသလို တစ်ဖက်တွင်လည်း ရုပ်ရှင်လောက အရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သည့် ရုပ်ရှင်ဥပဒေ ထွက်ပေါ်လာရေးကို ကြိုးပမ်းနေကြခြင်းဖြစ်ပါသည်။

### ဥပဒေသည်သာ အခရာ

တည်ဆဲရုပ်ရှင်ဥပဒေနှင့် ဆက်စပ်ဥပဒေဖြစ်သည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတို့မှာ ၁၉၉၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများဖြစ်ပါသည်။ ရုပ်ရှင်လောကသားများ ထောက်ပြဝေဖန်နေသော တင်းကျပ်သည့် ဆင်ဆာမူဝါဒများသည် ထိုဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များတွင် ပါဝင်နေပါသည်။ ထိုစဉ်က အခြေအနေများအရ ပြဋ္ဌာန်းခဲ့သောအချက်များမှာ လက်ရှိ ခေတ်စနစ်နှင့် မကိုက်ညီတော့ပါ။ ခေတ်ကာလနှင့်လျော်ညီသည့် ရုပ်ရှင်ဥပဒေအသစ် ပြဋ္ဌာန်းပြီး ယင်းဥပဒေများကို အပြီးတိုင် ဖျက်သိမ်းခြင်းသည်သာ အကောင်းဆုံးနည်းလမ်း ဖြစ်ပါသည်။

ပြဋ္ဌာန်းမည့် ဥပဒေသစ်သည် ရုပ်ရှင်လောကသားများ၏ အကျိုး၊ ရုပ်ရှင်ကြည့်ပရိသတ်ဖြစ်သော ပြည်သူပြည်သားတို့၏ အကျိုး၊ ရုပ်ရှင်လောကအကျိုးတို့ကို ဦးတည်ပြီး ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်နိုင်ရန် လိုအပ်လှပါသည်။ ခိုင်မာသော အဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်ရပ်တည်ဖွံ့ဖြိုးရေးအတွက် ရေသောက်မြစ်ပမာ အဓိက အခရာကျသောအချက်သည် ဥပဒေပြဋ္ဌာန်းနိုင်ရေးသာ ဖြစ်ပါသည်။

### ဥပဒေမထွက်နိုင်ခင်ကြား ဘယ်အရာများ လုပ်နိုင်သည်

လက်ရှိတည်ဆဲဥပဒေနှင့် ဥပဒေအသစ်မထွက်ပေါ်မီ ကြားကာလ လုပ်နိုင်တာဘာမှမရှိတော့ဟူ၍ လက်မှိုင်ချနေရန် မဟုတ်ပါ။ နည်းပညာတိုးတက်မှုကြောင့် အခြားဖျော်ဖြေမှုများကြားဝယ် ရုပ်ရှင်ကြည့်ပရိသတ် လျော့ပါးသွားမည်လားဟူ၍ စိုးရိမ်နေရန်လည်း မလိုပါ။

ရုပ်ရှင်ကို ရုပ်ရှင်လိုကြည့်ချင်သည့် လူသားများစွာသည် ကမ္ဘာတစ်ဝန်း ထုနှင့်ထည်နှင့် ရှိနေပါသေးသည်။ အနုပညာရသမြောက်စွာ ဖန်တီးထားသည့် ဇာတ်ကားများကို စောင့်မျှော်နေကြပါသည်။ ရုပ်ရှင်ရုံများတွင် ဇာတ်ကားကောင်းများတင်ပါက တိုးမပေါက်အောင် ရုံပြည့်ရုံလျှံ အားပေးတတ်သည့် မြန်မာပြည်သူများ၏ ရုပ်ရှင်အာသီသက ပြင်းပြနေပါသေးသည်။

ဒီအခြေအနေကိုသိပြီး အခက်အခဲများကြားက ရုန်းကန်ကြိုးစားနေသည်ကိုလည်း ယခုကာလအတွင်းမှာပင် တွေ့မြင်နေရပါသည်။ ရုပ်ရှင်များ တိုးချဲ့ရိုက်ကူးလာကြသည်။ ယခင်လို Film စနစ်မဟုတ်ဘဲ Digital Cinema Package မို့ အရည်အသွေးကလည်း ပိုမိုကောင်းမွန်လှပါသည်။ ကြိုးပမ်းမှုရလဒ်က ၂၀၁၂ ခုနှစ်က တစ်နှစ်လုံး ၁၇ ကားခန့်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် ရုပ်ရှင်ကားပေါင်း ၁၅၉ ကားအထိ ရိုက်ကူးထုတ်လုပ်လာနိုင်ခဲ့ပါသည်။

ကျွဲကူးရေပါဆိုသလို ခေတ်စနစ်အခြေအနေအရ လျော့နည်းခဲ့ရသော ရုပ်ရှင်ရုံများကို တိုးချဲ့တည်ဆောက်နေကြပြီး ဆယ်ဂဏန်းအရေအတွက်မှ ရာဂဏန်းအရေအတွက်သို့ တိုးလာသည်။ ဆောင်ရွက်ဆဲစီမံကိန်းများလည်းရှိနေပါသည်။ မြန်မာ့ရုပ်ရှင်သည် ပြန်လည် ဦးမော့စပြုလာပြီဖြစ်ပါသည်။

### ဘာကြောင့် ပြန်လည်ဦးမော့လာ

အဖြေကရှင်းပါသည်။ တာဝန်ရှိသူများ၏ တာဝန်သိစိတ်ဖြင့် ကြိုးပမ်းအားထုတ်မှုများကြောင့်ပင် ဖြစ်ပါသည်။ ကြိုးပမ်းအားထုတ်မှုများတွင် ၂၀၁၆ ခုနှစ် ဩဂုတ်လ၌ ကျင်းပခဲ့သော ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်၏ အသီးအပွင့်များလည်း အပါအဝင်ဟု ဆိုချင်ပါသည်။ အဆိုပါဖိုရမ်တွင် အစိုးရအဖွဲ့၊ လွှတ်တော်များမှ တာဝန်ရှိသူများ၊ ရုပ်ရှင်လောကသားများ၊ အတတ်ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ကြုံတွေ့နေရသည့် အခက်အခဲများ ပြဿနာများ၏ ဇာစ်မြစ်များကို ဖော်ထုတ်ခဲ့ကြပါသည်။

စည်းမျဉ်းစည်းကမ်းတွေ အားနည်းနေတာ ထောက်ပြကြသည်။ ပြည့်စုံကောင်းမွန်သော ရုပ်ရှင်ဥပဒေ မထွက်နိုင်သေး၊ အသုံးမပြုနိုင်သေးတာ မြင်လာကြသည်။




“ယခုတည်ဆဲရုပ်ရှင်ဥပဒေအရ ဖြစ်တည်လာသည့် ဆင်ဆာစနစ်သည် တင်းကျပ်လွန်းသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် တာဝန်ရှိသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ရုပ်ရှင်လောကသားများကို ကိုယ်စားပြုသည့် ရုပ်ရှင်အစည်းအရုံးတို့က ဒီအခက်အခဲကို နည်းမှန်လမ်းမှန်နှင့် မည်သို့ကျော်လွှားနိုင်မည်ကို ညှိနှိုင်းဆွေးနွေး စုပေါင်းအဖြေရှာသွားရမည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဆင်ဆာနှင့်ပတ်သက်သည့်ကိစ္စကို အကြောင်းအရာတစ်ခုအဖြစ် သတ်မှတ်ကာ စုပေါင်းဆွေးနွေး အဖြေရှာကြခြင်းဖြစ်ပါသည်”

တည်ဆဲရုပ်ရှင်နှင့် ဆက်စပ်ဥပဒေများ ခေတ်နှင့်ဆီလျော်မှုမရှိတော့ခြင်းကြောင့် ပယ်ဖျက်ရမည်ကို နားလည်လာကြသည်၊ ရုပ်ရှင်ရုံလိုအပ်ချက်တွေ တွေ့လာကြသည်။ ရုပ်ရှင်လောကသားများအတွက် မရှိမဖြစ်သော စတူဒီယိုများ၏ အခန်းကဏ္ဍကို ဖော်ထုတ်လာကြသည်။ ရုံတင်ပြသမှုစနစ်၏ အားသာချက်၊ အားနည်းချက်များကိုလည်း အဖြေရှာကြသည်။

အဆိုပါ အကြောင်းချင်းရာများတွင် ကာလအကန့်အသတ်နှင့် လုပ်နိုင်သည်များရှိသလို ရေရှည်လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်သွားရမည်များလည်း ပါသည်။ ယင်းတို့ကို ကုစားနိုင်သည်နှင့်အမျှ ဆုတ်ယုတ်မှုများ ကျဆင်းလာပြီး တိုးတက်မှုများမြင့်မားလာမည့်သဘော။

ယင်းအခက်အခဲများကို ရုပ်ရှင်လောကသားများအပါအဝင် သက်ဆိုင်သူအဖွဲ့အစည်းများက ကိုယ်နိုင်ရာ ကိုယ့်အစွမ်းနှင့် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့မှုများကြောင့်လည်း ၂၀၁၇ ခုနှစ်၏ မြန်မာရုပ်ရှင်အခြေအနေသည် သိသိသာသာ ထင်ထင်ရှားရှား တိုးတက်မှုပုံရိပ်များ ဖြစ်ပေါ်လာခဲ့ခြင်းမဟုတ်ပါလော။

### ရှေ့ဆက်ဆောင်ရွက် မျှော်လင့်ချက်

၂၀၁၈ တွင်လည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို ဆင်ဆာစနစ်၊ ရုပ်ရှင်ဥပဒေ၊ မြန်မာ့ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရိုက်ကူးရေးနည်းပညာ၊ ရုပ်ရှင်ရုံများအရေး စသည့် အကြောင်းအရာ ငါးခုဖြင့် တစ်ခုချင်းစီ ဆွေးနွေးသွားကြမည်ဟု သိရပါသည်။

ပထမဆုံး အလုပ်ရုံဆွေးနွေးပွဲကို ယခုနှစ် ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့ရာ ပြန်ကြားရေး ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ အမှုဆောင်များ၊ ရုပ်ရှင်လောကသားများ တက်ရောက်ခဲ့ကြသည်။ ပြည်ပပညာရှင်များပါ ဖိတ်ခေါ်၍ စာတမ်းများလည်း ဖတ်ကြားလေရာ အကျိုးရှိသည့် ဆွေးနွေးပွဲတစ်ခုဖြစ်ခဲ့ကြောင်း ကိုယ်တိုင်တက်ရောက်ခဲ့ရသလို သတင်းများအရလည်း ကြားသိရပါသည်။

### ရှိသည်ကို လက်ခံ သို့သော် လျှော့ချရန်လိုသေးသည့် ဆင်ဆာ

ယခုတည်ဆဲရုပ်ရှင်ဥပဒေအရ ဖြစ်တည်လာသည့် ဆင်ဆာစနစ်သည် တင်းကျပ်လွန်းသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် တာဝန်ရှိသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ရုပ်ရှင်လောကသားများကို ကိုယ်စားပြုသည့် ရုပ်ရှင်အစည်းအရုံးတို့က ဒီအခက်အခဲကို နည်းမှန်လမ်းမှန်နှင့် မည်သို့ကျော်လွှားနိုင်မည်ကို ညှိနှိုင်းဆွေးနွေး စုပေါင်းအဖြေရှာသွားရမည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဆင်ဆာနှင့်ပတ်သက်သည့် ကိစ္စကို အကြောင်းအရာတစ်ခုအဖြစ် သတ်မှတ်ကာ စုပေါင်းဆွေးနွေးအဖြေရှာကြခြင်းဖြစ်ပါသည်။ တည်ဆဲဥပဒေ၊ သူ့အမြင်၊ ကိုယ့်အမြင်၊ အိမ်နီးချင်းနိုင်ငံများ၏ ဆောင်ရွက်မှု၊ နိုင်ငံတကာတွင် အများစု ကျင့်သုံးနေကြသည့် ရုပ်ရှင်ဆင်ဆာစနစ် စသည်တို့ကို ဆွေးနွေးကြ၏။

ယခုဆွေးနွေးမှုက စကားရည်လုပွဲမဟုတ်၊ အချေအတင် အငြင်းပွားဖို့မဟုတ်၊ ဆုံမှတ်တစ်ခုသို့ မတူညီသောရှုထောင့်များမှ အတူတကွသွားနိုင်ရေး ရည်မှန်းဆောင်ရွက်သည့်ပွဲ။

ရုပ်ရှင်လောကသားများ၏ ဆန္ဒနှင့်သဘောထားကို အပြုသဘောဖြင့် တင်ပြနိုင်ခဲ့သလို အစိုးရဘက်က တာဝန်ရှိသည့် ပြန်ကြားရေးဝန်ကြီး ကိုယ်တိုင်ကလည်း လုပ်နိုင်သည်များကို ရင်းနှီးပွင့်လင်းစွာ ဤသို့ ပြောကြားခဲ့ပါသည်။

“ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားတွေရဖို့ ဥပဒေပြဋ္ဌာန်းဆောင်ရွက်တဲ့ နည်းသာလျှင် အကောင်းဆုံးဖြစ်ပါတယ်၊ ကြားကာလအတွင်းမှာ ဆင်ဆာနဲ့ပတ်သက်ပြီး အခုထက်ပိုပြီး သက်သာဖို့၊ အဆင်ပြေဖို့၊ ပြဿနာနည်းဖို့ကို ဘယ်လိုဆောင်ရွက်မလဲ၊ အခုရှိတဲ့အနေအထားထက် ပိုလွတ်လပ်ခွင့်ရအောင် ဘယ်လိုလုပ်နိုင်မလဲ၊ ကျွန်တော်တို့လည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လို့ရပါလိမ့်မယ်”

ထိုနည်းတူ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းကလည်း “ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံး ဘာလုပ်ပေးရပါမလဲ၊ ကျွန်တော်တို့လောကသားများက ဘာတာဝန်ခံရပါမလဲ၊ ဘာလုပ်ပေးရမလဲ၊ ကျွန်တော်တို့လုပ်ပါမယ်”ဟု တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဖြင့် ပြောကြားခဲ့ပါသည်။

### မြန်မာ့ မြန်မာ့ ရုပ်ရှင်

ယခုလို အပြန်အလှန် ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းသည် ဒီမိုကရေစီသဘောအရ ပေါ်ပေါက်လာသည့် ယဉ်ကျေးမှုအလေ့အထတစ်ခုကို အကောင်အထည်ဖော်ဆောင်နေမှုတစ်ခုဟု ခံစားရပြီး ကြည်နူးကျေနပ်မိပါသည်။

ဝိရောဓိများကို သက်ဆိုင်ရာ အဖွဲ့အစည်းအချင်းချင်းအကြား Cooperation (ပူးပေါင်းဆောင်ရွက်မှု)၊ Coordination (ညှိနှိုင်းဆောင်ရွက်မှု)၊ Compromise ( ညှိနှိုင်းသဘောတူမှု) တို့ဖြင့် ရရှိလာသော ရလဒ်များက ခိုင်မာသလို ဆက်လက်တိုးတက်ရှင်သန်ဖြစ်ထွန်းစေရန်အတွက်လည်း အခြေခံကောင်းများဖြစ်သည်ဟု ယုံကြည်မိပါသည်။

သို့ဆိုလျှင် ရုပ်ရှင်လောက၏ အနာဂတ်အလင်းတန်းရောင်နီအစကို ကျွန်တော်တို့ မြင်တွေ့နေရပါပြီ။ ယခုလို သက်ဆိုင်သူ Stakeholders များ အားလုံး အပေးအယူညီမျှစွာဖြင့် ဆက်လက်ညှိနှိုင်းလုပ်ဆောင်သွားမည်ဆိုပါက ၁၉၂၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်၏ ရာပြည့်ဖြစ်သော ၂၀၂၀ ပြည့်နှစ်တွင် ရုပ်ရှင်လောကသားတို့ မျှော်မှန်းသည့် မြန်မာ့ရုပ်ရှင်ရွှေခေတ်ကို ပြန်လည်ပိုင်ဆိုင်ခွင့်ရပေလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း . . . . .။ ။

# ပြည်ထောင်စုစိတ်ဓာတ်ကိုဖော်ညွှန်းပြသရာ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုလက်ရာပြပွဲ

မြင့်မောင်စိုး

(၇၁)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုလက်ရာပွဲတော်ကို မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့က ကြီးမှူး၍ ရန်ကုန်မြို့ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဂါးဒင်း၌ ခင်းကျင်းပြသလျက်ရှိရာ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများနှင့် စပ်လျဉ်း၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဆောင်ရွက်နေသည်များနှင့် ပြပွဲတွင် ပြသထားသည်များကို ပြည်သူများ လေ့လာသိရှိနိုင်ရန် စုစည်းဖော်ပြလိုက်ပါသည်။

**ဒေါ်တင့်တင့်(ဆောင်းဒါး ရက်ကန်းနှင့် သက်မွေးသိပ္ပံ ကျောင်းအုပ်ကြီး)**

"ကျွန်မတို့ကျောင်းက ရက်ကန်းဆိုင်ရာ ပညာရပ်တွေကို လေ့ကျင့်သင်ကြားပေးနေပါတယ်၊ ရိုးရာရက်ကန်းပညာကို ဖော်ထုတ်ထိန်းသိမ်းပြီး ခေတ်မီရက်ကန်းပညာရပ်တွေကိုလည်း သင်ကြားပေးနေခြင်းဖြစ်ပါတယ်၊ ကျောင်းမှာ ကာလတိုသင်တန်းနဲ့ ဒီပလိုမာသင်တန်း နှစ်မျိုးသင်ကြားပေးပါတယ်၊ ဒီပလိုမာက ၁၀ တန်းအောင် ခေါ်ယူပြီးတော့ ကာလတိုခြောက်လသင်တန်းကတော့ ရှစ်တန်းအောင်၊ လေးတန်းအောင် ခေါ်ယူသင်ကြားပေးပါတယ်၊ ရက်ကန်းပညာရပ်တွေ ထိန်းသိမ်းထားပါတယ်၊ ကာလတို သင်တန်းတွေကို တစ်လ ပညာသင်ထောက်ပံ့ကြေး ကျပ် ၃၀၀၀၀ စီကိုလည်း ပေးပါတယ်"

**ဒေါ်လချွန်ဆိုင်းတောင် (ကချင်ရိုးရာယဉ်ကျေးမှုနှင့် စာပေအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အမျိုးသမီး အခမဲ့ ဂျပ်ခုတ်သင်တန်းကျောင်း)**

"ကျွန်မတို့ကတော့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့က ကချင်ရိုးရာယဉ်ကျေးမှုနဲ့ စာပေအဖွဲ့ချုပ်ကနေ အမျိုးသမီး ဘဝမြှင့်တင်ရေးအတွက် ကချင်ရိုးရာ ဂျပ်ခုတ်အခမဲ့ကျောင်းက လာရောက်ပြသခြင်းဖြစ်ပါတယ်၊ လူတွေက လက်မှုပညာရပ်ကို အရေးမကြီးဘူးလို့ ထင်နေကြတာပေါ့နော်၊ ဒါပေမယ့် လူမျိုးတစ်မျိုးဆိုတာ ယဉ်ကျေးမှုရှိရမယ်၊ ယဉ်ကျေးမှုကို မြှင့်တင်တဲ့ ဖော်ဆောင်တဲ့လူမျိုးမှ နောင်တစ်ချိန်မှာ ဒီလူမျိုးရဲ့ မြင့်မြတ်တဲ့သဘောတွေကို သိနိုင်မှာဖြစ်ပါတယ်၊ ကချင်တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်ယဉ်ကျေးမှုတွေ ရှိတယ်ဆိုတာ ကမ္ဘာကသိစေဖို့ ဒီကနေ့ လာရောက်ပြသခြင်းဖြစ်ပါတယ်၊ ပိုးချည်ထုတ်လုပ်ပုံအဆင့်ဆင့်၊ ရက်လုပ်ပုံများ ပြသပေးပါတယ်"

**မထက်ထက်ဝေ(ကယန်းတိုင်းရင်းသူ)**

"သမီးတို့ ဒီပြပွဲမှာဆိုရင် ကယန်းတိုင်းရင်းသားတွေရဲ့ တောင်းရက်လုပ်ခြင်းနဲ့ ကယန်းဂျပ်ခုတ်ခြင်းတို့ကို ပြသပါတယ်။ ကယန်းလူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့တွေကို ပြည်သူတွေ လေ့လာသိရှိနိုင်ဖို့ဖြစ်ပါတယ်"

**မေရီရွှေရင်ကျော်(ချင်းတိုင်းရင်းသူ)**

"ကျွန်မတို့ ချင်းလူမျိုးတွေဟာ တောင်တန်းဒေသမှာနေကြတယ်၊ ချမ်းအေးတဲ့အခါကျတော့ ဂျပ်ခုတ်ထည်တွေကို ကိုယ်တိုင်ရက်လုပ် ဝတ်ဆင်ခဲ့ကြတယ်၊ ဒီအဝတ်အထည်တွေကို ပွဲလမ်းသဘင်တွေ၊ ထိမ်းမြားလက်ထပ်ပွဲတွေမှာ ဝတ်ဆင်ကြပါတယ်၊ ဒီဘက်ခေတ်မှာတော့ လက်ရက်ကန်းတွေနည်းသွားပြီ၊ စက်ရက်ကန်းတွေ များလာတယ်၊ လက်ရက်ထည်တွေကတော့ နောက်ပိုင်း ကွယ်ပျောက်တော့မယ့် အနေအထားပါပဲ"


ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)
မထက်ထက်ဝေ (ကယားရိုးရာပြခန်း)

**မစုလှိုင်ထွန်း(အင်းလေးသူ)**

"အင်းလေးဒေသမှာ ကြာအမျိုးအစား ငါးမျိုး ပေါက်ပါတယ်၊ အဲဒီထဲမှာ ပဒုမ္မာကြာတစ်မျိုးတည်းသာ ကြာချည်ထုတ်လုပ်ပြီး ရက်လုပ်နိုင်ပါတယ်၊ ကြာချည်ကလည်း မိုးအခါမှာသာ ထုတ်လုပ်နိုင်ပါတယ်၊ အင်းပေါ့ခေါ့ဆိုတဲ့ရွာတစ်ရွာတည်းသာ ကြာချည်ထည်ထုတ်လုပ်ပါတယ်၊ ပြင်သစ်၊ အီတလီနဲ့ ဂျပန်က အများဆုံးဝယ်ယူကြပါတယ်"

**မိကျော်ဝေါ်ဝ်(မွန်တိုင်းရင်းသူ)**

"မွန်တိုင်းရင်းသားတွေ အနေနဲ့ ဒီပွဲမှာ ကျောက်သင်ပုန်းနဲ့ ဆေးတံကို ပြပါတယ်၊ ကျောက်သင်ပုန်းက မုဒုံကထွက်တယ်၊ ဆေးတံက ရွာလွတ်ကဆိုတာ ဂုဏ်ယူစွာ ပြသလိုခြင်းဖြစ်ပါတယ်၊ ဒီကနေ့အထိ ကျောက်သင်ပုန်းကို အမှတ်တရပစ္စည်းအဖြစ် ထုတ်လုပ်နေဆဲဖြစ်ပါတယ်"

**ဦးကျော်စိုး(ရခိုင်တိုင်းရင်းသား)**

"ပန်းတိမ်ပညာရပ်မှာ ရခိုင်တိုင်းရင်းသားတွေအနေနဲ့ လွန်ခဲ့သော နှစ်ပေါင်း ထောင်ချီပြီး လုပ်ကိုင်ခဲ့ကြပါတယ်၊ ကနုကမာကောင်တွေ ထွင်းထုပြီး အရည်လောင်းထွင်းထုတဲ့ခေတ်ကနေ ဒီကနေ့အထိ လူသိများခဲ့ပါတယ်၊ ဒီကနေ့ခေတ်မှာတော့ လက်ထည်နဲ့ စက်ထည် ပန်းတိမ်လုပ်ငန်းကို လုပ်ကိုင်နေကြပါတယ်၊ မြောက်ဦးခေတ်မှာလည်း ရခိုင်တို့ရဲ့ပန်းတိမ်ပညာရပ်တွေ ထွန်းကားခဲ့တယ်လို့ သိရပါတယ်"

# လယ်ယာသုံး စက်ကိရိယာအမျိုးမျိုးကို ပြုပြင်ရေး အလုပ်ရုံဖွင့်လှစ်၍ ပြုပြင်ပေးနေ

**ဝေါ ဖေဖော်ဝါရီ ၁၃**

လယ်ယာကဏ္ဍတွင် လယ်ယာလုပ်သားရှားပါးခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကြောင့် လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ ပိုမိုအသုံးပြုလာကြရာ အဆိုပါစက်များကို ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ပေးနိုင်ရန်အတွက် စက်ပြင်အလုပ်ရုံကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အမှတ်(၅၀) စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်ထားကြောင်း သိရသည်။



အဆိုပါ စက်ပြင်အလုပ်ရုံအနေဖြင့် ဝေါမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁၇ ရွာမှ တောင်သူလယ်သမားများ သုံးစွဲလျက်ရှိသော ရိတ်သိမ်းခြွေလှေ့စက်၊ ထွန်စက်ကြီးအမျိုးမျိုး၊ လက်တွန်းထွန်စက်များနှင့်လယ်ယာသုံးစက်ကိရိယာများကို ပြင်ဆင်ရေးအလုပ်ရုံ၌ လက်ခံပြုပြင်ပေးလျက်ရှိသလို လိုအပ်ပါက တောင်သူများ၏လယ်ကွင်းများအထိ ကွင်းဆင်း၍ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသဖြင့် ဒေသခံတောင်သူများ၏ လုပ်ငန်းများအဆင်ပြေလျက်ရှိကြောင်းသိရသည်။ **ခင်ကို(ကျောက်တံခါး)**

# ခိုကိုးရာမဲ့ ဘိုးဘွားများအတွက် ရိပ်သာဆောက်လုပ်ရန် ဆိုင်းဘုတ်တင်ပွဲကျင်းပ

**ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကနောင်မင်းသားကြီးလမ်းသွယ်ထဲတွင် ခိုကိုးရာမဲ့ ဘိုးဘွားများအား ကူညီစောင့်ရှောက်နိုင်ရန်အတွက် ရိပ်သာဆောက်လုပ်သွားမည်ဖြစ်ရာ အဆိုပါရိပ်သာ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့်မင်္ဂလာနှင့် ဆိုင်းဘုတ်တင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အပါအဝင် အခြားမြို့ရွာများရှိ သက်ကြီးရွယ်အို ဘိုးဘွားများအား စောင့်ရှောက်ကူညီမှုပေးနိုင်ရန်အတွက် ရွှေသံလျှင် ပရဟိတကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် ဒေသအသီးသီးမှ အဝါရောင်မျိုးဆက်သစ်(YGW) ဦးစီးဆရာတော်များ၏ ပံ့ပိုးမှုဖြင့် ရိပ်သာဆောက်လုပ်ရန် စီစဉ်ခြင်းဖြစ်ပြီး ရိပ်သာဆောက်ရန်အတွက် အလျား ပေ ၃၂၀၊ အနံ ပေ ၁၅၀ ရှိ မြေကို ဒေသခံလယ်သမားတစ်ဦးဖြစ်သည့် ဦးသာဆွေမိသားစုက ရွှေသံလျှင်ဆရာတော်ထံလှူဒါန်းခဲ့သည်။

မြေသန့်မင်္ဂလာနှင့် ဆိုင်းဘုတ်တင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက အမှာစကားပြောကြားပြီး ရွှေသံလျှင်ဆရာတော်က သြဝါဒချီးမြှင့်ကာ ရိပ်သာဆိုင်းဘုတ်ကို ဆရာတော်၊ လွှတ်တော်ကိုယ်စားလှယ် ဦးညီညီနှင့် ဦးဇင်မင်းထွေးတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# စစ်ကိုင်းမြို့အဆင့်မြင့်မြစ်ရေတင် ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်ပြီးစီး၍ ဖွင့်ပွဲကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဂျပန်နိုင်ငံမှ JICA အဖွဲ့နှင့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အဆင့်မြင့်မြစ်ရေတင် မြို့ရေပေးဝေရေးစီမံကိန်း ပြီးစီးသဖြင့် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က စစ်ကိုင်းမြို့ တောင်ညိုရွာသစ်ရှိ Water Treatment Plant တွင် ကျင်းပခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဝန်ကြီးများ၊ JICA မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

စစ်ကိုင်းမြို့တွင် မြို့မရပ်ကွက် ၂၃ ခုရှိပြီး အဆိုပါရပ်ကွက်များအနက် မြစ်ရေမရရှိသည့် ရပ်ကွက်များဖြစ်သော ဇေယျာရပ်ကွက်၊ မြရတနာရပ်ကွက်နှင့် နီလာဦးရပ်ကွက်တို့ကို အဓိကထား၍ ရေဖြန့်ဝေနိုင်ရန် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယင်းရပ်ကွက်များကို ဦးစားပေးအနေဖြင့် ရေဖြန့်ဝေပေးသွားမည်ဖြစ်သည့်အပြင် ရွှေမင်းဝံရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ စစ်ကိုင်းစက်မှုဇုန် စသည့်နေရာများသို့လည်း ယခုစီမံကိန်းမှ ရေဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြစ်ရေတင်စီမံကိန်းကို W.E.G. ကုမ္ပဏီလီမိတက်က ၂၀၁၆ ခုနှစ် ဧပြီလအတွင်းကပင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယခု ဖွင့်ပွဲကျင်းပချိန်တွင် ရေစစ်ကန်များ၊ ရေလက်ခံမည့်ကန်ကြီးများ၊ ရေဖြန့်ဝေမည့် ရေကန်ကြီးများ၊ ရေလှောင်ကန်များနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ ရပ်ကွက်များသို့ မကြာမီ ရေများဖြန့်ဝေပေးသွားတော့မည်ဖြစ်ကြောင်းနှင့် ရေဖြန့်ဝေပေးရာတွင် တစ်ယူနစ်လျှင် ကျပ် ၃၀၀ နှုန်းဖြင့် ဖြန့်ဝေရောင်းချသွားရန် စီစဉ်ထားကြောင်းသိရသည်။ **ခိုင်ဇေယျ**

# (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မြို့နယ်များတွင် စည်ကားစွာကျင်းပခဲ့သည်။

**မော်လမြိုင်ကျွန်း**



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက ဖတ်ကြားပြီး အခမ်းအနား တက်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသည့် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **မော်ကျွန်းမြင့်အောင်**

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဒုဋ္ဌဝတီပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ဖတ်ကြားခဲ့သည်။

**စိုင်း(သီပေါ)**

**ကမာရွတ်**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကမာရွတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ဖတ်ကြားခဲ့သည်။ **ခင်မောင်သော်(ကမာရွတ်)**

**ဒီးမော့ဆို**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့က ဦးဆောင်၍ နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းက ဖတ်ကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော ပြည်ထောင်စုနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တက်ရောက်လာသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဝင်းက ဖတ်ကြားကာ ပြည်ထောင်စုနေ့အထိမ်းအမှတ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**ပင်လောင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ပြည်ထောင်စုနေ့ အခမ်းအနားကို မြို့မကျောက်တိုင်ကွင်း၌ ကျင်းပပြီး နိုင်ငံတော်အလံနှင့် ကျဆုံးခဲ့ပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုကာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက ဖတ်ကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသော ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင် အတွဲ ၂၊ အမှတ် ၄ ကိုလည်း ဖြန့်ဝေပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုမြို့ဖုန်ကန်ရာဇီခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်အလံအား စုပေါင်းအလေးပြုကြပြီး မြန်မာနိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက ဖတ်ကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ဦးတင်မောင်(ခ)ဦးကား
**(ပုလောမြို့)**
**အသင်းဝင်အမှတ်-၃၄၀**
**အသက်(၉၂)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဒေါ်မြရီ)၏ခင်ပွန်းသည် ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့)ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**
## ဒေါ်စိုးစိုးအေး
**လ/ထမန်နေဂျာ(ငြိမ်း)**
**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**
**အသင်းဝင်နံပါတ်(၀၃၄၄)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ရွှေတောင်ကြား ၁လမ်း၊ အမှတ် ၉၀(ဘီ)နေ ဒေါ်စိုးစိုးအေးသည် ၁၂-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဒေါ်ချိုပို (ကော့မှူးမြို့)
**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်နေ (ဦးငယ်လေး-ဒေါ်ညွန့်တင်) တို့၏သမီး၊ (ဦးလှမောင်-ဒေါ်လှခင်) တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက် ၁/၂နေ (ဦးထွန်းရီ)၏ဇနီး၊ ဦးငွေလွင်-ဒေါ်သန်းသန်းအေး၊ ဦးဇော်မင်းထွန်း-ဒေါ်ကေသီစိုး၊ ဦးမျိုးအောင်ထွန်း-ဒေါ်ခင်ထက်ထက်ထွန်း၊ ဦးအောင်သန့်ဇင်-ဒေါ်ယဉ်ယဉ်ထွေးတို့၏မိခင်၊ မြေး ကိုးယောက်တို့၏အဘွားသည်၁၂-၂-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၂-၂၀၁၈ ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးကိုကိုလေး
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ လှည်းတန်းစင်တာ၊ အခန်း ၃၀၅နေ(ဦးထွန်းရွှေ-ဒေါ်ငွေမြိုင်)တို့၏သား၊ (ဦးသက်လွန်-ဒေါ်သန်း)တို့၏ သားသမက်၊ ဦးဟန်သော်ဇေ-ဒေါ်အိမ့်သဲအေး၊ ဦးကောင်းမြတ်သူ-ဒေါ်တင်ဇာရင်တို့၏ဖခင်၊ မမြတ်ဖူးပြည့်ဇင်၏ အဘိုး၊ ဒေါ်မြရီ၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၃-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ကပ္ပတိန်ဦးဘိုဘိုအောင်(ငြိမ်း) (ခ)ကိုတိုနီ (CDC-5769)
**(Raffless Shipping Co.,Ltd)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ် ၉၄နေ (ကပ္ပတိန် ဦးအောင်-ဒေါ်ရင်မေ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ အေဝမ်းလမ်း၊အမှတ်(၁၄၈) Z1 (A)နေ ဒေါ်အေးမိလှိုင်၏ချစ်လှစွာသော ခင်ပွန်း၊ မအိမွန်ရည်၏ဖခင်၊ ဦးကျော်ကျော်အောင်-ဒေါ်နီလာ၊ ဦးလှမြင့်-ဒေါ်ယုဇနအောင်၊ (ဦးတင်ထူးနိုင်)-ဒေါ်မော်မော်အောင်တို့၏မောင်၊ ဦးနေဝင်းအောင်-ဒေါ်မြင့်မြင့်ဝင်းတို့၏ အစ်ကိုသည် ၁၂-၂-၂၀၁၈ရက် နံနက် ၁၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊အေဝမ်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**နိုင်ငံတော်ဩဝါဒါစရိယ၊ ဒသမမဟာရင်ဂိုဏ်းချုပ်**
## ဘဒ္ဒန္တကုဏ္ဍဘာသ မဟာထေရ်
**သက်တော်(၁၀၀)၊ သိက္ခာတော်(၈၀)**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရှာလွတ်ကျေးရွာ၊ နိဂြောဓာရာမ (ညောင်ပင်)ကျောင်း၏ ဦးစီးပဓာနနာယက၊ ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်း၏ဒသမဂဏာဓိပတိ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍဘာသ မဟာထေရ်သည် (၁၃၇၉ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်) ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁၁ရက်) ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ညောင်ပင်ကျောင်းကွင်း၊ ရှာလွတ်ရွာ၊ ချောင်းဆုံမြို့နယ်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင် ကျင်းပရေးကော်မတီ

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်တင်မြင့်ရီ
**ရွှေလဝင်းဆေးလိပ်ခုံ(ညောင်ဦးမြို့)**
**အသက်(၉၅)နှစ်**

ဒေါ်ဒေါ်မြင့် အသက်(၉၅)နှစ် ရွှေလဝင်းဆေးလိပ်ခုံ(ညောင်ဦးမြို့)သည် ၁၀-၂-၂၀၁၈ရက်တွင် ညောင်ဦးမြို့နေအိမ်၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးဘုန်းမြင့်-ဒေါ်သိန်းသိန်း)**
**သမီး အေးအေးနှင့်**
**ညီအစ်ကိုမောင်နှမများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတွာတိုင်း(ခ)ဦးလှမောင်(တောင်ငူ) အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာလ္လာဝတီလမ်း၊ ၇မိုင်၊ အမှတ် (၁၆-အီး/၂)နေ ဒေါ်စမ်းရီ(အထက်တန်းပြ၊ ငြိမ်း၊ တောင်ငူ)၏ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်သူမြတ်-မစုသွယ်သန့်၊ ကိုသိန်းထိုက်-မမိုးသန္တာခိုင်၊ ကိုစည်သူမြတ်-မကြူကြူလှိုင်၊ ကိုလှဝင်း-မအေးသန္တာခိုင်၊မဆုဆုမွန်တို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၃-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ မရမ်းကုန်းမြို့နယ်၊ သာလ္လာဝတီလမ်း၊ ၇မိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတင်မောင်(ပုလောမြို့) အသက်(၉၂)နှစ်
**မော်ကွန်းဝင်အမှတ်(၅၂၆၄)၊ လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)**
**မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့(ဥက္ကဋ္ဌ)(ငြိမ်း)**
**မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့(ဥက္ကဋ္ဌ)(ငြိမ်း)**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့(၂)ရပ်ကွက်နေ(ဦးဖေရင်-ဒေါ်ငြိမ်း)တို့၏သား၊ (ဦးအူး-ဒေါ်ယွေ)တို့၏သားသမက်၊ (ဆရာမဒေါ်မြရီ)၏ခင်ပွန်း၊ (တပ်ကြပ်ကြီး/စာရေး ကျော်မြင့်၊ ငြိမ်း)-ဒေါ်ဝါကြည်၊ ဦးဝင်းမြင့်-ဒေါက်တာဇင်မာမြင့်၊ဦးတင်လှ-(ဒေါ်စန်းစန်းမြင့်)၊ဦးထွန်းမြင့်-ဒေါ်ဖြူဖြူအေး၊ ဦးစံဝင်း-ဒေါ်ယုယုလွင်၊ ဦးဝင်းဒင်-ဒေါ်ကြည်ကြည်၊ ဦးဝင်းသိန်း-ဒေါ်တင်တင်ယု၊ ဗိုလ်မှူးငွေအောင်(ငြိမ်း)-ဒေါ်တင်တင်ဝင်း၊ ဦးစန်းဦး-ဆရာမ ဒေါ်သန်းသန်းဆင့်၊ ဦးလှမျိုး-ဒေါ်အေးမီစိုးတို့၏ဖခင်၊ မြေး ၃၄ယောက်၊ မြစ် ၂၅ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၂-၂-၂၀၁၈ရက် ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန်၊ ပိဋကတ်သုံးပုံ**
**အလှူရှင်ဒါယကာကြီး**
## ဦးမျိုးသန့် (B.Sc , H.G.P) အသက်(၆၄)နှစ်
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အပတ်စဉ်-၁၂)(ငြိမ်း)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကိုကိုလေး-ဒေါ်အုန်းရှင်) တို့၏သား၊ စစ်ကိုင်းမြို့နေ(ဦးဘငြိမ်း-ဒေါ်သောင်းရင်)တို့၏သားသမက်၊ ဦးစိုးမြင့်(ဒါရိုက်တာ၊COS TOUR)-ဒေါ်သန်းသန်းဦး(မြန်မာ့လေကြောင်းရုံးချုပ်၊ ငြိမ်း)၊ ဦးတင်ထွန်း(ex-UN-Consultant) (စာရေးဆရာ ထွန်းတင်ထွန်း)-(ဒေါ်အေးအေးသန်း၊ သမဝါယမဦးစီးဌာန၊ ငြိမ်း)၊ (ဒေါ်ညွန့်ညွန့်ဆွေ)၊ ဦးသိန်းဇော်(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်မာလာသော်(ဆက်သွယ်ရေး၊ငြိမ်း)တို့၏မောင်/ညီ၊ ဦးဌေးလင်း(ဗဟိုသမဝါယမအသင်း၊ ဝန်ထမ်းဟောင်း)-ဒေါ်နီနီ(သမဝါယမဦးစီးဌာန၊ငြိမ်း)၊ ဦးအေးဝင်း(ဗဟိုစာရင်းရုံး၊ငြိမ်း)-ဒေါ်စန်းစန်းမေ(မြန်မာ့အမျိုးသားလေကြောင်း၊ မြိတ်မြို့)၊ ဦးမောင်မောင်ဌေး(ညွှန်ကြားရေးမှူး၊ သမဝါယမဦးစီးဌာန၊ ငြိမ်း)-ဒေါ်မြမြစိုး(ဦးစီးအရာရှိ၊ သင်္ဃန်းကျွန်းမြို့နယ်၊ သမဝါယမဦးစီးဌာန)၊ ဒေါ်ဆွေဆွေသိန်းတို့၏အစ်ကို၊ ဒေါ်ဇင်မာစိုး(Yangon Airways)၊ ဒေါ်ဓမ္မစာရီ(စိန်ရွှေကုန်း၊ မဟာစည်သာသနာ့ရိပ်သာ၊ ထောက်ကြန့်)၊ ဦးစည်သူစိုး(Myanmar Microfinance Bank)-ဒေါ်တင်တင်မိုး(KBZ Bank)၊ ဦးအောင်ထွန်းမြတ်၊ ဆန်နီအေးဝင်း(စတုတ္ထနှစ်၊ ရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်)၊ မစန္ဒာအေးဝင်း(တတိယနှစ်၊ နည်းပညာတက္ကသိုလ်၊သန်လျင်)၊ မောင်ရှိုင်းအောင်ထက်တို့၏ဦးလေး၊ စစ်ကိုင်းမြို့၊ နန်းတော်ရာမြောက်ပိုင်း၊ သုဓမ္မာလမ်း၊ အမှတ် ၄၈နေ ဒေါ်ကြင်ကြင်စိန်(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့) ၀၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် စစ်ကိုင်းမြို့ တင်းတိတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်များအား ကျန်ရစ်သူမိသားစုက အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးစိန်လင်း အသက်(၅၈)နှစ်
**E/E (CDC-52923), B.Sc (Phy), AGTI(E.P)**
**အထက(သုဝဏ္ဏ)ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ မီးဒုံး ၁လမ်း၊ တိုက် ၁၀၈၊ အခန်း ၆နေ (ဦးစိုးဝင်း၊ ဦးစီးအရာရှိ၊ ငြိမ်း၊ ပြည်တွင်းအခွန်)-ဒေါ်စောရီတို့၏သား၊(ဦးသက်ဦး)၏ညီ၊ဒေါ်အေးအေးသက်(B.A, Geography)၊ ဦးလွင်ဦး(ဒု-အကောက်ခွန်မှူး၊ ငြိမ်း)-ဒေါ်မာမာသိန်း(လ/ပြ ဆရာမ၊ ငြိမ်း)၊ ဦးမောင်မောင်ဦး(C/O Haisoon Shipping Co.,Ltd)-ဒေါ်ဌေးဌေးဝင်း(B.A, Geography)၊ ဦးရန်နိုင်မိုး(ဒု-အကောက်ခွန်မှူး၊ ငြိမ်း)၏အစ်ကို၊ မောင်လင်းမြတ်ဟိန်း(B.E, Mechanical)၏ဦးလေးသည် ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့) ည ၇း၂၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၀၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ငြိမ်းချမ်းရေးကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပ




ငြိမ်းချမ်းရေးကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ငြိမ်းချမ်းရေးကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ(NMSP)၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)တို့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၂ (MICC-II) ၌ ကျင်းပသည်။

**ငြိမ်းချမ်းရေးတံခါး အစဉ်အမြဲဖွင့်လှစ်ထား**

အခမ်းအနားတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အစိုးရသစ်လက်ထက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အဓိကအားဖြင့် ငြိမ်းချမ်းရေးကော်မရှင်ဟာ NCA လက်မှတ်မရေးထိုးရသေးတဲ့အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးတံခါးကို အစဉ်အမြဲ ဖွင့်လှစ်ထားပြီး တွေ့ဆုံဆွေးနွေးရေးကို ဖိတ်ခေါ် ထားတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့နိုင်ငံရေးစိတ်ရင်းစေတနာကို ကျွန်တော်တို့ ကော်မရှင်က အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒီကနေ့ လက်မှတ်ထိုးနိုင်တာဟာ နှစ်ဖွဲ့ပဲဆိုပေမယ့်လည်း ကျွန်တော်တို့ ၁၇ လကျော် ဆွေးနွေးညှိနှိုင်းခဲ့ရတာပါ။ UNFC ခေါင်းဆောင်တွေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တွေ့ဆုံပြီးနောက် ကျွန်တော်တို့ ကော်မရှင်ဟာ UNFC ကိုယ်စား နိုင်ငံရေးဆွေးနွေးမယ့် DPN နဲ့ ကြိမ်ဖန်များစွာ တွေ့ဆုံခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်တွေမှာလည်း Joint Ownership ရရှိအောင် DPN အဖွဲ့ဝင်တွေ ပါဝင်နိုင်အောင် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ သဘောသဘာဝအတိုင်းပါပဲ၊ ကျွန်တော်တို့ဟာ အပြင်းအထန် ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးခဲ့ကြပေမယ့် ရင်းနှီးမှုတွေ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့ပြီးနားလည်မှုနဲ့ ယုံကြည်မှုတွေတည်ဆောက်နိုင်ခဲ့ပါတယ်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ✻

◆ **အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် ဒီနေ့ လက်မှတ်ရေးထိုးပွဲမှာ မပါဝင်နိုင်သေးတဲ့အဖွဲ့တွေ အမြန်ဆုံးပါဝင်လာအောင်လည်း ကျွန်တော်တို့ ကော်မရှင်အနေနဲ့ အစွမ်းကုန် ဆက်လက်ကြိုးပမ်းသွားမှာဖြစ်**

◆ **အားလုံးက ငြိမ်းချမ်းရေးကို လိုလားတယ်၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်ချင်တယ်**

**မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးခြင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်း**

စာ » ၁၀

**ဖေဖော်ဝါရီလ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့တွင် NCA လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍**

ဆောင်းပါး စာ » ၁၁

# AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း ဘာလီယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေပိုင်းက စတင်ကျင်းပရာ ရန်ကုန်အသင်းအဝေးကွင်း၌ အနိုင်ရခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းမှာမူ အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သည်။

**တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ**

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ဟုမ်းယူနိုက်တက်(စင်ကာပူ)က ရှမ်းယူနိုက်တက်(မြန်မာ)ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင် အကောင်းဆုံးပုံစံ ပြသနိုင်ခြင်းမရှိသလို အဆုံးသတ်အားနည်းမှုကြောင့်လည်း အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဒဏ်ရာရနေသည့် နောက်ခံလူ ဟိန်းသီဟဇော်မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး *စာမျက်နှာ ၁၂ ကော်လံ ၁* ✻



ရှမ်းယူနိုက်တက်နှင့် ဟုမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ရွှေ ဂုဏ်ထူး မြန်မာစာ
မြန်မာစာ အတတ်သင်ကျောင်း
တရားဝင် အပ်နှံနိုင်ပြီ
• တစီစာကုံး အထူးတန်းများ • သဒ္ဒါ • (၈၊၉၊၁၀)သင်ရိုးကုန်
တစ်ခွဲစီသာ ပြီးလဲပြီးစေ ပိုင်လဲပိုင်စေသည်။
ကျွန်းမာရေး၊ အသိ၊ သတိ အရ
နှစ်တိုင်းထက် တန်းခွဲ ထက်ဝက်မျှသာ ဖွင့်လှစ်နိုင်ပါသည်။
• မတ်လ(၉)ရက် ဖွင့်မည်။
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၈၈(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။
ဖုန်း ၃၇၅၅၀၉၊ ၀၉ ၄၅၀၀၅၅၈၅၂၊ ၀၉၅၀ ၁၂၆၁၁

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှုသာ တစ်နေရာစာ မုချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံသားကောင်းဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ)တစ်ခုတွင် သင်ယူနိုင်သည်။
• နေ့တက် ဘော်ဒါ လက်ခံသည်၊ ကိုယ်တိုင်လာရောက် စုံစမ်းကြည့်ပါ။ ထူးခြား၍ ထူးချွန်ရမည်။
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ
ကျောင်းလိပ်စာ
• ခြံအမှတ် ၂၈ (A)+၂၈ (B)၊ဝေဇယန္တာလမ်းမကြီး၊ ဥတ္တရတံခွန်ရပ်၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀ ၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၁၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
• ဂုဏ်ထူးဦးသိန်းနိုင်
• ဆရာနေအုပ်(စိန်ပေါလ်)
• ဂုဏ်ထူးဦးအောင်ခိုင်
• ဒေါက်တာညီညီ(Ph.D)
• ပါမောက္ခ ဒေါက်တာထွန်းခင်
• ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
• ဆရာ ဇော်လင်းအောင်
• ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
• စိုင်းစိန်မြင့်အောင်

မြန်မာ့အလင်း
ယနေ့ရန်ကုန် Yangon Today
၁၃၇၉ ခုနှစ်၊ တပို့တွဲလကွယ်နေ့
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့အတွင်း ပေါ်ထွက်လာနိုင်မယ့်လျှောက်လမ်း

▌ဝေယံဦး









ဓာတ်ပုံ - ကေဇင်

ရန်ကုန်မြို့ဟာ အာရှမှာတော့ ရှေးဟောင်းမြို့ပြအဆောက်အအုံပေါများတဲ့ မြို့တစ်မြို့ဖြစ်တယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။ နှစ်ပေါင်းရာကျော် သက်တမ်းရှိတဲ့ အဆောက်အအုံတွေဟာ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်မှာ ယနေ့တိုင် မပျက်မယွင်း တည်ရှိနေတာကြောင့် ကမ္ဘာလှည့်ခရီးသွားတွေအတွက် လေ့လာကြည့်ရှုစရာအဖြစ် ဆွဲဆောင်မှုကောင်းကောင်းနဲ့ ရှိနေပါတယ်။ ဒါကြောင့် ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့က ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်တွေအတွက် ရွှေတိဂုံ၊ အလံပြဘုရား၊ ဆူးလေစေတီနဲ့ ဗိုလ်တထောင်စေတီတို့ကို ဆက်သွယ်သွားလာနိုင်မယ့် လျှောက်လမ်းတစ်ခု ဖော်ဆောင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြထားတယ်လို့ ဆိုပါတယ်။

တကယ်တော့ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်တစ်ခုလို ဖြစ်နေသလို ရှေးဟောင်းမြို့ပြအမွေအနှစ် အဆောက်အအုံတွေဟာ ခံ့ခံ့ထည်ထည်ရှိနေတာမို့ လူနဲ့ စက်ဘီးတွေ သွားလာနိုင်တဲ့ လျှောက်လမ်းစနစ်တစ်ခု ထွက်ပေါ်လာဖို့ဆိုတာ ကောင်းမွန်တဲ့ တင်ပြခြင်းပဲ ဖြစ်ပါတယ်။

## လျှောက်လမ်းစနစ်ဖော်ဆောင်

မြန်မာနိုင်ငံကို လာရောက်ကြတဲ့ ဧည့်သည်တွေဟာ အကြောင်းအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးနဲ့ ရှိကြပေမယ့် ရန်ကုန်မြို့ကိုတော့ ရောက်အောင်လာကြတဲ့ ဧည့်သည်တွေ များပြားပါတယ်။ မြန်မာနိုင်ငံမှာတော့ ရန်ကုန်မြို့ဟာ နိုင်ငံတကာစီးပွားရေးလုပ်ငန်းတွေ၊ ရင်းနှီး မြှုပ်နှံမှုတွေ၊ အတတ်ပညာ သင်ကြားမှုတွေစတဲ့ ကိစ္စရပ်နဲ့ မဖြစ်မနေ လာရောက်ကြရတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဒ့ါအပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဟာလည်း နိုင်ငံတကာက ဧည့်သည်တွေ လေကြောင်းခရီးစဉ်နဲ့ လာရောက်ကြရာမှာ အဓိကဝင်ပေါက်လေဆိပ်တစ်ခုအဖြစ် တည်ရှိနေတာမို့ အခုလို လျှောက်လမ်းစနစ် ဖောင်ဆောင်မှုကြောင့် ဧည့်သည်တွေအတွက် စိတ်ဝင်စားစရာ ခရီးစဉ်တစ်ခုအဖြစ် ထွက်ပေါ်လာမှာ သေချာပါတယ်။

အခုလို အဆိုပြုတင်ပြထားတဲ့ လျှောက်လမ်းဟာ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်မှ စတင်ပြီး ရွှေတိဂုံဘုရားလမ်းမှ အလံပြဘုရားဆီသို့ လျှောက်လမ်းရှိနေမှာဖြစ်သလို အဲဒီအလံပြဘုရားမှနေပြီး ဗိုလ်ရာညွန့်လမ်းနဲ့ ယောမင်းကြီးလမ်းကို ရောက်ရှိမှာ ဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းဈေးကို ဖြတ်သန်းကာ ရွှေဘုံသာလမ်းတစ်လျှောက် ရောက်ရှိလာမှာဖြစ်သလို ဆူးလေစေတီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ဘဏ်လမ်းအတိုင်း ဆက်တိုက်လာခဲ့ရင်တော့ ပန်းဆိုးတန်းအောက်လမ်း၊ ကမ်းနားလမ်းအတိုင်း ဗိုလ်တထောင်စေတီအထိ ရောက်ရှိပြီး လမ်းဆုံးမှာဖြစ်ပါတယ်။

## ဘေးကင်းလုံခြုံမှုရှိစေရေး

ဒီလျှောက်လမ်းကို လမ်းလျှောက်သွားလာသူတွေအတွက်ရော စက်ဘီးစီးနင်းသူတွေအတွက်ပါ ဘေးကင်းလုံခြုံမှုရှိစေရေး ဆောင်ရွက်ပေးမည်ဆိုလျှင် မြန်မာနိုင်ငံကို လာရောက်လေ့လာသူ ခရီးသည်များအတွက် ကျန်းမာရေးနဲ့ ဗဟုသုတလေ့လာမြင်ကွင်းတွေကို စိတ်အေးချမ်းသာစွာ လမ်းလျှောက်လေ့လာကြည့်ရှုငေးမောနိုင်ကြမှာ ဖြစ်ပါတယ်။

အခုလို သတ်မှတ်ထားတဲ့ လျှောက်လမ်းစနစ် ထွက်ပေါ်လာခဲ့မယ်ဆိုရင်တော့ ရန်ကုန်မြို့မှာသာမကဘဲ မြန်မာနိုင်ငံမှာပါ ထင်ရှားတန်ခိုးကြီးတဲ့ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်လေ့လာပြီးတာနဲ့ တောင်ဘက်မုခ်က စတင်ထွက်ခွာကာ ရွှေတိဂုံဘုရားလမ်းအတိုင်း လမ်းလျှောက် လာခဲ့ရင်တော့ အလံပြဘုရားကို ရောက်ရှိမှာဖြစ်ပါတယ်။ သမိုင်းဝင် အလံပြဘုရားကို ဖူးမြော်လေ့လာပြီးရင်တော့ ဗိုလ်ရာညွန့်လမ်းနဲ့ ယောမင်းကြီးလမ်းအနီးဝန်းကျင်ကို လေ့လာကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ မြန်မာဘုရင်များလက်ထက် ထင်ရှားခဲ့တဲ့ ယောမင်းကြီးရဲ့ ဘဝ ဖြစ်စဉ်နဲ့ နိုင်ငံအတွက် ကြိုးစားဆောင်ရွက်ခဲ့မှုတွေ၊ ကိုလိုနီနယ်ချဲ့လက်အောက် မြန်မာနိုင်ငံ ကျရောက်စဉ်မှာ နိုင်ငံအတွက် ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့တဲ့ ဗိုလ်ရာညွန့်တို့အကြောင်းတွေကို ပြန်သတိရစေသလို လမ်းပတ်ဝန်းကျင်ရဲ့ လူနေအဆောက်အအုံတွေနဲ့ နေထိုင်မှုဘဝတွေကိုလည်း လျှပ်တစ်ပြက် လေ့လာနိုင်မှာဖြစ်ပါတယ်။

## ရှေးခေတ်လက်ရာတွေနဲ့ ခင်းကျင်း

အဲဒီကမှတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းဈေးကို ဖြတ်သန်းတဲ့အခါ နာမည်ကျော် ဗိုလ်ချုပ်အောင်ဆန်းဈေး အဆောက်အအုံတည်ဆောက်ထားတဲ့ ရှေးခေတ်လက်ရာတွေနဲ့ ခင်းကျင်းရောင်းချနေတဲ့ အနေအထားကို လက်တွေ့ပါဝင် စီးမျောလေ့လာနိုင်မှာဖြစ်ပါ တယ်။ မြန်မာလက်မှုအဝတ်အထည်တွေ၊ ခေတ်မီအဝတ်အထည်အသုံးအဆောင်တွေအပြင် မြန်မာနိုင်ငံ ပန်းချီပညာရှင်များ ရုံးခန်းနဲ့ အောက်ထပ်မှာ ပြခန်းတွေရှိတာမို့ ပန်းချီပညာရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးနိုင်သလို ပြခန်းမှ ပန်းချီကားတွေကိုလည်း လေ့လာကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဈေးကထွက်လာရင်တော့ ရွှေဘုံသာလမ်းအတိုင်း ဆက်လက်လာခဲ့ရင် ရန်ကုန်မြို့တွင်းရဲ့ လမ်းစနစ်နဲ့ အိမ်ခြေတိုက်တာ အဆောက်အအုံတွေ၊ လမ်းဘေးဈေးဆိုင်ရောင်းချမှုတွေကို ကြည့်ရှုရင်း ကိုယ်နဲ့ အသုံးတည့်မယ့် ပစ္စည်းတွေကို ဈေးဆစ်ရင်း ဝယ်ယူလို့ ရနိုင်ပါတယ်။ ဘာသာရေးအဆောက်အအုံတွေနဲ့ ရှေးခေတ်လက်ရာ အဆောက်အအုံတွေကိုလည်း တွေ့မြင်နိုင်မှာဖြစ်ပြီး တစ်ချိန်က ရွှေဆိုင်တွေ ဟည်းထနေတဲ့ ရွှေဘုံသာလမ်းရဲ့ လက်ရှိအခြေအနေကိုလည်း တွေ့မြင်အကဲခတ်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

## ရန်ကုန်မြို့ရဲ့ အလယ်ဗဟိုအထိမ်းအမှတ်

အဲဒီလမ်းကနေပြီး ဆူးလေစေတီကို ဦးတည်လျှောက်လာခဲ့ရင်တော့ ထူးခြားတဲ့ ဗိသုကာလက်ရာတွေနဲ့ တည်ထားကိုးကွယ်ထားတဲ့ ဆူးလေစေတီကို တက်ရောက်ဖူးမြော်နိုင်မှာဖြစ်ပါတယ်။ ဆူးလေစေတီပတ်လမ်းမှာရှိတဲ့ ဆိုင်ခန်းတွေနဲ့ စေတီခြေရင်းပတ်လည် ကားလမ်းက ဝလုံးပုံသဏ္ဍာန်ပတ်ပြီး ဖောက်လုပ်ထားတာကလည်း ထူးခြားမှုတစ်ခုပါပဲ။ ရှေးခေတ်က ရန်ကုန်မြို့ရဲ့ အလယ်ဗဟို အထိမ်းအမှတ်အဖြစ် ဆူးလေစေတီကိုသာ ဦးတည်ခဲ့ကြောင်း သိရပါတယ်။

## လေ့လာကြည့်ရှုနိုင်

ဆူးလေစေတီအနီးမှာ ရှေးခေတ်လက်ရာတွေနဲ့ ၁၉၃၀ ပြည့်နှစ်ခန့်က တည်ဆောက်ခဲ့တဲ့ မြို့တော်ခန်းမအဆောက်အအုံ၊ ၁၉၁၀ ပြည့်နှစ်က တည်ဆောက်ခဲ့တဲ့ ရုံးကုမ္ပဏီအဆောက်အအုံတွေကို သွားရောက်လေ့လာ ကြည့်ရှုနိုင်ပါတယ်။ အဲ့ဒီကတစ်ဆင့် ပန်းဆိုးတန်းလမ်းကို ရောက်ရင်တော့ ပန်းဆိုးတန်းနဲ့ မဟာဗန္ဓုလလမ်းထောင့်မှာရှိတဲ့ ဗဟိုကြေးနန်းရုံး အဆောက်အအုံကို လေ့လာနိုင်သလို မဟာဗန္ဓုလပန်းခြံမှာလည်း ဝင်ရောက်ပြီး အပန်းဖြေနိုင်ပါတယ်။

**အချပ်ပို (ခ) သို့**



**ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေး လွှမ်းခြုံနိုင်ရန် ပြည်သူနှင့် ရဲတပ်ဖွဲ့ ဟန်ချက်ညီမည်ဆိုလျှင်**

အချပ်ပို (ခ)



**ရန်ကုန် တရုတ် နှစ်သစ်ကူးပွဲတော်အတွက် ကြိုတင်ပြင်ဆင်ကြပြီ**

အချပ်ပို (ဂ)

# ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေး ပြည်သူနှင့် ရဲတပ်ဖွဲ့ ဟန်ချက်ညီမည်ဆိုလျှင်

သတင်းဆောင်းပါး - သန်းထိုက်(လှိုင်သာယာ)

**ရန်ကုန်**တိုင်းဒေသကြီးအတွင်း ရပ်ရွာနေ ပြည်သူအခြေပြု Community Based Policing စီမံချက်ဖြင့် ပြည်သူများ တရားဥပဒေစိုးမိုးမှုအောက်တွင် စိတ်အေးချမ်းသာစွာ နေထိုင်သွားလာနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ၂၀၁၆ ခုနှစ် ဇွန် ၁၄ ရက်မှစတင်ကာ မြို့နယ် ၂၅ မြို့နယ်ကို စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ကိုကိုးကျွန်းမြို့နယ်မှအပ ကျန်ရှိသော မြို့နယ် ၁၉ မြို့နယ်ကိုလည်း တရားဥပဒေစိုးမိုးမှု လွှမ်းခြုံနိုင်ရန်နှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများဖြင့် မှုခင်းများကျဆင်းစေရန် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ရပ်ရွာအခြေပြုအဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာဆောင်ရွက်နေပြီဖြစ်သည်။ ထိုသို့ ထပ်မံတိုးချဲ့ဆောင်ရွက်မှုကို လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အထွေထွေအုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အခြေပြုအဖွဲ့များနှင့် ရပ်ကွက်ပြည်သူတို့ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြလျက်ရှိသည်။

ထပ်မံတိုးချဲ့ဆောင်ရွက်သောမြို့နယ် ၁၉ မြို့နယ်တွင် ပါဝင်သည့် ဗိုလ်တထောင်၊ ဒေါပုံ၊ ရန်ကင်းနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)ရှိ မြို့နယ်တို့မှ ရပ်ရွာအခြေပြုအဖွဲ့များကလည်း ညပိုင်းတွင် မိမိတို့ အသိစိတ်ဖြင့် မိမိရပ်ကွက်၊ လမ်းအတွင်း နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် မိသားစုလုံခြုံစိတ်ချစွာ နေထိုင်နိုင်ရန် ပြည်သူနှင့်အတူ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့တို့ဖြင့် ပူးပေါင်းလက်တွဲ၍ တရားဥပဒေစိုးမိုးရေးကို လုံခြုံရေးကဏ္ဍ အထူးသတိရှိစွာဖြင့် ဆောင်ရွက်နေကြသည်မှာ ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးမှုလွှမ်းခြုံနိုင်ရေး ဆောင်ရွက်မှုတို့၏ အားရဖွယ်မြင်ကွင်းတစ်ရပ်လည်း ဖြစ်သည်။

ဘိုကလေးဈေးနှင့် ကုန်သည်လမ်းထောင့်ရှိ ရပ်ရွာအခြေပြုအဖွဲ့မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူး အမျိုးသား၊ အမျိုးသမီးတို့ ရပ်ကွက်လုံခြုံရေးတာဝန်ကို ထမ်းဆောင်ကြလျက်ရှိသည်။ ည ၉ နာရီခွဲပြီဖြစ်သော်လည်း ကုန်သည်လမ်းပေါ်တွင် ယာဉ်နှင့် ခရီးသွားပြည်သူတို့ မပြတ်သေးဘဲ မြို့ပြမီးရောင်အောက်တွင် သွားလာလှုပ်ရှားနေဆဲ ဖြစ်သည်။ ထိုသို့ ခရီးသွားမပြတ်သောနေရာတွင် ရပ်ရွာအခြေပြုအဖွဲ့





လုံခြုံရေး ဆောင်ရွက်ခြင်းသည် ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးတစ်ဝိုက်၏ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ပြီး ဖြစ်စေလျက်ရှိသည်။ ထိုနည်းတူ ဗိုလ်တထောင် လင်းစဒေါင်းထိပ်တွင်လည်း အမှတ်(၁)(၂)(၃) ရပ်ကွက်လုံခြုံရေးအတွက် ရပ်ကွက်အခြေပြုအဖွဲ့ စောင့်လျက်ရှိသည်။ ကားလမ်းမကြီးပေါ်ဖြစ်သောကြောင့် လုယက်မှုများနှင့် မှုခင်းဖြစ်ပွားမှုကို အဆိုပါ ရပ်ကွက်အခြေပြုလုံခြုံရေးမှ ထိန်းချုပ်ထားနိုင်သော နေရာတစ်ခုအဖြစ် တွေ့ရသည်။

## မှုခင်းဖြစ်ပွားမှုကို ကြိုတင်ဟန့်တားနိုင်

ပုဇွန်တောင် အမှတ်(၃)ရပ်ကွက်နှင့် ညောင်တန်းအိမ်ရာအနီးရှိ အမှတ်(၅)ရပ်ကွက်ထိပ်တို့တွင် ရပ်ကွက်အခြေပြုလုံခြုံရေးအဖွဲ့များ ရပ်ကွက်နေပြည်သူတို့ လုံခြုံရေးအတွက် စောင့်ကြပ်လျက်ရှိသည်။ ညပိုင်းခရီးသွားလာမှုမပြတ်သော နေရာတို့တွင် ထိုသို့ လုံခြုံရေးဆောင်ရွက်ထားနိုင်ခြင်းသည် မှုခင်းဖြစ်ပွားမှုကို ကြိုတင်ဟန့်တားနိုင်ခြင်းပင်ဖြစ်သည်။ ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ်အတွင်း ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းကိုလည်းတွေ့ရသည်။ အမှုကြီးများ ဖြစ်ပွားနိုင်မှုကို ကြိုတင်ကွယ်ရာ၌ ယာဉ်များ ပိတ်ဆို့စစ်ဆေးခြင်းသည် ထိရောက်သော မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းဖြစ်၍ ပုံမှန်ဆောင်ရွက်နိုင်လျှင် တရားဥပဒေစိုးမိုးမှု၏ အသီးအပွင့်ကို ပို၍ခံစားရရှိစေမည်သာ ဖြစ်သည်။

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ အဆိုပါ ရပ်ကွက်အခြေပြုအဖွဲ့များ လုံခြုံရေးဆောင်ရွက်နေမှုကို အားပေးစကားပြောကြားပြီး ရဲနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ရန် ရဲတပ်ဖွဲ့အနေဖြင့် အသင့်ရှိနေကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အမှုကြီးများ ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းသည် ပြည်သူမှသတင်းပေးခြင်းဖြင့် ရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းသည်ပြည်သူနှင့်ရဲတပ်ဖွဲ့ လက်တွဲညီစွာ ဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်ကြောင်း ရပ်ကွက်အခြေပြုအဖွဲ့များနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံစည်ပြောကြားသည်။

## မှုခင်းကျဆင်းရေးကို ရေရှည်ဆောင်ရွက်

ရန်ကင်းမြို့နယ်အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၁)ရပ်ကွက်၊ အမှတ်(၁၂)ရပ်ကွက်တို့တွင်လည်း ရပ်ကွက်အခြေပြုအဖွဲ့တို့ အသီးသီးလုံခြုံရေးဆောင်ရွက်လျက်ရှိပြီး ရန်ကင်းမြို့နယ် အမှတ်(၂) မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ကလည်း "ရပ်ကွက်၊ မြို့နယ်လုံခြုံရေးကို အခုလို ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ဦးစီးပြီးတော့ ပြည်သူနဲ့လက်တွဲပြီး မှုခင်းကျဆင်းရေး ဆောင်ရွက်တာကို မြင်ရတာ ဝမ်းသာပီတိဖြစ်ရပါတယ်။ ပြည်သူတွေ လုံခြုံစိတ်ချစွာ အိပ်စက်အနားယူနိုင်ဖို့ဆိုတာ ကျွန်တော်တို့နဲ့ ရဲတပ်ဖွဲ့မှာ တာန်ရှိပါတယ်၊ တရားဥပဒေစိုးမိုးဖို့ဆိုရင် အားလုံးပူးပေါင်းဆောင်ရွက်မှ ရမှာပါ၊ ပြီးတော့ အခုလို မှုခင်းကျဆင်းရေးကို ရေရှည်ဆောင်ရွက်စေချင်တယ်၊ ပြည်သူပါမှလည်း အောင်မြင်မှာပါ၊ ဒါမှလည်း တရားဥပဒေစိုးမိုးရေးဆိုတာ အားလုံးကို လွှမ်းခြုံနိုင်မှာပါ"ဟု ပြောကြားသည်။

ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်ကလည်း "မြို့နယ်မှာ လူဦးရေ လေးသောင်းကျော်ရှိတဲ့အထဲမှာ တပ်ဖွဲ့ဝင်အင်အား ၆၀ နီးပါးနဲ့ မှုခင်းကျဆင်းရေးကို ဆောင်ရွက်နေပါတယ်၊ ပြည်သူကို အခြေပြုတဲ့ ရပ်ရွာအခြေပြုအဖွဲ့နဲ့ ပူးပေါင်းပြီး တရားဥပဒေကျဆင်းရေးကို ဆောင်ရွက်ခဲ့တာဆိုရင် သိသိသာသာ မှုခင်းတွေ ကျဆင်းခဲ့တာ ပြည်သူတွေအသိပါပဲ၊ မှုခင်းတွေ ထပ်မံမဖြစ်ပွားအောင်နဲ့ ဖြစ်ခဲ့ရင် ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားမယ်ဆိုရင် ဒုစရိုက်သမားတွေအတွက် နေရာမရှိတော့ပါဘူး၊ မှုခင်းကျဆင်းရေးဆိုတာ ပြည်သူပါဝင်မှလည်း ရမှာပါ၊ ထိထိရောက်ရောက် လက်တွဲပူးပေါင်းဆောင်ရွက်ဖို့ပဲ လိုပါတယ်၊ ရဲတပ်ဖွဲ့နဲ့ အခြေပြုဆက်သွယ်နိုင်အောင်လည်း ဖုန်းနံပါတ်တွေ အခြေပြုအဖွဲ့မှာ အသင့်ဆောင်ရွက်ပေးထားပြီးတော့ အချိန်မရွေးကူညီနိုင်အောင်လည်း တပ်ဖွဲ့ဝင်တွေကို အသင့်ရှိထားပါတယ်"ဟု ပြောကြားသည်။

ပုဇွန်တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်ကလည်း "မြို့နယ်က ဒေါင်းတောင် ဇရိယာဖြစ်တဲ့အတွက် အမှန်တကယ်လိုအပ်တဲ့နေရာတွေမှာ ရပ်ရွာအခြေပြုအဖွဲ့တွေကို ချထားဆောင်ရွက်ပါတယ်၊ မူးယစ်ရမ်းကားနဲ့ ခိုက်ရန်ဖြစ်ပွားမှုတွေက သိသိသာသာလျော့နည်းသွားတာ တွေ့ရပါတယ်၊ အမှတ်(၅)ရပ်ကွက် အောက်ပုဇွန်တောင်လမ်းဆိုရင်လည်း စက်လှေဆိပ်ဆင်းတဲ့လမ်းမှာ အခြေပြုအဖွဲ့ တစ်ဖွဲ့ထားတဲ့အတွက် ညပိုင်းလှေသမားတွေ မူးယစ်အော်ဟစ်ရမ်းကားမှုတွေ ကျဆင်းသွားပါပြီ၊ မှုခင်းကျဆင်းရေးဆိုတာ အားလုံးဟန်ချက်ညီဖို့လည်း လိုပါတယ်"ဟု ပြောသည်။

ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်ကလည်း "ပြည်သူနဲ့ ရဲတပ်ဖွဲ့ ဟန်ချက်ညီအောင် ဆောင်ရွက်ဖို့ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဘဝ လုံခြုံစွာနေထိုင်နိုင်ဖို့ဆိုတာ အသီးသီးတာဝန်ရှိကြပါတယ်၊ ရပ်ရွာအခြေပြုလုပ်ငန်းဆိုရင် ရန်ကင်းမြို့နယ်မှာ ဇန်နဝါရီ ၁၅ ရက်မှာ စတင်ခဲ့တာပါ၊ အခြားမြို့နယ်တွေ လုပ်နေချိန်မှာ ကျွန်တော်တို့မြို့နယ်လည်း လုပ်ချင်တဲ့ဆန္ဒရှိနေတာပါ။ အခုလို ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး ရပ်ကွက်လုံခြုံရေးကို ဆောင်ရွက်နိုင်တဲ့အတွက် ရပ်ကွက်ပြည်သူတွေလည် ဝမ်းသာနေကြပါတယ်၊ ယခင်က ပြည်သူနဲ့ ရဲတပ်ဖွဲ့ တွေ့ဖို့ဆိုတာမလွယ်ဘူး၊ အခု ညပိုင်းဆိုရင် ပြည်သူနဲ့ ရဲတပ်ဖွဲ့လုံခြုံရေး ဆောင်ရွက်နိုင်မှုရဲ့ရလဒ်အဖြစ် ဒုစရိုက်မှုကျူးလွန်မယ့်သူတွေ အရှိန်တန့်သွားစေတာအမှန်ပါ၊ ပြီးတော့ ရန်ကင်းမြို့နယ်ဟာ တရားဥပဒေစိုးမိုးရေး ကောင်းမွန်တဲ့ မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်၊ **အချပ်ပို(ဃ)သို့**

### ရန်ကုန်မြို့အတွင်း ပေါ်ထွက်လာနိုင်မယ့် လျှောက်လမ်း---မှ

ပန်းဆိုးတန်းလမ်းမှာ ရှေးခေတ်လက်ရာ အဆောက်အအုံ ဖြစ်တဲ့ ဗဟိုတရားရုံးကြီး ရှိနေသလို ပန်းဆိုးတန်းလမ်းနဲ့ ကမ်းနားလမ်းထောင့်မှာတော့ ဆိပ်ကမ်းအာဏာပိုင်ရုံး အဆောက်အအုံကြီးတည်ရှိနေပါတယ်။ ဒီအဆောက်အအုံတွေဟာ နှစ်ပေါင်းရာကျော်သက်တမ်းရှိနေတာမို့ ခရီးသွားတွေအတွက် စိတ်ဝင်စားစရာကောင်းနေမှာပါ။

ကမ်းနားလမ်းအတိုင်း လျှောက်လာခဲ့ရင်တော့ ၁၉၀၂ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ နာမည်ကြီး စထရင်းဟိုတယ်ရှိနေပြီး မြန်မာ့သမိုင်းမှာ ပါဝင်ခဲ့တဲ့ ဘုံဘေဘားမားကုန်သွယ်ရေးကော်ပိုရေးရှင်းအဆောက်အအုံလည်း ကမ်းနားလမ်းမှာ ရှိနေပါတယ်။ ဆက်လက်ပြီး လျှောက်ခဲ့ရင်တော့ ဗိုလ်တထောင်စေတီကို ရောက်ရှိပြီး ဖူးမြော်နိုင်မှာဖြစ်သလို ရန်ကုန်မြစ်ကမ်းမှ ရှုခင်းကိုလည်း မြင်တွေ့ခံစားနိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အဲဒီလျှောက်လမ်း ထွက်ပေါ်လာခဲ့မယ်ဆိုရင် လုံခြုံဘေးကင်းမှုကို ဦးစားပေးပြီး အကောင်အထည်ဖော်ခဲ့ပါက စားသောက်ဆိုင်တွေ၊ ပစ္စည်းရောင်းချမှုတွေ၊ စီးပွားရေးလုပ်ငန်းငယ်တွေ တစ်ဖက်တစ်လမ်းမှ ရောင်းအားမြင့်လာနိုင်သလို ခရီးသွားလုပ်ငန်းအတွက်လည်း အထောက်အကူပေးနိုင်မယ်လို့ ယုံကြည်နေတာတော့ အမှန်ပါပဲ။ ။

**ဖေဖော်ဝါရီ ၁၉ ရက်** သည် တရုတ်လူမျိုးတို့၏ နှစ်ဆန်းတစ်ရက် ဖြစ်သည်။ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် လသာမြို့နယ်အတွင်း (တရုတ်တန်းတစ်လျှောက်) ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။

တရုတ်အရောင်းအဝယ်ဆိုင်များ အများအပြားရှိရာ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းတစ်လျှောက်တွင် အဖွဲ့အကြီး၊ အငယ် အစုံစုံ တရုတ်နဂါးအဖွဲ့များက လိုက်လံကပြ ဆုတောင်းမှုများ ပြုလုပ်နေကြသည်ကို မြင်တွေ့လာရသည်။

တရုတ်နှစ်သစ်ကူးပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုအဖြစ် ဒုတိယအကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ တရုတ်ယူနန် အမျိုးသားအသင်း၊ တရုတ်ကုန်သည်ကြီးများအသင်း၊ ဖူကျန့်အမျိုးသားအသင်း၊ ကွမ်တုံတရုတ်ကုန်သည်ကြီးများအသင်းတို့က ပူးပေါင်းစီစဉ်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု

# ရန်ကုန် တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ကြိုတင်ပြင်ဆင်ကြပြီ

တင်ဝင်းလေး(ကြည့်မြင်တိုင်)






ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



## နှစ်သစ်ကူး ကုသိုလ်အနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၄ နာရီတွင် မြန်မာဘုန်းတော်ကြီး အပါး ၁၀၀၀၊ မြန်မာသီလရှင် အပါး ၅၀၀၊ တရုတ်ဘုန်းတော်ကြီးနှင့် သီလရှင် အပါး ၁၀၀ စုစုပေါင်း အပါး ၁၆၀၀ ကို အရှုဏ်ဆွမ်းများ ဆက်ကပ်၍ လှူဖွယ်ပစ္စည်းများလှူဒါန်းသွားမည်

ဆိုကြသည်။

ယခုနှစ်သည် ခွေးနှစ်ဖြစ်သည်ဟု လသာမြို့နယ်အတွင်း တရုတ်ရိုးရာပစ္စည်းများရောင်းသူ ဆိုင်ရှင်တစ်ဦးက ဆိုသည်။ ထို့အတွက် ချစ်စရာကောင်းသော ခွေးရုပ်ပုံစတစ်ကာများ အရောင်းသွက်လျက်ရှိနေသည်။ တရုတ်ရွှေဆိုင်အများစု၏ ဆိုင်ရှေ့အဝင်ဝမျက်နှာစာတွင် မင်္ဂလာယူ၍ ကပ်ထားကြသည်။

လသာမြို့နယ်အတွင်း လမ်းမတော်လမ်းနှင့် ရွှေတိဂုံဘုရားလမ်းအကြား မဟာဗန္ဓုလလမ်းတစ်လျှောက်တွင် တရုတ်နိုင်ငံလုပ် မီးပုံးအဝိုင်းအနီများ ချိတ်ဆွဲထားသည်မှာ လမ်းတစ်လျှောက်လုံး နီရဲလျက်ရှိနေသည်။ ယင်းမီးလုံးများမှာ တရုတ်နိုင်ငံက ထုတ်လုပ်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံသားများကိုယ်တိုင်လာရောက်အလှဆင်ချိတ်ဆွဲနေကြခြင်းဖြစ်သည်။ မီးပုံးများကို ဖေဖော်ဝါရီ ၁၄ ရက် (ယနေ့)မှ မတ် ၅ ရက်အထိ ညစဉ် လျှပ်စစ်မီးများ ထွန်းညှိသွားမည်ဟု ကျင်းပရေးတာဝန်ခံ ဦးအောင်လှက ပြောကြားခဲ့သည်။

အထူးသဖြင့် မဟာဗန္ဓုလလမ်းပေါ် လသာလမ်းထောင့်ရှိ ကွမ်ရင်မယ်တော် ဗုဒ္ဓဘာသာဘုရားကျောင်းရှေ့တွင် LED မီးလုံးများဖြင့် ပြုလုပ်ထားသည့် မီးအလှဒီဇိုင်းများဖြင့် အလှဆင်ချိတ်ဆွဲလျက်ရှိနေသည်ကို တွေ့ရသည်။ ယခုနှစ်မှ တပ်ဆင်သော ဒီဇိုင်းအသစ်ဟု ဘုရားကျောင်းတွင် လုပ်အားပေးနေသည့် ဦးဇော်ဝင်းက ပြောပြသည်။

၁၉ လမ်းနှင့် လမ်း ၂၀ ထိပ်ရှိ တရုတ်ရိုးရာပစ္စည်းမျိုးစုံ ရောင်းဝယ်သောဆိုင်များတွင် ဝယ်သူတို့ဖြင့် စည်ကားနေသကဲ့သို့ တရုတ်မုန့်ဘူးအရောင်းဆိုင်များလည်း စတင်ဖွင့်လှစ်ရောင်းချနေကြပြီဖြစ်သည်။

မဟာဗန္ဓုလလမ်းတစ်လျှောက် (တရုတ်တန်းနယ်မြေအတွင်း) တရုတ်နှစ်သစ်ကူးပွဲတော်အတွက် သုံး၊ လေးရက် ဆက်တိုက်ရောင်းချပေးခဲ့သော ကုန်စိမ်းနှင့် အခြားဈေးသည်များကို ယခုနှစ်တွင် ခင်းကျင်းရောင်းချခွင့်မပြုဟု ကွမ်ရင်မယ်တော်ဘုရားကျောင်းအတွင်း၌ တွေ့ရသော စည်ပင်ဝန်ထမ်းတစ်ဦးက ဆိုသည်။

ကျင်းပရေးတာဝန်ခံတစ်ဦးဖြစ်သည့် ဦးအောင်လှက "မီးပုံးအလုံး ၄၀၀၀ ကျော်လောက် တပ်ဆင်သွားမှာပါ၊ မုခ်ဦးအနေနဲ့ သိမ်ကြီးဈေးတံတားအနီးမှာ တစ်ခုနဲ့ လမ်းမတော်ထိပ်မှာတစ်ခု ဆောက်လုပ်သွားမှာပါ၊ အဲဒီမုခ်ဦးတွေကိုလည်း တရုတ်နိုင်ငံက အတတ်ပညာရှင်တွေက လာရောက်တပ်ဆင်ပေးသွားမှာပါ"ဟု ဆိုသည်။

ဌင်းကပင် နှစ်သစ်ကူးကုသိုလ်အနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၄ နာရီတွင် မြန်မာဘုန်းတော်ကြီး အပါး ၁၀၀၀၊ မြန်မာသီလရှင် အပါး ၅၀၀၊ တရုတ်ဘုန်းတော်ကြီးနှင့် သီလရှင် အပါး ၁၀၀ စုစုပေါင်း အပါး ၁၆၀၀ ကို အရှုဏ်ဆွမ်းများ ဆက်ကပ်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းသွားမည်ဟု ဆိုသည်။

အစဉ်အလာမပျက် တရုတ်ခြင်္သေ့နှင့် တရုတ်နဂါးအကအလှ ပြိုင်ပွဲကိုလည်း အထက်စဉ့်အိုးတန်းလမ်းမပေါ်တွင် ကျင်းပသွားမည်ဟု သိရသည်။ မြန်မာနိုင်ငံ ခြင်္သေ့၊ နဂါးအကအလှ ပြိုင်ပွဲကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမျိုးလွင်က "ဒီနှစ်က (၁၃) ကြိမ်မြောက်ပါ၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်၊ စာရင်းအရ ပြိုင်ပွဲဝင်အဖွဲ့ပေါင်း ၂၇ ဖွဲ့ရှိပါတယ်၊ ၁၇ ရက် ၊ ၁၈ ရက် ၊ ၁၉ ရက်မှာ ခြင်္သေ့ပတ်လည်ပြိုင်ပွဲဖြစ်ပြီး အမှတ်အများဆုံးရတဲ့အသင်း ခုနစ်သင်းကို ၂၀ ရက်မှာ ထပ်ပြိုင်ပြီး ပထမကနေ သတ္တမအထိ ဆုချီးမြှင့်သွားမှာပါ၊ ဆုကြေးအနေနဲ့ကတော့ ရရှိတဲ့ပံ့ပိုးမှုတွေပေါ် မူတည်ပြီး ချီးမြှင့်သွားမှာပါ"ဟု ရှင်းပြသည်။

နဂါးအလှအကပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်တွင် တစ်ရက်တည်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအားလုံးကို ညနေ ၆ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ။

**၂၀၁၇ လက်ကျန်ကားတင်သွင်း ကွန်ဆိုင်းမန့်စနစ်ဖြင့် တင်သွင်းနိုင်ရန်အတွက် စလစ်လိုအပ်ချက်ကြောင့် ရန်ကုန်စလစ်ဈေးနှုန်းမှာ ယခု သီတင်းပတ်အတွင်း ငွေကျပ် ၁၀ သိန်းမှ ၁၃ သိန်းအထိ မြင့်တက်လာခဲ့ပြီး စလစ်ဈေးမြင့်တက်ခြင်းနှင့်အတူ ကားဈေးကွက်အတွင်း ဈေးနှုန်းအလယ်အလတ် အင်ဂျင်ပါဝါနိမ့်ကားများ အရောင်းပြန်သွက်လာခဲ့ကြောင်း ဈေးကွက်အတွင်းက သိရှိရသည်။**




# စလစ်ဈေးအပြောင်းအလဲနဲ့အတူ အရောင်းပြန်လိုက်လာတဲ့ ရန်ကုန်ကားဈေးကွက်

● မင်းသော် ●

"အမြင့်ဈေးနဲ့ပဲ အရောင်းပြန်လိုက်လာတာကို တွေ့ရပါတယ်၊ အဓိကကတော့ စောစောက ဈေးတွေမြင့်တာရော၊ မူဝါဒပြောင်းလဲတာကြောင့် ဝယ်လက်တွေက စောင့်ကြည့်နေတဲ့သဘောပါ။ အခုက ဈေးကလည်း ပြန်မကျ၊ မူဝါဒသစ်နဲ့ တင်သွင်းဖို့ကျပြန်တော့လည်း ကားရွေးချယ်မှုက အခက်အခဲတွေ အများကြီးရှိနေသေးတော့ မလှုပ်ရဲကြဘူးလေ၊ အဲဒီတော့ ဝယ်လက်က မဖြစ်မနေဝယ်ချင်နေတဲ့အခါကျ အရောင်းအဝယ်ပြန်သွက်လာတဲ့သဘောပါ"ဟု ကားအရောင်းအဝယ်ပြုလုပ်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

စလစ်ဈေးနှုန်းများမှာ သက်တမ်း နှစ် ၂၀ ရှိ ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှု စလစ်အနေဖြင့် မူလ ၂၀၁၇ နှစ်ကုန်ပိုင်းတွင် ငွေကျပ် ၁၄၅ သိန်းအထိ ပေါက်ဈေးရှိခဲ့ပြီး ၂၀၁၈ နှစ်ဆန်းတွင် ငွေကျပ် သိန်း ၁၁၀မှ ၁၂၀ ကြားသာ ပေါက်ဈေးရှိခဲ့သည်။ ယခုအခါ နယ်လိုင်စင်ကားများအား ပြန်လည်အပ်နှံရာတွင် ရန်ကုန်လိုင်စင်ချထားမပေးမှုကြောင့် ရန်ကုန်အပ်ကားစလစ်များ ဈေးနှုန်းမြင့်မားလာခဲ့ပြီး ကွန်းဆိုင်းမန့်စနစ်ဖြင့် တင်သွင်းနိုင်ရန်အတွက်လည်း စလစ်လိုအပ်ချက်တို့ကြောင့် စလစ်ဈေးနှုန်းမှာ ယခုသီတင်းပတ်အတွင်း ငွေကျပ် သိန်း ၁၃၀ အထိ မြင့်တက်လာခဲ့ပြီး အရောင်းအဝယ်လည်း အားကောင်းလာခဲ့သည်ကို မြင်တွေ့ရသည်။ ရန်ကုန်လိုင်စင်နှင့် ကွာခြားစွာ နယ်လိုင်စင် စလစ်ဈေးနှုန်းများသည် ငွေကျပ် သိန်း ၁၀၀ အထိ ကျဆင်းသွားသည်ကိုလည်း မြင်တွေ့ရသည်။

ကားဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လာသည့် ကားများမှာ အများအားဖြင့် ဈေးနှုန်းသက်သာသည့် နံပါတ်နိမ့်ကားများဖြစ်ကြပြီး အင်ဂျင်ပါဝါ ၁၃၀၀ စီစီ၊ အင်ဂျင် ပါဝါ ၁၈၀၀ စီစီနှင့် ၂၀၀၀ စီစီ ဝန်းကျင် လက်သင့်စီးနင်းနေကြသည့် ကားများဖြစ်ကြောင်း ဈေးကွက်အတွင်းမှသိရှိရသည်။ "ကားအရောင်းအဝယ်က ပြန်ကောင်းတယ်လို့ ပြောရင်လည်း ရပါတယ်၊ ဒါပေမယ့် စိတ်ကြိုက်ကားရဖို့တော့ ခက်နေပါသေးတယ်၊ အများစုက ရောင်းတန်းတွေများတယ်၊ ဝယ်တဲ့အခါ သေသေချာချာ စိစစ်ဝယ်ယူကြဖို့တော့ လိုပါတယ်၊ ကျွန်တော့်မိတ်ဆွေတစ်ဦးဆိုရင် ကားက ဂျင်းထည့်ထားတာ၊ ဈေးကနည်းနည်းသက်သာတာနဲ့ ယူလိုက်တာ ပြန်ထုထားတဲ့ကား ဖြစ်နေတယ်၊ အခု နောက်ပိုင်းမှာ ဈေးကိုချည်း မကြည့်သင့်ဘူး၊ အထူးသဖြင့်တော့ အွန်လိုင်းကနေ အရောင်းအဝယ်လုပ်တာတွေပေါ့၊ သတိထားသင့်တယ်"ဟု ကားအရောင်းအဝယ်ပြုလုပ်သူ ကိုကြီးမြင့်က ပြောသည်။

ဘုရားဖူးရာသီ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် အကြမ်းခံဖိုးဝိုးကားများလည်း အမေးများနေပြီး အရောင်းအဝယ်အနည်းငယ် ရှိကြောင်း ဈေးကွက်အတွင်းက သိရသည်။ ထို့ပြင် မြို့တွင်းစီး အင်ဂျင်ပါဝါ ၆၆၀ စီစီနှင့် ၁၀၀၀ စီစီ အမျိုးအစားများလည်း အဝယ်လိုက်နေပြီး ရန်ကုန်လိုင်စင်ထက် ဈေးသက်သာသည့် နယ်လိုင်စင်ကားများကို နယ်ဝယ်လက်များ ပိုမိုစိတ်ဝင်စားကြသည်ကိုလည်း မြင်တွေ့ရသည်။

အရောင်းစင်တာများနှင့် ကားဝယ်ရောင်းလုပ်ကိုင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များမှာမူ ပုံမှန်ဝယ်လက်နှင့် ဆန့်ကျင်စွာဖြင့် လာမည့်ဧပြီလဆန်းတွင် စတင်ကျင့်သုံးရန်ရှိသည့် စီအိုအီးစနစ်ကို စောင့်ကြည့်ပြီးမှ အရောင်းအဝယ်ဈေးကွက်ကို လှုပ်ရှားလိုကြောင်း သိရှိရသည်။ လက်ရှိတွင် စီအိုအီးစနစ်ဖြင့် ရန်ကုန်လိုင်စင်ပေးမည်ဟု သိရှိရပြီး လက်ရှိတွင် မည်သည့်နိုင်ငံထုတ် မည်သည့် ကားအမျိုးအစားကို တင်သွင်းပါက ဈေးကွက်အတွင်း မည်မျှအဆင်ပြေနိုင်မည်၊ စားသုံးသူ ကြိုက်နှစ်သက်နိုင်မည်ကိုလည်း ကားတင်သွင်းမည့် စီးပွားရေးလုပ်ကိုင်သူများက ဟောကိန်းထုတ် တွက်ချက်သည့် အဆင့်တွင်သာရှိနေသေးသည်။

"ကားတွေက ဒူဘိုင်းကပဲ သွင်းရမလို၊ ဥရောပကိုပဲ တိုက်ရိုက်မှာရမလို ဖြစ်နေတယ်၊ ဈေးနှုန်းကိုပြန်တွက်ရင်လည်း ကားတင်သွင်းဖို့အတွက် ကုန်ကျစရိတ် စုစုပေါင်းဆိုရင် ငွေကျပ် သိန်း ၄၀၀ နဲ့အထက် ကားကောင်းတွေဆိုရင် ငွေကျပ် သိန်း ၁၀၀၀ အောက်ထစ်ဖြစ်နေတော့ သွင်းမယ့်သူတွေအတွက်လည်း ဝိဝါဒတွေ ဖြစ်နေရပါတယ်၊ တင်သွင်းရုံနဲ့လည်း မရဘူး၊ ကိုယ့်နိုင်ငံနဲ့လည်း ကိုက်ညီမလား၊ ပြင်ဆင်မှုအတွက်လည်း ထည့်စဉ်းစားရသေးတယ်၊ ဒါကြောင့် အားလုံး တာမထွက်ရဲကြသေးတာ"ဟု ကားတင်သွင်းရန် ရည်ရွယ်ထားသူ ဦးဝင်းနိုင်ကလည်း ပြောသည်။

ထို့ပြင် လုပ်ငန်းရှင်များစုပေါင်းဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် တင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်းကလည်း မော်တော်ကား တင်သွင်းရာတွင် ကောက်ခံသည့် အထူးကုန်စည်ခွန်ကို မူလဘဏ္ဍာရေးနှစ်နှုန်းထားအတိုင်းသာ ဆက်လက်ကောက်ခံပေးရန် အတွက် ပြည်တွင်းအခွန်များဦးစီးဌာနထံ တောင်းဆိုသွားရန် ပြင်ဆင်လျက်ရှိပြီး အထူးကုန်စည်ခွန်ကို ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်က ကောက်ခံခဲ့သည့် နှုန်းဖြစ်သော အင်ဂျင်ပါဝါ ၁၈၀၀ စီစီနှင့်အထက် မော်တော်ကားများအား အထူးကုန်စည်ခွန်အဖြစ် ၂၅ ရာခိုင်နှုန်း ကောက်ခံရန် တင်ပြသွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောကြားသည်။

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့်ဈေးနှုန်းများ**

| ယာဉ် အမျိုးအစား | Model | လိုင်စင် | အင်ဂျင် ပါဝါ | နေရာ | ဈေးနှုန်း ကျပ်သိန်း |
|---|---|---|---|---|---|
| Land Cruiser | 2012 | ရန်ကုန် | 4600cc | အပြင်ဈေး | ၂၀၀၀ |
| Alphard | 2007 | ရန်ကုန် | 3000cc | အပြင်ဈေး | ၇၄၀ |
| Wish | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၆၀ |
| Vanguard | 2012 | ရန်ကုန် | 2400cc | အပြင်ဈေး | ၇၂၀ |
| Mark X | 2006 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၉၀ |
| Yaris | 2015 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၄၀ |
| Crown | 2009 | ရန်ကုန် | 3000cc | အပြင်ဈေး | ၆၅၀ |
| Fit GK3 | 2013 | စတိ | 1300cc | အပြင်ဈေး | ၃၂၀ |
| Probox | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၁၃ |
| Suzuki carry truck | 2007 | ပဲခူး | 1300cc | အပြင်ဈေး | ၉၀ |




အချပ်ပို (ခ) မှ

ဒီမှာ တရားဥပဒေစိုးမိုးရေး ပိုပြီးလုပ်ဆောင်ရမယ့်နေရာတွေဖြစ်တဲ့ ရပ်ကွက်(၈)၊(၉)(၁၁)၊ ရပ်ကွက်(၁၂)နဲ့ တောင်ဥက္ကလာနဲ့ စပ်ကြားနယ်မြေတွေ၊ သဃ်န်းကျွန်းနဲ့ ထိစပ်နေတဲ့ ရပ်ကွက်(၁၆) စတဲ့ အဲ့ဒီနေရာတွေဟာ လုံခြုံရေးအတွက် အရေးကြီးတဲ့ နေရာတွေပါ၊ အခြားနေရာတွေထက်စာရင် လုံခြုံရေးပိုပြီးဆောင်ရွက်ရပါတယ်၊ ဒါဟာ ကြိုတင်ကာကွယ်မှုရဲ့ တရားဥပဒေစိုးမိုးမှုအပိုင်းပါပဲ၊ ကံဘဲ့ဘူတာရုံလမ်းဆိုရင် ညပိုင်း အလုပ်ပြန်ချိန်နဲ့ လူမပြတ်တဲ့ နေရာဖြစ်တာကြောင့် အခြေပြုအဖွဲ့တွေချထားပါတယ်၊ ပါရမီခုံးကျော်တံတားပေါ်မှာလည်း အရက်သေစာမူးယစ်သောက်စားတာတွေ၊ လုယက်မှုတွေရှိတတ်တာကြောင့် ရဲတပ်ဖွဲ့နဲ့ အခြေပြုအဖွဲ့တွေ စောင့်ကြည့်နေပါပြီ၊ မီးရထားလမ်းတစ်လျှောက်မှာလည်း ပျံကျနေထိုင်သူတွေရှိတာကြောင့် အခြေပြုအဖွဲ့တွေ စောင့်ကြပ်နိုင်တာဟာ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပနဲ့ မရမ်းကုန်းမြို့နယ်ကို ထိန်းချုပ်ပြီးသားဖြစ်ပါတယ်၊ ရပ်ကွက်ပြည်သူတွေကို ရဲစခန်း၊ မြို့နယ်မှူး၊ စခန်းမှူး၊ ထွေအုပ်ဖုန်းနံပါတ်တွေ ဖြန့်ဝေပြီး ဆက်သွယ်ရေးကွန်ရက်စနစ်ကို လုပ်ဆောင်ထားပါတယ်၊ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်၊ ထွေအုပ်၊ ရဲတပ်ဖွဲ့နဲ့ ပြည်သူကို အခြေခံတဲ့ အခြေပြုအဖွဲ့တွေ တစ်ဦးနဲ့တစ်ဦး အကြံဉာဏ်ရယူပြီး ပူးပေါင်းဆောင်ရွက်နိုင်မှုဟာ ဒီမြို့နယ်တစ်ခုတည်းသာမဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးရဲ့ ပြည်သူ့ဘဝလုံခြုံရေးဟာ ကောင်းမွန်နေမှာပါ"ဟု ပြောကြားသည်။

## အသစ်တည်ဆောက်ရန်ပြင်ဆင်

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ဗိုလ်တထောင်ရဲစခန်း၊ ရန်ကင်းရဲစခန်းတို့ကို စစ်ဆေးရာ အချုပ်ခန်းလုံခြုံရေးနှင့် လက်နက်တိုက်လုံခြုံရေးကိုလည်း ကြည့်ရှုစစ်ဆေး၍ ခေတ်စနစ်နှင့်အညီ တပ်ဆင်ထားသော လက်နက်ငယ်များနှင့် အကျွမ်းတဝင်ရှိစေရန် အမြဲမပြတ်လေ့ကျင့်နေရန်နှင့် လုံခြုံရေးသတိ အမြဲထားရှိရန်ကိုလည်း မှာကြားသည်။ ဗိုလ်တထောင်ရဲစခန်းနှင့် အိမ်ထောင်သည်လိုင်းခန်းများကိုလည်း အသစ်တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ရန်ကင်းမြို့နယ် အမှတ်(၁၂)ရပ်ကွက်မှ ရပ်ရွာအခြေပြုအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ရပ်မိရပ်ဖတစ်ဦးလည်းဖြစ်သော အသက် ၆၅ နှစ်ရှိ ဦးထွန်းလူကလည်း ယခုလို ရပ်ကွက်အတွင်း တရားဥပဒေစိုးမိုးရေးကို ပြည်သူများအနေဖြင့် ကိုယ်စီအသိဖြင့် တာဝန်ထမ်းဆောင်မှုအပေါ် ရဲတပ်ဖွဲ့မှ ပူးပေါင်းဆောင်ရွက်မှုကို အားရကျေနပ်ဝမ်းသာမိပါကြောင်း၊ တိုင်းရင်းသားမျိုးစုံရှိသော ဤရပ်ကွက်တွင် ယခုလို ရပ်ရွာအခြေပြုအဖွဲ့များ ထားရှိဆောင်ရွက်ခြင်းဖြင့် မှုခင်းဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ပြီဖြစ်ကြောင်းနှင့် ယခုလို ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးကိုယ်တိုင် အခြေပြုအဖွဲ့များနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ တရားဥပဒေစိုးမိုးမှုဆောင်ရွက်မှုအပေါ် ဆက်လက်လုပ်ဆောင်သွားနိုင်ရန်လည်း မျှော်လင့်ပါကြောင်း ပြောကြားသည်။

## အတိတ်နိမိတ်ကောင်းများ ဖော်ဆောင်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုကိုးကျွန်းမြို့နယ်မှအပ ကျန်ရှိသော မြို့နယ်များတွင် ရပ်ရွာအခြေပြုအဖွဲ့များ ဖွဲ့စည်း၍ ပြည်သူကိုဗဟိုပြုသော ရဲတပ်ဖွဲ့နှင့် ပြည်သူတို့ မှုခင်းကျဆင်းရေးနှင့် တရားဥပဒေကျဆင်းရေးကို အရှိန်မပြတ် ဆောင်ရွက်လျက်ရှိရာ ၄၃ မြို့နယ်တွင် ဆောင်ရွက်ရန် ကျန်ရှိသည့် ခရိုင်လေးခုမှ ၁၉ မြို့နယ်ကို ဇန်နဝါရီ ၁ ရက်ကစ၍ ပိုင်းလော့ပရော့ဂျက်ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။အရှေ့ပိုင်း ခရိုင်ငါးမြို့နယ်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ရန်ကင်း၊ ဒေါပုံ၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့တို့ကို လည်းကောင်း၊ အနောက်ပိုင်းခရိုင်ရှိ ကျောက်တံတား၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ ဒဂုံ၊ အလုံနှင့် ဆိပ်ကမ်းမြို့နယ်တို့ကို လည်းကောင်း၊ တောင်ပိုင်းခရိုင်အတွင်းရှိ ကျောက်တန်း၊ ကွမ်းခြံကုန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်တို့နှင့် မြောက်ပိုင်းခရိုင်အတွင်းရှိ လှည်းကူး၊ တိုက်ကြီးနှင့် မှော်ဘီမြို့နယ်တို့တွင် မှုခင်းကျဆင်းရေးနှင့် တရာဥပဒေစိုးမိုရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုခေတ်စနစ်နှင့်အညီ အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ပြည်တွင်း၏ တရားဥပဒေစိုးမိုးရေးသည် အထူးပင်အရေးပါလျက်ရှိသည်။ ဆက်လက်၍ မှုခင်းများကျဆင်းပြီး ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာအပန်းဖြေအနားယူနိုင်ရန် ရဲတပ်ဖွဲ့နှင့်အတူ ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ခြင်းဖြင့် အေးချမ်းသာယာပြည်မြန်မာဟူသော အတိတ်နိမိတ်ကောင်းများ ဖော်ဆောင်လျက် မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဟန်ချက်ညီညီ တွဲလက်ချီကြပါစို့ဟု ရေးသားလိုက်ရပါသည်။